
www.burmeseclassic.com
အပင်
ကျိုန်စာပြုပယ် ဒလှကျာရီ
www.burmeseclassic.com

www.burmeseclassic.com


အသင်

ကျိန်စာပြယ်ဒဏ္ဍာရီ

၂၀၁၄ခုနှစ်၊ ဧပြီလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၁၀၂၈၅)၊ စေတနာ Offset

အမှတ်(၉၆)၊ ပဒ္မမှာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅.၈၃

အသင်

ကျိန်စာပြယ်ဒဏ္ဍာရီ၊ အသင် ရန်ကုန်

စေတနာစာပေ၊ ၂၀၁၄

၂၆၄-စာ၊ ၅×၇

(၁) ကျိန်စာပြယ်ဒဏ္ဍာရီ




# အသင်



## ကျိန်စာပြယ် ဒဏ္ဍာရီ



စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အသင်၏လက်ရှိပြီးစာအုပ်များ

၁။ ညဏ်ရစ်ပတ်နှောင်ဖွဲ့တတ်သော
(လပ်ကီးဘောစ် ဗီဒီယိုမှဝယ်ယူပြီး)
၂။ မိုးပြောတဲ့နှင်းဆီပုံပြင်
(အောင်တိုင်းကျော် ဗီဒီယိုမှဝယ်ယူပြီး)
၃။ ဝိုင်ချိုချိုလေးတစ်ခွက်
(အောင်တိုင်းကျော် ဗီဒီယိုမှဝယ်ယူပြီး)
၄။ ကောင်းကင်ဘုံသို့တမ်းချင်းတစ်ပုဒ်
၅။ ကြင်ယာတော် ခခလေး
(အောင်တိုင်းကျော် ဗီဒီယိုမှဝယ်ယူပြီး)
၆။ ပန်းနုရောင်သင်္ကေတလေးရဲ့ အနားသတ်မှာ
(စိမ်းဝါနီ ဗီဒီယိုမှဝယ်ယူပြီး)
၇။ ရင်သို့ကြွေလင့်လတစ်စင်း
၈။ စံပယ်တစ်ခင်းပေးရန်ရှိသည်
(လပ်ကီးဘောစ် ဗီဒီယိုမှဝယ်ယူပြီး)
၉။ အကြင်နာတကယ်စစ်ရင်
၁၀။ အချစ်မှော်နှင်တဲ့ အမုန်းယဉ်
၁၁။ ချစ်သူလက်နဲ့ကောက်ယူခဲ့တဲ့အလွမ်းတစ်ပွင့်
၁၂။ လှည့်စားတတ်တဲ့ ကောင်မလေး
၁၃။ ရင်ထဲက ဇာဘီ

**ယခုလ**

၁၄။ ကျိန်စာပြယ်ဒဏ္ဍာရီ



## ( ၁ )

မျက်လုံးနှစ်လုံး ဖျတ်ခနဲ ဖွင့်လိုက်တာနဲ့ သူ့ခေါင်းထဲမှာ အချက်ပေးခေါင်းလောင်းသံ ထ,မြည်လာပြီး အကြောက်တရားတစ်ခုက သူ့တစ်ကိုယ်လုံး လွှမ်းခြုံသွားသည်။

"ဒီနေ့ တနင်္လာနေ့ပဲ"

အစွဲကြီးတာ မဟုတ်ပေမင့် တနင်္လာနေ့ဆိုတဲ့ နေ့တစ်နေ့က သူ့အတွက် ကံမကောင်းမှုတွေကို အမြဲလိုလို ဆောင်ကြဉ်းတတ်တာမို့ ဖြစ်နိုင်ရင် တနင်္လာနေ့ဆိုတဲ့ နေ့တစ်နေ့ကို ရက်သတ္တပတ်အတွင်းက သူ ဖယ်ထုတ်ပစ်လိုက်ချင်ပါသည်။

"သော်သော်ရေ ... မောင်လေး ... ထ,တော့လေ"



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖယ်မရတာ သိတာမို့ သူ သက်ပြင်းမောကြီး ချပြီး အိပ်ရာကမထချင်ထချင် ထ,လာခဲ့သည်။ အိပ်ရာဘေးစားပွဲပေါ် တင်ထားသည့် မျက်မှန်ကို ယူတပ်ပြီး အဝတ်ဗီရိုမှန်ရှေ့မှာ ခပ်ကြာကြာ ရပ်နေမိလိုက်သည်။

ပြီးမှ ရေချိုးခန်းထဲဝင် ရေမိုးချိုးပြီး ထမင်းစားခန်းဘက် ထွက်ခဲ့သည်။ မမြင်ရသေးတဲ့ ကံကြမ္မာဆိုးကို စိုးကြောက်မိ၍ တနလ်ာနေ့ဆို သူ တကယ် နေမထိ ထိုင်မသာပါ။

ထမင်းစားပွဲအုပ်ဆောင်း လှန်လိုက်တာနဲ့ ထမင်းကြော်နဲ့ အဆင်သင့်ဖျော်ပေးထားတဲ့ ကောဖီခွက်က သူ့ကိုစောင့်ကြိုနေကြသည်။

သူ ဘာကိုမှ မစဉ်းစားတော့ဘဲ ထိုင်ခုံတစ်လုံးဆွဲထိုင်ပြီး မနက်စာကို အပူအဝင်ကင်းကင်းနဲ့ စားသောက်လိုက်သည်။

"သော်သော်ရေ ... နင် အလုပ်လျှောက်ထားတဲ့ ကုမ္ပဏီက ဖုန်းလာတယ်၊ နင့်ဟန်းဖုန်းက ခေါ်မရလို့တဲ့"





မမငယ် လှမ်းအော်သံကြောင့် အိပ်ခန်းထဲမှာ ဖုန်းကျန်ခဲ့တာ သတိရသွားပြီး ကသောကမျောနဲ့ အိမ်ရှေ့ပြေးထွက်လာခဲ့သည်။

"ကိုသော်သော်စစ်နဲ့ ပြောချင်လို့ပါ"

"ဟုတ်ကဲ့ ... ကျွန်တော် သော်သော်စစ်ပါ"

"Future entertainment group ကပါ၊ ကိုသော်သော်စစ် graphic designer post လျှောက်ထားတာ ဒီနေ့ လူတွေ့လာဖို့ အဆင်ပြေမလားလို့ မေးကြည့်တာပါ"

"ဟုတ်ကဲ့ ... ကျွန်တော် လာခဲ့ဖြေပါ့မယ်၊ ဘယ်အချိန်လောက် လာရမလဲ မသိဘူး"

"ဆယ့်တစ်နာရီလောက်ဆို ဖြစ်မလား"

"ဟုတ်ကဲ့ ... ကျွန်တော် လာခဲ့ပါ့မယ်"

ဖုန်းချပြီးတော့ သော်သော်စစ် မျက်နှာမှာ အပြုံးတွေဝေနေသည်။ ပထမဦးဆုံးလျှောက်သည့် အလုပ်အတွက် မျှော်လင့်ချက်များစွာနဲ့ သူ တကယ်ကို စိတ်လှုပ်ရှားနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လဲ သော်သော်"

မေမေက ဘုရားရှိခိုးပြီး သူ့ အနားရောက်လာကာ သူ့အလုပ်ကိစ္စကို မေးလာသည်။

"ဒီနေ့ဆယ့်တစ်နာရီလောက် အင်တာဗျူးလာဖြေပါလို့ ပြောတယ် မေမေ၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ဒီနေ့ တနင်္လာနေ့လေ မေမေ"

"ဩော် ... ဟော် ... သားရယ်၊ အစွဲအလမ်းမကြီးစမ်းပါနဲ့"

ဒေါ်နီလာက သော်သော် စိတ်ချမ်းသာအောင်သာ ပြောလိုက်ရသည်။ ဖြစ်ခဲ့တဲ့ အဖြစ်သနစ်တွေက သော်သော် ကြောက်မယ်ဆိုလည်း ကြောက်လောက်သည် မဟုတ်လား။

"သားဘဝမှာ ထူးခြားတဲ့ အဖြစ်အပျက်တွေ တနင်္လာနေ့မှာ ဖြစ်တယ်လို့ပဲ သဘောထားပေါ့ သော်သော်၊ တစ်ခါတလေမှာ ဆိုးချင်ဆိုးမယ်၊ တစ်ခါတလေမှာ အခုလိုပဲ ကောင်းချင်ကောင်းမှာပေါ့"





သော်သော်က ခေါင်းခါရင်း ရယ်နေသည်။ တစ်ခါတလေမဟုတ်။

တနင်္လာနေ့မှာ သူ့ အမြဲတမ်း တစ်ခုခုကိုဖြစ်တာ။ နောက်ဆုံး ဘာမှ ဖြစ်စရာမရှိရင် မျက်လုံးထဲ အမှိုက်ဝင်တာ၊ ကိုယ့်လျှာကိုယ် ကိုက်မိတာတို့၊ ပစ္စည်းတစ်ခုခု လွှတ်ကျကွဲရှတာမျိုးတော့ ဖြစ်စမြဲပဲလေ။

"ဘာပဲဖြစ်ဖြစ် ကျွန်တော့်အတွက် မေမေ ဆုတောင်းပေးပါ"

"မေမေ ဆုတောင်းပေးမှာပါ သားရယ်၊ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်တယ်ဆိုတဲ့ စကား သားကြားဖူးတယ်မဟုတ်လား၊ ဒီလိုတွေ ဖြစ်နေတာ သား စိတ်စွဲနေတာကြောင့်လည်း ဖြစ်ချင်ဖြစ်နေမှာ၊ မေမေပြောတာ မယုံရင်ကြည့် သား အခုလျှောက်ထားတဲ့အလုပ် ရလိမ့်မယ်"

ဘွဲ့လက်မှတ်မူရင်းနဲ့ လိုအပ်မယ်ထင်ရတဲ့ certificate တွေကို သူ့ဘေးအိတ်အနက်ထဲ သေသေချာချာ ထည့်သို

www.burmeseclassic.com



လိုက်သည်။ အပြင်ထွက်ခါနီး ဘုရားလည်း သေချာရှိခိုးသည်။ အဆိုးများစွာ တနင်္လာတွေထဲက ရှားရှားပါးပါး တနင်္လာနေ့ကောင်းလေးတစ်ခု ဖြစ်ပါစေ။

○ ❦ ○





## ● ● ●
## ၄ ၂ ၇

မနက်မိုးမလင်းသေးဘူး အိမ်ရှေ့က အော်ဟစ်ဆဲဆိုသံကြောင့် ခွန်းချိုခ မျက်လုံး ဖျတ်ခနဲ ပွင့်သွားပြီး အိပ်ရာက ဝုန်းခနဲ ထ,ထိုင်လိုက်သည်။ သေသေချာချာ နားစိုက်ထောင်ကြည့်တော့ ဒေါ်ခင်အေးရဲ့အသံ။ ကြွေးတောင်းသံပေါ့။

"ခွန်း ... အိမ်ရှေ့မှာ ဟိုအဘွားကြီး သောင်းကျန်းနေတယ်၊ တော်ကြာနေ ငါတို့ ကျောင်းသွားရတော့မယ်၊ ဘယ်လိုလုပ်မလဲ ရှက်စရာကြီး၊ လမ်းထဲကလူတွေက ငါတို့ကို ဘယ်လိုကြည့်ကြမလဲ"

"ပြောစရာရှိရင် အိမ်ထဲဝင်ပြီး ပြောပါလား၊ အမေဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခုနကပဲ ဈေးသွားမလို့ လက်ဆွဲခြင်းကိုင်နေတာ၊ နောက် ဖေးမီးဖိုချောင်မှာ ရှိမှာပေါ့"

ညီအစ်မနှစ်ယောက်သား နောက်ဖေးဘက်ကို ကြည့်လိုက်တော့ အမေက သူမတို့ကို ကျောခိုင်းအနေထားနှင့် ငုတ်တုတ်ထိုင်နေသည်။

ဟိုတစ်ဖက်မှာ အမေ မျက်ရည်ကျနေမှာ သူမတို့ သွားမကြည့်လည်း သိနေပါသည်။

"ဟဲ့ ... သူများသောက်ကြွေးကို ယူပြီးရင် ပြန်ဆပ်ရတယ် ဟဲ့၊ တစ်နေ့ တစ်နေ့ မျက်နှာပေါ်ကို သကာရည်တွေရော၊ ပျားရည်တွေရော လောင်းချပြီး ဟိုနေ့မှယူပါ ဒီနေ့မှယူပါ ဆိုပြီး မျက်နှာချိုသွေးနေတာ သောက်ရှက်မရှိဘူးလား၊ ဟဲ့ ... မကြည်ပြာ၊ ယောက်ျားသေတဲ့ မုဆိုးမတိုင်းကို စာနာရမယ်ဆိုရင် ငါ မုဆိုးမဂေဟာပဲ ဖွင့်လိုက်တော့မယ် ဟေ့"

"တောက် ... ဒီအဘွားကြီးက ပိုပိုဆိုးလာပြီ"





ခွန်းချိုခ နှုတ်ခမ်းကို ဖိကိုက်ထားလိုက်သည်။ သူ့ အကြွေးကို အမေ မဆပ်နိုင်တာကြာပြီ။ တလောလေးက အမေ နေမကောင်းလို့ ထွက်နေကျ အသုပ်ဆိုင် မထွက်နိုင်သလို၊ ကော်လည်းမညှပ်နိုင်ခဲ့။ မမသွန်းရော ခွန်းပါ နှစ်ယောက်စလုံး ဆယ်တန်းရောက်နေပြီဆိုတော့ အမေ့ကို ဘာမှမညီမညီရရ မကူညီပေးနိုင်ခဲ့။ ဒီတော့ အတိုးပေါ် အတိုးတွေဆင့်ပြီး မူလချေးထားတဲ့ငွေ နှစ်ဆမက ပေးရမည့်ကိန်း ဆိုက်လာသည်။

"သမီးတို့ မျက်နှာသစ်ပြီး အဝတ်အစား လဲကြတော့၊ ကျောင်းသွားရတော့မယ်လေ"

အမေက မျက်ရည်သုတ်ပြီး ခွန်းတို့ညီအစ်မနှစ်ယောက်ကို လေသံတိုးတိုးနှင့် ပြောသည်။

"ဟိုမိန်းမကြီး ဒီလောက်သောင်းကျန်းနေတာ ဒီနေ့ ကျောင်း ဘယ်လိုသွားရတော့မှာလဲ၊ အမေ သိပ်စိတ်ဆင်းရဲမခံနဲ့၊ သမီး ကျောင်းဆက်မတက်တော့ဘူး၊ အမေနဲ့အတူ အလုပ်လုပ်တော့မယ်၊ ခွန်းပဲ တက်ပါစေ၊ သမီးတို့ သားအမိနှစ်ယောက် လုပ်အားနဲ့မှ သမီးတို့ အဆင်ပြေနိုင်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း သမီးကြီးရယ်၊ ဒီအတန်းအထိ ရောက်ပြီးမှ အမေ သမီးတို့ကို ကျူရှင်မထားနိုင်လို့တောင် အရှမ်းဝမ်းနည်းနေရတာ၊ ကျောင်းပါမထားနိုင်တော့တဲ့ ဘဝကို အမေ မရောက်ချင်ဘူး"

"ဒါပေမဲ့ အမေမှ မတတ်နိုင်တော့တာ၊ မနိုင်တဲ့ဝန်ကို ထမ်းရင် အမေ ပိုနစ်ဖို့ပဲရှိတယ်၊ အမေနစ်ရင် အမေ့ကို မှီခိုနေတဲ့ သမီးတို့တွေလည်း စုန်းစုန်းမြုပ်ပြီပေါ့ အမေ"

သွန်းက ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောလိုက်တဲ့စကားကြောင့် ဒေါ်ကြည်ပြာ ငိုသည်။ သွန်းလည်း ငိုသည်။ မငိုတာက ခွန်း တစ်ယောက်တည်း။

အိမ်ထဲကိုကြည့်ပြီး ပါးစပ်က ကရားရေလွှတ်သလို အထိနာစေသော စကားလုံးတို့ကို အော်ကြီးဟစ်ကျယ် ပြောနေတဲ့ မိန်းမကြီးကို စူးစူးဝါးဝါး စိုက်ကြည့်နေမိသည်။

"ဒီအဘွားကြီး ပါးစပ်က အသံမထွက်တော့ရင် တစ်လောကလုံး အေးချမ်းသွားမှာပဲ"





ခွန်းရဲ့နာကျင်မှု အထွတ်အထိပ် ရောက်နေသောစိတ်တို့က ထိုမိန်းမကြီး၏ ပါးစပ်ပေါ်သို့ တစ်စုတစ်စည်းတည်း ကျရောက်သွားချိန်ခဏ ထိုအဘွားကြီးလည်း အသံတိတ်သွားသည်။ သူ့လည်ပင်းကို သူကိုင်ပြီး ပြူးကျယ်သောမျက်ဝန်းတစ်စုံနှင့် အိမ်ထဲကို လှမ်းကြည့်နေတဲ့ ထိုအဘွားကြီးရဲ့ပုံစံကြောင့် ခွန်း အံ့သြသွားသည်။ မကြာပါ။ ထိုအဘွားကြီး ခွန်းတို့ အိမ်ရှေ့က နေ ဒရောသောပါး ထွက်သွားတော့သည်။ သူ ဘာများဖြစ်သွားလို့ပါလဲ။



www.burmeseclassic.com

www.burmeseclassic.com



# ၄ ၊ ၂

Future entertainment group company ထဲ ဝင်လိုက်တာနဲ့ reception မှာ ရပ်နေတဲ့ အမျိုးသမီးနှစ်ယောက်ကို သူ တွေ့လိုက်ရသည်။

"ကျွန်တော် သော်သော်စစ်ဝါ၊ gtaphic desinger လျှောက်ထားတာ၊ အင်တာဗျူးလာဖြေပါဆိုလို့"

သူ့ကိုကြည့်နေတဲ့ အမျိုးသမီးကို သူ ပြောနေရာမှနောက် receptionist တစ်ယောက်ဆီ အကြည့်အရောက် တစ်စုံတစ်ယောက်ကို အမှတ်ရသွားပြီး သူ့မျက်နှာတစ်ခုလုံး ရှိန်းခနဲ ပူထွက်သွားပြီး အိုးတိုးအမ်းတမ်း ဖြစ်သွားသည်။





သူ "ခွန်းချိုခ"ပဲ။ ခပ်တင်းတင်း စေ့ထားတဲ့ နှုတ်ခမ်းပါးလေးနဲ့ မိုက်တိမိုက်ကန်း သူမရုပ်ကလေးက အခုထက်ထိ တောင် မပြောင်းလဲသေးပါ။ သူ့ကိုတွေ့ရတဲ့အတွက် သူမပုံစံက အထူးတလည် အံ့ဩတဲ့ဟန်မပြ။

စိုလဲ့တောက်ပနေသော သူမမျက်ဝန်းတွေနဲ့ သူ ရင်မဆိုင်ရဲစွာ မျက်နှာလွှဲလိုက်မိသည်။

"ဒီကနေ တည့်တည့်လျှောက်သွားပြီး ညာဘက်ချိုးလိုက်ရင် MD ရုံးခန်းရှိတယ်၊ Boss ရှင့်ကို စောင့်နေပါတယ်၊ ဝင်သွားလိုက်ပါ"

"ခွန်းချိုခ"က လေသံပြတ်နှင့် ပြောပြီးတာနဲ့ ရှေ့မှာရှိတဲ့ဖုန်းကို နှိပ်နေသည်။ သူ့ရင်ထဲ လေးသွားသည်။ ဒီတနလ်ာကလည်း သူ့ကို ပုံစံတစ်မျိုးနှင့် ပြက်ရယ်ပြုလာသည် မဟုတ်လား။

အလာတုန်းက တက်ကြွနေတဲ့ သူ့ခြေလှမ်းတွေက "ခွန်းချိုခ"ကို တွေ့အပြီးမှာ နှေးတုံ့သွားတာ သူ့ကိုယ်သူ သတိထားမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



Future company ရဲ့ MD က အသက်လေးဆယ် စွန်းစွန်းသာရှိပြီး လူငယ်ဆန်သူ။ ဒီတော့ သူကလည်း ရှိန်မနေတော့ဘဲ မေးသမျှကို stress မရှိဘဲ သက်သောင့်သက်သာ ဖြေနိုင်ခဲ့သည်။

"မင်းရဲ့ personality ကို ကိုယ် သဘောကျပါတယ်။ document တွေ၊ certificate တွေကလည်း အားရစရာပါ။ ဒီတော့ မင်း မနက်ဖြန် အလုပ်စ,ဆင်းလိုက်လေ။ ထုံးစံအတိုင်း သုံးလကတော့ အစမ်းခန့်ပေါ့။ ဒီအတောအတွင်း မင်းအရည်အချင်းကို ကိုယ်စောင့်ကြည့်မယ်၊ permanent ဖြစ်ဖို့ကတော့ မင်းပေါ်မှာပဲ မူတည်တယ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်"

"အင်း ... ဒါဆို မင်း သွားလို့ရပါပြီ။ ကိုယ်လည်း သွားစရာတစ်ခု ရှိနေတယ်။ မင်းကို ချိန်းထားပြီးသား မဖျက်ချင်လို့ စောင့်နေတာ"

"ဟုတ်ကဲ့ ... ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ကောင်းပြီ"





အလုပ်ရတဲ့အတွက် သူ ပျော်ရမှာလား။ "ခွန်းချိုခ" နဲ့ ပြန်ဆုံရတဲ့အတွက် သူ စိတ်အနှောင့်အယှက် ဖြစ်ရမှာလား။ သူကိုယ်တိုင်တောင် မဝေခွဲတတ်။ ဘယ်လိုလဲ တနုလ်ရယ်။

reception ဘက်ကို ယောင်လို့တောင် လှည့်မကြည့်ဘဲ သုတ်သုတ် သုတ်သုတ်နဲ့ ထွက်သွားတဲ့ သော်သော်စစ် နောက်ကျောကိုကြည့်ပြီး ခွန်းချိုခ နှုတ်ခမ်းလေးက အပြုံးတစ်ခု လွှတ်ထွက်သွားသည်။

"နင် ငါ့ရှေ့ကို ပြန်ရောက်လာပြန်ပြီပေါ့ သော်သော်"

ဝါကျတိုလေးတစ်ကြောင်းကို ခွန်းချိုခ ရင်ထဲက တီးတိုးဆိုမိသည်။ တိုးတိုးလေးမှ တကယ့်တိုးတိုးလေးရယ်ပါ။

"အဲဒီတစ်ယောက်က အရမ်းမိုက်တယ်နော် ခွန်း"

မပွင့်တပွင့်အပြုံးနဲ့ ခွန်းချိုခ ခေါင်းညိတ်ထောက်ခံလိုက်သည်။ လွန်ခဲ့တဲ့ ခြောက်နှစ်၊ ဆယ်ကျော်သက်အရွယ်တုန်းက သော်သော်စစ်ဟာ နှုတ်ချိုချောမောပြီး လတ်ဆတ်တဲ့အပြုံးတွေနဲ့ တောက်ပနေတဲ့ ရင်ခုန်စရာ ကောင်လေးတစ်ယောက်ပါ။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၄

တိုက်ဆိုင်မှုတစ်ခုလို့ ထင်ထားခဲ့ပေမင့် တကယ်တမ်း ဒေါ်ခင်အေး တစ်ယောက် သူမတို့အိမ်ရှေ့မှာ လာသောင်းကျန်းရင်းနဲ့ အသံမထွက်တော့လို့ ဆေးခန်းပေါင်းစုံနေအောင် သွားရတယ်ဆိုတဲ့ သတင်းကြားရတဲ့အခါ သူ့အပေါ် သူမ နက်နက်ရှိုင်းရှိုင်း ဆန္ဒပြုခဲ့တာကို ပြန်တွေးမိပြီး သံသယများစွာဖြစ်ရပါသည်။

သူ ဒီလိုဖြစ်ရတာ ခွန်းကြောင့်များလား။

မဖြစ်နိုင်လောက်ပါ။ ခွန်းက ဘာမို့လို့ ဒီလောက် အစွမ်းထက်ရမှာလဲ။





"ခွန်း … ဒေါ်ခင်အေးကြီး တစ်ယောက် အခု ပယောဂဆရာနဲ့ သူ့ရောဂါကို ကုမယ်ကြားတယ်၊ သူစကားမပြောနိုင်တာ တစ်လနီးပါးတောင် ကြာပြီမဟုတ်လား၊ မဆီမဆိုင် ငါတို့ကိုတောင် ယိုးစွပ်လိုက်သေးတယ်၊ သူ ဒီလိုဖြစ်ရတာ ငါတို့ပြုစားလို့တဲ့"

"ဟင် … ခွန်းတို့လောက် ဘာသာတရား ကိုင်းရှိုင်းတာ ခွန်းတို့ပဲ၊ ကိုယ်သာ ငတ်ရင်ငတ်မယ်၊ ဘုရားဆွမ်းတော်နဲ့ ဘုန်းကြီးဆွမ်းလောင်းတာတော့ မပျက်မကွက် လုပ်ကြတာ လူတိုင်းအသိ၊ လူတိုင်းအမြင်ပဲ"

"အေးလေ … ဘာပဲဖြစ်ဖြစ် သူက ကိုယ်မရှိတဲ့အချိန်မှာ အတိုးယူတယ်ပဲပြောပြော ထုတ်ချေးခဲ့တာပဲလေ၊ သမီးတို့လည်း သူ့ကို စိတ်မကွက်ကြဘဲ မေတ္တာပို့ပေးကြပါ၊ အမေလည်း သူ့ကို အချိန်ရှိသရွေ့ မေတ္တာပို့ပေးနေပါတယ်၊ အခု အမေ သူ့အကြွေးဆပ်ချင်တာတောင် သူ့ဆီသွားဖို့ မဝံ့မရဲဘူး ဖြစ်နေရတယ်"



www.burmeseclassic.com

www.burmeseclassic.com



အမေရဲ့စကားကြောင့် ခွန်း တွေသွားသည်။ အကယ်၍ အမေပြောသလို ခွန်း သူ့အပေါ် စိတ်မကွက်တော့ဘဲ မေတ္တာပို့ကြည့်လိုက်ရင် သူများ ပြန်ကောင်းလာမလား၊ သူ ပြန်ကောင်းခဲ့မယ်ဆိုရင် ...။ ဘာပဲဖြစ်ဖြစ် စမ်းကြည့်ဖို့ ခွန်းဆုံးဖြတ်လိုက်သည်။

အဲဒီညက ညဥ့်နက်တဲ့အထိ ခွန်း စာကျက်ပြီး လူခြေတိတ်ချိန်မှာ ခွန်း တစ်ယောက်တည်း အာရုံမှန်သမျှကို စုစည်းပြီး ဒေါ်ခင်အေးကိုမှန်းပြီး မေတ္တာပို့လိုက်မိသည်။ ခွန်း အာရုံမှာ ဒေါ်ခင်အေးရဲ့ ရယ်မောစကားပြောဟန်၊ သွားလာလှုပ်ရှားဟန်တွေကို ပြက်ပြက်ထင် တွေ့နေရသည်။

အားလုံးပြီးစီးချိန်မှာ ညတစ်နာရီတောင် ကျော်ပြီ။ ကိုယ်ထင်တာ ကိုယ်လုပ်ပြီးတော့မှ ခွန်း တစ်ယောက်တည်း ကျိတ်ရယ်မိသည်။ တော်တော်ကြောင်တဲ့ ခွန်းချိုခပဲနော်။ အင်းလေ ... ဘာပဲဖြစ်ဖြစ် လူတစ်ယောက်ကို မေတ္တာပို့တယ်ဆိုတာ ကောင်းတဲ့လုပ်ရပ်ပါ။ ခွန်းရဲ့လုပ်ရပ်က အကျိုးမဲ့လောက်ပါဘူး။





"ခွန်းရေ ... ခဏထ,ပြီး အိမ်တံခါး ဂျက်လာထိုး၊ မမတို့ ဈေးထွက်တော့မယ်၊ ပြီးမှပြန်အိပ်၊ ထ,စမ်းပါ၊ ဒီကောင်မလေး ညက ဘယ်အချိန်အထိ စာကြည့်နေတယ် မသိဘူး"

ခွန်းချိုခက ပြောင်အိစင်းနေသော ဆံပင်လေးတွေကို မျက်နှာပေါ်က ဆွဲဖယ်သပ်လိုက်ရင်း မထချင်ထချင်နှင့် ထ,လာသည်။ သောကြာနဲ့ စနေနဲ့က ခွန်းရဲ့ အဓိက စာကြည့်ချိန် နှစ်ရက်လေ။ အဲဒီနှစ်ရက်ဆို စာကို ညဥ့်နက်ခံပြီး ခွန်း ကြည့်သည်။ ကျူရှင်မတက်နိုင်တာမို့ ကျောင်းကပေးတဲ့ note လေးတွေနဲ့ အထူးထုတ်စာအုပ်တွေနဲ့ ကိုယ့်ဘာသာကိုယ်ပဲ self-study လုပ်ရသည်လေ။

အမေတို့ထွက်သွားပြီး ခွန်း တစ်နာရီကျော်လောက် ပြန်အိပ်ပစ်လိုက်သည်။ ပြီးတော့ ထုံးစံအတိုင်းထ,ပြီး အိမ်နောက်ဖေးမီးဖိုချောင်မှာ အမေ ဝယ်ထားနှင့်တဲ့ ဟင်းချက်စရာတို့ကို သွက်သွက်လက်လက် ချက်ပြုတ်လိုက်သည်။ ကိုးနာရီလောက်ဆို အိမ်ရှေ့ကို ရပ်ဆွမ်းကိုယ်တော် ကြွမည်။ ဒီမတိုင်ခင် ဘုရားဆွမ်းတော် အမီကပ်ရမည်မို့ မျက်နှာတောင် မသစ်နိုင်သေးခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ရှစ်နာရီခွဲလောက် အားလုံးကျက်သွားပြီ ဆိုတာနဲ့ ခွန်း မျက်နှာကို ကပျာကယာပြေးသစ်ပြီး ဘုရားဆွမ်းတော်ကပ်သည်။ ပြီးတော့ စတီးဇလုံနဲ့ ထမင်းခူးပြီး စတီးခွက်လေးထဲ ဟင်းထည့်ကာ ရုပ်ဆွမ်းကိုယ်တော် ကြွလာမည်ကို အိမ်ရှေ့ သံဆန်ခါပေါက်ကနေ စောင့်မျှော်နေမိသည်။

"ဟင်"

အိမ်ရှေ့ကနေ ဖြတ်သွားတဲ့ ဒေါ်ခင်အေးကို အတွေ့မှာ ခွန်းပါးစပ်ဖျားက အံ့ဩမှုကြောင့် အာမေဍိတ်တစ်ခု လူးလွန့်ထွက်ကျလာသည်။ ရယ်ရယ်မောမော ပြောပြောဆိုဆိုနဲ့ ဒေါ်ခင်အေး တစ်ယောက် အိမ်ဘက်ကို မသိမသာ မျက်စိဖွေကြည့်သွားတာ ခွန်း တွေ့လိုက်ရပါသည်။ သူ့ပုံစံက ရန်လိုဟန်လည်းမရှိ။

"ငါ ညတိုင်း အာရုံစုစည်းပြီး သူ့ကို မေတ္တာပို့လိုက်မိလို့လား၊ ဟင်း ဟင်း ဟင်း ... ရှုးလည်းရှုးတဲ့ ခွန်းချိုခ"

ဒီအဖြစ်အပျက်ကို ခွန်းချိုခကတော့ တိုက်ဆိုင်မှုတစ်ရပ်လို့သာ မှတ်ယူလိုက်ပါသည်။ ဒါပေမဲ့ ဒေါ်ခင်အေးက





တော့ ထူးထူးခြားခြား ပြောင်းလဲသွားပါသည်။ သူမပါးစပ်က ဘယ်သောအခါမှ ကြမ်းတမ်းသောစကားတို့ကို မကြားရတော့ပါ။ ဘယ်လိုသံဝေဂတွေ ရသွားလို့ ပြောင်းလဲသွားသည်တော့မသိ။

○❦○



www.burmeseclassic.com

www.burmeseclassic.com



## ၄ ၅ ၁

အစိမ်းပုပ်ရောင်ကုတ်အင်္ကျီနဲ့ အစိမ်းပုပ်ရောင်ဒူး သာသာ စကတ်တိုလေးက Future company က ဝန်ထမ်းမလေး တွေရဲ့ uinform ။ ဘေးခွဲရှေ့ဆံပင်နဲ့ နောက်ဆံပင်တညီတည်း ခါးအထိရှည်တဲ့ နက်ပြောင်အိစင်းနေတဲ့ ဆံကေသာတွေကို ခွန်းချိုခ လက်ဖြင့်သိမ်းယူပြီး အပေါ်ကိုမြှင့်တင်လို့ ခေါင်းစည်းကြိုးကွင်း လေးတစ်ခုနဲ့ စုချည်လိုက်သည်။ ဒီတော့မှ သွယ်လျတဲ့ သူမ မျက်နှာလေးက လင်းထွက်လာသည်။

မှန်တံခါးကို တွန်းဖွင့်ဝင်လာတဲ့ သော်သော်စစ်ကို အတွေ့ ခွန်းမျက်နှာကို အာသာလွှဲလိုက်မိသည်။ သူ့အတွက်ကျတဲ့





ခွန်းမျက်ရည် အခုထက်ထိ မတိတ်သေးပေမယ့် သူ့မျက်လုံးထဲ မှာတော့ ခွန်းကိုတွေ့လိုက်ရလို့ စိတ်ရှုပ်သွားဟန်တွေက အထင်း သားပဲလေ။

"ခွန်း အခုမှ ငါတို့ကုမ္ပဏီက ပုံအသက်ဝင်သွားသလိုပဲ။ ဘာပဲဖြစ်ဖြစ် ပျင်းတော့မပျင်းရတော့ဘူးပေါ့ဟာ၊ ရင်ခုန် ချင်စရာ အိပ်မက်တစ်ခု ရှိလာပြီ မဟုတ်လား"

ခွန်းတို့အနားက ဖြတ်သွားတဲ့ သူ့ဆီက လတ်ဆတ် တဲ့ ရေချိုးဆပ်ပြာရနံ့တစ်ခုကို ရလိုက်ပါသည်။ အတိတ်တစ်ချိန် ကို လွမ်းလုလုဖြစ်လာတဲ့ စိတ်တို့ကို ခွန်း မနည်းကြီးထိန်းချုပ် လိုက်ရသည်။

"လူတိုင်းမက်တဲ့ အိပ်မက်ဆိုတာမျိုးဟာ လွယ်လွယ်နဲ့ အကောင်အထည် မပေါ်တတ်ပါဘူး"

"နင့်လေသံထဲမှာ စိတ်ခါတ်ကျတဲ့ ခံစားချက်တွေ ပါနေ သလိုပဲ၊ ငါ မယုံနိုင်ဘူး၊ ငါသိခဲ့တဲ့ ခွန်းချိုခက ဒီလို မိန်းမမျိုးမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



ခွန်းချိုက မေသူ့အပြောကို ဘာဆင်ခြေမှ ပြန်မပေးဘဲ ပေါ့ပေါ့ပါးပါးလေး ရယ်နေသည်။ မေသူကတော့ ခွန်းနဲ့စတွေ့တဲ့ တစ်နေ့ကို ပြန်အမှတ်ရမိလိုက်သည်။ လွန်ခဲ့တဲ့ ခြောက်လ ဒီကုမ္ပဏီမှာ receptionist ရာထူး လာလျှောက်တုန်းက ခွန်းနဲ့ သူမ စတွေ့ခဲ့တာ။ ခေါ်တာက သုံးယောက်။ လာလျှောက်တာက အယောက်ငါးဆယ်ပင် ရှိမတတ်မို့ သူမ အားငယ်မိသည်။

"ဘာတွေမေးမလဲ မသိဘူးနော်၊ လာလျှောက်တဲ့ လူတွေကလည်း အများကြီးပဲ"

စိတ်လှုပ်ရှားပုံ တစ်စက်မှမရှိတဲ့ ဘေးနားက ကောင်မလေးတစ်ယောက်ကို မေသူက စကားမရှိ စကားရှာ မိတ်ဖွဲ့လိုက်သည်။

"မေးချင်တာ မေးမှာပေါ့၊ နင် ဒီအလုပ် ရချင်လို့လား"

"ရချင်လို့ လာလျှောက်တာပေါ့"

"ယုံကြည်ချက် ခိုင်ခိုင်မာမာ ထားလိုက်လေ၊ အဲဒါဆို နင် ဒီအလုပ်ရမှာ ကျိန်းသေတယ်"





သူ့ကိုကြည့်လာတဲ့ သူ့ရဲ့မျက်ဝန်းလေးတွေက ထူးထူးခြားခြား တောက်ပလွန်းတာ သူမ သတိပြုမိလိုက်ပါသည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ပြင်းထန်လွန်းတဲ့ ခပ်ဂေါက်ဂေါက် ကောင်မလေးတစ်ယောက်လို့ ပထမတော့ သူမ ထင်ခဲ့ပါသည်။

"ဘာလဲ မယုံလို့လား၊ ဒီအလုပ်ရဖို့ နင်သာ စိတ်ညွှတ်ထားလိုက်ပါ၊ နင် ဒီအလုပ် ရကိုရစေရမယ်"

မေသူ အတွေးက ပြန်နိုးထ,လာပြီး ခွန်းချိုကို ရယ်ကျဲကျဲ ကြည့်လိုက်ရင်းက ...

"နင်နဲ့ငါ ပထမဆုံး စ,တွေ့တဲ့ နေ့တုန်းက နင်ပြောသလို ယုံကြည်ချက် ခိုင်ခိုင်မာမာ ထားခဲ့ရင်ရော သော်သော်စစ်ဆိုတဲ့ ဘဲချောချောလေးရဲ့ အသည်းနှလုံးကို မရနိုင်ဘူးလား ခွန်း"

"ရနိုင်ပါတယ်၊ ဒါပေမဲ့ ကြာရှည်ပိုင်ဆိုင်ဖို့ဆိုတာ နင့်ရဲ့ will power ပေါ်မှာ မူတည်တယ်၊ နင့်မှာလုံလောက်တဲ့ စွမ်းအား မရှိဘူးဆိုရင် သူနဲ့ဝေးရာကို လွင့်ထွက်သွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင်ပြောတာ ငါ နားမလည်ဘူး ခွန်း"

မေသူ တကယ်လည်း နားမလည်ပါ။

ခွန်းကတော့ ဘာမှ ထပ်ရှင်းပြမနေတော့ဘဲ ကြော်ငြာအပ်ဖို့ appointment ယူ ထားတဲ့ စာရင်းတွေကို လှန်လှောကြည့်နေလိုက်သည်။

"နင့်မှာ သူများနဲ့မတူတဲ့ ပင်ကိုစွမ်းရည်တွေ ရှိတယ်ဆိုတာ ငါသိတယ် ခွန်း၊ နင်ရော နင့်ရဲ့ willpower နဲ့ သော်သော်စစ်ရဲ့အချစ်ကို မရယူနိုင်ဘူးလား"

ခွန်းချို ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်သည်။

"ငါ့မှာ ဘယ်လောက် အစွမ်းတွေရှိရှိ အချစ်ဆိုတာ ဘောင်ခတ်ထားလို့ မရသလို ထိန်းချုပ်ဖို့လည်း တော်တော်ခက်တဲ့အရာပါ၊ လူတစ်ယောက်ဆီကအချစ် ကိုယ့်ဆီမှာ အမြဲတည်မြဲနေအောင် ဘယ်အရာကမှ လုပ်နိုင်စွမ်းရှိမယ် မထင်ဘူး"





မေသူ ပါးစပ်ပိတ်လိုက်သည်။ ခွန်းချိုခနဲ့ စကားဆက်ပြောနေရင် သူမ ရှုံးဖို့သာရှိတော့သည်။ ဘာအဓိပ္ပာယ်တွေနဲ့ ပြောနေမှန်း မသိ၍လေ။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၄ - ၆ - ၁

သစ်ရွက်လေး လှုပ်ခတ်တာတောင် ရယ်တတ်တဲ့ ဆယ်ကျော်သက်အရွယ်ရဲ့ နှလုံးသားဟာ ဘာအရောင်မှမစွန်းထင်းတဲ့ brand new လေးပါ။ active လည်း ဖြစ်လွန်းတာမို့ ရင်ခုန်စရာတွေ့ရင်လည်း အထိန်းအကွပ်မရှိ ရင်ခုန်လှုပ်ရှားတတ်ကြပါတယ်။

"သော်သော်စစ် လာနေပြီ"

ဆယ်တန်း(A)ခန်းထဲက သော်သော်စစ် ခြေတစ်လှမ်း ထွက်လိုက်တာနဲ့ အခန်းပြင်မှာ စောင့်ကြည့်နေတဲ့ ကောင်





မလေးတစ်ယောက်က ပြတင်းပေါက်ကနေ လေသံတိုးတိုးနဲ့ အခန်းထဲက သူငယ်ချင်းမလေးတွေကို alarm လုပ်ပေးလိုက်သည်။

ရီဝေဝေမျက်ဝန်း၊ လတ်ဆတ်တဲ့ သူ့အသားအရေ၊ မြင့်မားကျစ်လျစ်တဲ့ အရပ်အမောင်းနဲ့ သူက မိန်းကလေးအားလုံးရဲ့ စိတ်ဘဝင်ကို အမိအရ ဆုပ်ကိုင်နိုင်စွမ်းရှိတဲ့ ကောင်လေးတစ်ယောက်ပေါ့။

မိန်းကလေးထဲက မိန်းကလေးတစ်ယောက်ဖြစ်တဲ့ ခွန်းချိုခရဲ့ အိပ်မက်ထဲမှာလည်း "သော်သော်စစ်"ဆိုတဲ့ ကောင်လေး ရှိခဲ့ပါသည်။ ခွန်းတို့အခန်းကို ဖြတ်ကျော်သွားတဲ့ သူ့အသွားအပြန်ကို ခွန်းလည်း သူများနည်းတူ စောင့်ကြည့်တတ်ပါသည်။

"သော်သော်စစ်က မိန်းကလေးတွေကို စိတ်ဝင်စားပုံမရဘူး၊ သူ ပထမဆုံး စိတ်ဝင်စားတဲ့ မိန်းကလေးက သိပ်ကံကောင်းပြီး popular လည်း ဖြစ်မှာပဲ"

သူ့ကို မိန်းကလေးတွေပေးတဲ့ ထင်ကြေးအမျိုးမျိုးထဲမှာ ခွန်း ဘယ်တော့မှ မပါဝင် မပတ်သက်ခဲ့။ ခွန်းအတွက်



www.burmeseclassic.com

တော့သူ့ကိုမြင်နေရတာနဲ့ပဲ ကျေနပ်နှစ်သိမ့်နိုင်ခဲ့သည်။ စာအုပ်တွေကို လွယ်အိတ်ထဲ အစီအစဉ်တကျ ထည့်သလိုလို ဘာလိုလိုနဲ့ ခွန်းတစ်ယောက် သော်သော်စစ် ဖြတ်အလျှောက်ကို မသိမသာလေး မျှော်နေမိသည်။

ဖျတ်ခနဲ ပြတင်းပေါက်ကနေ လှမ်းကြည့်လိုက်တဲ့ သော်သော်စစ်ရဲ့ မျက်ဝန်းတွေနဲ့ ခွန်းမျက်ဝန်းတို့ မတော်တဆ ခလုတ်တိုက်မိသွားသည်။

တဒိတ်ဒိတ် ခုန်လာတဲ့ ခွန်းရဲ့ရင်ခုန်သံကို နားနဲ့ ဆတ်ဆတ် ပြန်ကြားလိုက်ရပြီး ခွန်းရဲ့ပါးလေးတွေလည်း နီမြန်းမြန်း ဖြစ်သွားပါသည်။

ထိုခဏမှာပဲ ခွန်း တစ်စုံတစ်ရာကို သတိရလိုက်မိသည်။ သူ့အပေါ်များ ခွန်း အာရုံစူးစိုက်ပြီး ခွန်းရဲ့အချစ်တွေ ပို့ပေးမိရင် ဘာများဖြစ်နိုင်ပါသလဲ။ ထိုအတွေးက ခွန်းကို ခွန်းအားတစ်ရပ် ပေးသလို၊ မလုပ်မဖြစ် လုပ်ဖြစ်အောင်လည်း စေ့ဆော်တိုက်တွန်းနေ၏။





electric lamp လေးနဲ့ စားပွဲခုံပေါ်မှာ ခွန်း စာကြည့်နေပါသည်။ မမသွန်းက လက်ဖက်သုပ်တစ်ပန်းကန် ခွန်းရှေ့ လာချပေးပြီး အိပ်ရာဝင်သွားသည်။ မနက်မိုးလင်းတည်းက ညမိုးချုပ်အထိ တစ်မျိုးပြီးတစ်မျိုး ဈေးရောင်းကြရတာမို့ အမေရော မမသွန်းပါ ပင်ပန်းကြပါသည်။ မမသွန်း ကျောင်းထွက်ပြီး အမေနဲ့အတူ အလုပ်လုပ်တော့ ဝင်ငွေလည်း သိသိသာသာတက်လာခဲ့သည်။ မမသွန်းက အပင်ပန်းခံနိုင်သည်။ မျက်နှာချိုပြီး စကားလည်း အပြောကောင်းသူမို့ ဈေးရောင်းကောင်းသည်။

မမသွန်းရဲ့ပေးဆပ်မှုအတွက် ခွန်းလည်း အပါးမခိုဘဲ အိမ်အလုပ် လုပ်ပေးတန်လုပ်ပေး။ စာကိုလည်း မပျက်မကွက် မပျင်းမရိနဲ့ ကြိုးစားအားထုတ်ခဲ့သည်။ ဆင်းရဲပေမယ့် သိတတ်တဲ့ သမီးနှစ်ယောက်ကြောင့် အမေလည်း စိတ်ချမ်းသာသည်။ အမေ စိတ်ချမ်းသာတာကို တွေ့တော့ ခွန်းတို့လည်း ပျော်ပါသည်။

စားပွဲခုံပေါ်မှာချထားတဲ့ နာရီလေးကို ခွန်း ငုံ့ကြည့်တော့ ညတစ်နာရီတောင် ထိုးနေပြီ။ စာအုပ်တွေကိုပိတ်ပြီး ခွန်း



www.burmeseclassic.com

www.burmeseclassic.com



မီးမှိတ်လိုက်တာမို့ တစ်အိမ်လုံး မည်းမည်းမှောင်သွားသည်။ စားပွဲခုံပေါ်မှာ ခွန်း လက်နှစ်ဖက်ကို ယှက်ဆုပ်ရင်း သော်သော်စစ် မျက်နှာကို အာရုံထဲပေါ်အောင် ကြည့်မိသည်။

"တန်ပြန်တဲ့ ချစ်ခြင်းတွေ နင့်ဆီက ငါရပါစေ သော်သော်"

ခွန်းရဲ့ ခပ်တိုးတိုး ရေရွတ်သံအဆုံးမှာ ခွန်းအာရုံထဲ သော်သော်ရဲ့ ချောမောတဲ့ရုပ်သွင်လေး ပြက်ပြက်ထင်ထင် ပေါ်လာ၏။ ခွန်း စိတ်ထင်လို့လားမသိ၊ သူ့ရုပ်က ကြည်လင်ပြီး သူ့နှုတ်ခမ်းထက်မှာလည်း အပြုံးတစ်စ,ကို ခွန်း မြင်နေရသည်။

ကျေနပ်နှစ်သက်မှုတွေနဲ့အတူ ခွန်း မီးအိမ်ကိုပြန်ဖွင့်ပြီး စာအုပ်တွေကို နေသားတကျ ပြန်သိမ်းလိုက်သည်။ ခေါင်းအုံးထက်မှာ မှေးစက်တဲ့ အချိန်ထိ သော်သော်ရဲ့ရုပ်ပုံလွှာက ခွန်း အာရုံမှာ ပျောက်ပျက်မသွားပါ။ အိပ်မက်ထဲမှာလည်း သော်သော် ရှိနေသည်။ သူ့ရယ်သံလွင်လွင်လေးနဲ့ သူ့ရဲ့ကိုယ်သင်းနံ့လေးက ခွန်း အိပ်ရာနိုးတဲ့အထိ ခွန်းစိတ်ကို ကြည်မွေ့စေတုန်းပဲလေ။





ဒီမနက်ခင်းမှာ ခွန်း ပျော်ရွှင်ရင်ခုန်မှုအပြည့်နှင့် အိပ်ရာက နိုးထ,လာခဲ့၏။ ဟုတ်ဟုတ် မဟုတ်ဟုတ်ပေါ့နော်။ ခွန်းအတွက် အရှုံးမှမရှိတာ။ ခွန်းမှာသာ တကယ်စွမ်းပကားရှိခဲ့ရင် သော်သော်စစ် ဆိုတဲ့ ကောင်လေးရဲ့အချစ်တွေကို ရရမှာပေါ့။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၉ ၇ ၅

အလုပ်ဝင်တဲ့ တစ်ပတ်အတွင်းမှာပဲ ကုမ္ပဏီက အပျိုချောတွေကြား "သော်သော်စင်"က ရေပန်းစားလာခဲ့ပြန်သည်။ ကုမ္ပဏီက ဝန်ထမ်းအားလုံးနဲ့ သူ့ရဲ့ဆက်ဆံရေးက အချိန်တို အတွင်းမှာပဲ လိုက်လျောညီထွေစွာနဲ့ တစ်သားတည်း ကျသွားခဲ့ သည်။ ခွန်းနဲ့ကလွဲရင်ပေါ့။

"ဝှမ်း"

ခွန်းတို့ reception ရှေ့ရောက်မှ "သော်သော်စင်" လက်ထဲက ထမင်းချိုင့်က ပြုတ်ကျသွားသည်။ ထမင်းချိုင့်က



စထည့်ကတည်းက အံဝင်ခွင်ကျ မဖြစ်လို့လားမသိ ကိုင်းပြုတ် ပြီး ထမင်းတွေရော ဟင်းတွေပါ မှောက်ထွက်ကုန်သည်။

"ဟယ်တော့်"

ကိုယ့်မျက်စိရှေ့မှာဆိုတော့ မေသူက မနေနိုင်မထိုင် နိုင်နှင့် သူ့ဆီ ကပျာကယာ ပြေးသွားသည်။

"သန့်ရှင်းရေးအဒေါ်ကြီး လုပ်လိမ့်မယ် သော်သော်စင်၊ ထားလိုက်၊ နေ့လယ်ထမင်းစားချိန်ကျရင် သော်သော်စင်ရဲ့ ထမင်းဟင်းချိုင့်တွေ ပြန်ပြည့်သွားမှာပါ၊ နှမြောမနေပါနဲ့"

ထမင်းချိုင့်အဆင့်တွေကို လိုက်ကောက်ပြီး ချိုင့် ပြန်ပိတ်ဖို့ ကြိုးစားနေတဲ့ သော်သော်စင်က ခေါင်းခါပြလိုက်ရင်း...

"ဗျာ ... မနှမြောပါဘူး၊ ကျွန်တော့် ပေါ့ဆမှုကြောင့် ညစ် ပတ်သွားတာဆိုတော့ ကျွန်တော့်ကိုယ်တိုင်ပဲ ပြန်လုပ်ပေး ချင်လို့ပါ"

ခွန်းကတော့ မတုန်မလှုပ် မျက်ဆစ်ရုပ် တစ်ရှုပ် လို သူတို့နှစ်ယောက်ကို ခပ်တည်တည်ပဲ ကြည့်နေမိသည်။

www.burmeseclassic.com



"ကျွန်တော့်အတွက်တော့ တနင်္လာက ဂြိုဟ်ဆိုးတစ်ခုပဲ၊ တနင်္လာနေ့ဆို ဒီလိုပဲ တစ်ခုခု ဖြစ်နေကျ၊ ထမင်းချိုင့်ပြုတ်ကျတာလောက်နဲ့ ပြီးသွားလို့ ကံကောင်းတယ်လို့ပဲ သတ်မှတ်ရမယ်"

ခပ်ညည်းညည်း ပြောလိုက်တဲ့ သူ့စကားက ခွန်းကို ပြင်းထန်စွာ တုန်လှုပ်စေ၏။

မယုံနိုင်ပေမယ့် သူက မဟုတ်ဘဲနဲ့ ပြောမှာမဟုတ်တာမို့ စိတ်ဒုန်းဒုန်းချပြီး ယုံလိုက်ရပါသည်။

နင်က ဘာလဲ ခွန်းချို။ခွန်း ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်နေမိသည်။

သန့်ရှင်းရေးအဒေါ်ကြီး ရောက်လာတော့ သော်သော်စစ်က မေသူ့ကို နှုတ်ဆက်ပြီး သူ့အလုပ်ခန်းရှိရာဘက် ထွက်သွားသည်။

"ခွန်း သူပြောတာ နင်ကြားလိုက်လား၊ ဒီကုမ္ပဏီမှာ လူထူးလူဆန်းတွေ တော်တော်ပေါတယ်"





မေသူက ခွန်းကို တိုးတိုးကပ်ပြောသည်။ ခွန်းကတော့ ခေါင်းညိတ်မိသလား၊ ခေါင်းခါမိသလားတောင် မသိ။ ကိုယ့်အတွေးနဲ့ကိုယ် ပတ်လည်ရိုက်နေ၍ပေါ့။

"ငါ့ကို ဘလိုင်းကြီး ဖြတ်သွားဝဲ့ တနင်္လာနေ့ကို နင့်ဘဝမှာ စိုးထိတ်မှုများစွာနဲ့အတူ အမြဲအမှတ်တရ ရှိနေပါစေ"

ကျိန်ဆိုစကား တစ်ခုကို အမှတ်ရမိရင်း ခွန်းခေါင်းကို တွင်တွင်ကြီး ခါနေမိသည်။

"နင် ဘာဖြစ်နေတာလဲ ခွန်း"

"ခေါင်းကိုက်နေလို့ဟာ"

"နင် ရှုးများနေသလား၊ ခေါင်းကိုက်ရတဲ့ကြားထဲ ခေါင်းထပ်ခါတော့ ပိုမူးမှာပေါ့၊ နေဦး ... ငါ့ဆီမှာ ဆေးပါတယ်"

မေသူက ပြောလည်းပြော desk အောက်ဆုံးအကန့်ထဲမှာထည့်ထားတဲ့ သူမအိတ်ကိုမွှေပြီး ဆေးရှာနေသည်။ မေသူ့အိတ်ထဲမှာ အစုံပါတတ်သည်။ မတော်တဆ စကတ်ဇစ်ပြုတ်ရင်၊ အင်္ကျီကြယ်သီးပြုတ်ရင်ချုပ်ဖို့ အပ်ချည်လုံးနဲ့အပ်၊ ကတ်



www.burmeseclassic.com

www.burmeseclassic.com



ကြေးအသေးလေးပါတဲ့အိတ်တွေ၊ တွယ်ချိတ်၊ အစုံတကာ့အစုံကို ထည့်ထားတတ်သည့်သူပေါ့။

"ဪ … မင်္ဂလာပါ ဘော့စ်"

"မင်္ဂလာပါ ခွန်းချို"

ဥက္ကာမျိုးက ခွန်းချိုခကို ခေါင်းဆတ်ပြလိုက်သည်။ သူ့ဘေးက သူ့ secretary မေမင်းမြတ်ကတော့ ခွန်းချိုတို့ဘက်ကို ယောင်လို့တောင် ခေါင်းလေးစောင်းငဲ့ကြည့်မသွားပါ။ ရုပ်ရည်ချောမောပြီး ကိုယ်ပိုင်ကားမောင်းပြီး အလုပ်ဆင်းသူမို့ ခွန်းတို့ကို အဖက်လုပ်ချင်ဟန် မတူပါ။

"ရုပ်ကိုက သူ့လုပ်စာကို တစ်လောကလုံး ထိုင်စားနေရတာ ကျနေဟာပဲ"

"မော်နိုင်တော့ မော်တာပေါ့ မေသူရာ၊ စိတ်ထဲမထားစမ်းပါနဲ့"

"မဟုတ်ဘူး ခွန်း၊ နင်လည်း အသိပါ၊ ငါတို့ ဘော့စ်ကို ရိုးရိုးသားသား ဆက်ဆံတာပါ၊ ဒါကို သူက ဘယ်လိုထင်





နေလဲ မသိဘူး၊ သူ့လိုယောက်ျားတစ်ယောက်ကို အပိုင်လိုချင်လို့ အတင်းလိုက်ကပ်နေတဲ့ မိန်းမမျိုးတွေများ မှတ်နေသလား မသိဘူး"

"တော်ပါတော့ဟယ်၊ ကိုယ့်စည်းနဲ့ ကိုယ်နေစမ်းပါ"

မေမင်းမြတ်ကို ခေါင်းထဲထည့်ဖို့ အခုအချိန်မှာ ခွန်း စိတ်မဝင်စားအား။ ကိုယ့်ဟာနဲ့ကိုယ် ဒွိဟဖြစ်နေတဲ့ အတွေးတွေကြောင့် ခေါင်းပူလို့နေသည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၉ • ၁

ပေါ့ပါးသွက်လက်တဲ့ ခြေလှမ်းတွေနဲ့ ကျောင်းဝင်းတံခါးဂိတ်အဝင်မှာပဲ ကံဆိုးစွာနဲ့ ခွန်း ဖိနပ်ပြုတ်သွားသည်။ အဖြူရောင် slipper ဖိနပ်လေးက ဘယ်လောက်ခိုင်ခန့်တယ် ပြောပြော သွားသမျှနေရာတိုင်း သူ့ကိုပဲ အားပြုစီးနေတာဆိုတော့ ဒဏ်မခံနိုင်တော့ဘူးပေါ့။

"ကျွတ် ... ဒုက္ခပါပဲ"

ခေါင်ကပြုတ်ထွက်သွားတဲ့ ဖိနပ်ကိုကြည့်ပြီး ခွန်း ညည်းညူမိလိုက်သည်။ ဖိနပ်အပြတ်ကို အမှိုက်ပုံးထဲထည့်ပြီး ခြေဗလာနဲ့ ကျောင်းခန်းထဲဝင်ဖို့ ခွန်း အနည်ငယ်တော့ တွန့်





ဆုတ်နေမိသည်။ ပြီးမှ ဖြစ်ချင်တာဖြစ် သဘောထားရင်း ဖိနပ်ကို ဆတ်ခနဲချွတ်ပြီး အမှိုက်ပုံးထဲ ထည့်လိုက်ပြီး ကျောင်းခန်းရှိရာ ခပ်တည်တည် လျှောက်လာခဲ့သည်။

ရှေ့က ကောင်မလေးရဲ့ လုပ်ရပ်ကိုကြည့်ပြီး သော်သော်စစ် နည်းနည်းတော့ စိတ်ဝင်စားသွားသည်။ သူ့နေရာမှာ တခြားကောင်မလေးတစ်ယောက်ဆို အားနားက ဖြတ်သွားတဲ့ ကျောင်းသူတစ်ယောက်ကို အကူအညီတောင်းတာတွေ၊ ဘာလုပ်ရမလဲမသိ တွေဝေနေတာမျိုးတွေ ဖြစ်ကြပါမည်။ ဒီကောင်မလေးကတော့ ဆုံးဖြတ်ချက် ပြတ်သားမယ့်ပုံမျိုး။

လမ်းလျှောက်ရင် ဖနောင့်ကို အားပြုပြီး ဆောင့်လျှောက်တတ်မို့ ပခုံးနဲ့ တတိတည်း ဆံပင်အိအိစင်းစင်းတို့က သူမလမ်းတစ်ခါလျှောက်တိုင်း ဝဲယမ်းတုန်ခါနေသည်။ ကိုယ်လုံးလေးကလည်း မပိန်လွန်း မဝလွန်း ကျစ်ကျစ်လျစ်လျစ်ရှိ၏။ မျက်နှာက ဘယ်လိုပုံမျိုးရှိမှန်း သူ မသိပေမယ့် အကျော်မာမယ့်ပုံမျိုး ပေါက်နေမှာကော့ သူ မှန်းဆကြည့်၍ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဘယ်အခန်းကများလဲ။ အပေါ်ထပ်လှေကားကို တက်သွားတဲ့အတွက် သူမအပေါ်က ဆယ်တန်း A to D တစ်ခန်းတည်းကဖြစ်မှာ သူ သိလိုက်သည်။ သူ ခြေလှမ်းတွေကို တမင်နှေးကွေးပြီး ကောင်မလေးနောက်က လိုက်လျှောက်ခဲ့သည်။

ဘေးနားက လျှောက်လာကြတဲ့ ကျောင်းသားကျောင်းသူတိုင်းက ဖိနပ်မပါတဲ့ သူမကိုကြည့်ပြီး ပြုံးစိစိလုပ်ကြသော်လည်း သူမကတော့ ခြေတစ်လှမ်းမှမပျက်၊ ခြေလှမ်းမပျက်သလို မျက်နှာလည်း ပျက်ခဲ့ပုံမထင်။ ဆယ်တန်း(C)ခန်းထဲကို သူမ ဝင်ကာနီး ရုတ်တရက် နောက်ကိုဖျတ်ခနဲ လှည့်ကြည့်သည်။

တောက်ပနက်မှောင်လွန်းသော သူမမျက်လုံးလေးတစ်စုံကိုအတွေ့ သူနဲ့ မနေ့က မျက်လုံးချင်းဆုံခဲ့တဲ့ C ခန်းထဲက ကောင်မလေးမှန်း ချက်ချင်း သူမှတ်မိလိုက်သည်။ ဒီစက္ကန့်ပိုင်းလေးမှာ သူ ကောင်မလေးကို ပြုံးပြမိလိုက်သည်။ ပြန်လှည့်သွားတဲ့ သူမ မျက်နှာလေးမှာလည်း ပြုံးရိပ်သမ်းသွားတာ သူ တွေ့ဖြစ်အောင် တွေ့လိုက်ပါသည်။





ယုံကြည်ချက်တစ်ခုက ခွန်းရဲ့ရင်ထဲမှာ အပြည့်အဝ ခြေကုပ်ယူလာသည်။ ခွန်းမှာ တကယ်ပဲ super power ရှိနေတာပဲ။ ညကဆန္ဒပြုခဲ့တာ ပြန်တွေးမိပြီး ခွန်း လွန့်လွန့်လေးပြုံးမိသည်။ အခု သော်သော်စစ်ရဲ့ အသိအမှတ်ပြု အပြုံးတစ်ခုကို ခွန်း ရပြီ။ ပြီးရင် မိန်းကလေးတိုင်း အရှုံးအမှုး မက်ကြတဲ့ အိပ်မက်တစ်ခုကို ခွန်း မက်ခွင့်ရပြီပေါ့။

မုန့်စားကျောင်းဆင်းချိန်မှာ သော်သော်စစ် ခွန်းတို့အခန်းရှေ့က ဖြတ်လျှောက်ပြီး အခန်းပြတင်းကနေ ခွန်းကိုကြည့်သွားသည်။ ရင်ခုန်သံတို့က ခွန်းရဲ့မျက်နှာနုနုလေးပေါ်မှာ ကြည်နူးမှုအရိပ်တို့ကို ဖန်ဆင်းပေးကြသည်။ သူ့ရဲ့ စိမ်းညို့နက်မှောင်သော မျက်ခုံးထူတန်းတန်းအောက်က မျက်ဝန်းတစ်စုံထဲမှာလည်း ခွန်းတစ်ယောက်တည်းအတွက် သီးသန့်ဖြစ်တည်နေသော ခံစားချက်လေးတစ်ခုကို ခွန်း ဖမ်းမိခဲ့ပါသည်။

နေ့လယ်ကျောင်းဆင်းချိန်မှာ ထုံးစံအတိုင်း သူ့အပြန်ကို ခွန်း မျှော်မိသော်ငြား သူ့အရိပ်အယောင်တောင် ခွန်း မခြင်မိ။ ခွန် စာအုပ်တွေ ငုံ့ထည့်နေတုန်းများ သူ ပြန်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



လား။ နောက်ဆုံးတော့ ခွန်း စိတ်လျှော့လိုက်ပြီး လွယ်အိတ်ကို ကောက်လွယ်လိုက်သည်။

သံယောဇဉ်မပြတ်စွာနဲ့ အခန်းထဲကထွက်တော့ သူတို့အခန်းဘက် လှမ်းကြည့်မိလိုက်သည်။ ဝရန်တာမှ မှီရပ်နေပြီး ညှို့သောအပြုံးနဲ့ ခွန်းကို ပြုံးပြနေတဲ့ သူ့ကိုအတွေ့ ခွန်းထိတ်ခနဲ ပျော်သွားပြီး လက်ဖျားခြေဖျားတွေတောင် အေးစက်သွားသည်။ သူလည်း ခွန်း ထွက်အလာကို စောင့်နေတာပဲပေါ့နော်။

သူ ခွန်းအနောက်ကနေ ခပ်မှန်မှန်ပဲ လိုက်လျှောက်လာသည်။ ကျောင်းဝင်းတံခါးနား ရောက်ခါနီးမှ သူ ခွန်းနဲ့ယှဉ်လျှောက်လာကာ ...

"ပြန်ရမှာဝေးလားဟင်၊ ဖိနပ်မပါဘဲ ဒီအတိုင်းဆက်သွားရင် နင့်ခြေထောက်တွေ အရမ်းနာနေလိမ့်မယ်"

သူ့ဆီကရလာတဲ့ ကိုယ်သင်းနံ့ကြောင့် ခွန်း အိပ်မက်ကို ပြန်သတိရသွားသည်။ အံ့သြစရာက အိပ်မက်ထဲက သူ့ဆီကရတဲ့ ရနံ့နဲ့ တစ်ထပ်တည်း ကျနေတာလေ။

"ရပါတယ် ... အိမ်က နီးပါတယ်"





"နာမည် ဘယ်လိုခေါ်လဲ"

"ခွန်းချို"

"လှသားပဲ"

သူ့ရဲ့မှတ်ချက်က ကဗျာမဆန်သော်လည်း ခွန်းကတော့ သဘောကျပါသည်။ မကြာခင်မှာ သူ တကယ်ပဲ ခွန်းရဲ့ချစ်သူဖြစ်လာတော့မှာလေ။



www.burmeseclassic.com

www.burmeseclassic.com



# ၉

"ရှေ့လထဲမှာ လူသစ်တန်း အဆိုတော် ချာတိတ်တွေစုပြီး ရှိုးပွဲတစ်ခုလုပ်ဖို့ ကိုယ် စီစဉ်ထားတယ် မြတ်"

"လူသစ်တွေချည်းပဲလား ကိုကို၊ အဆင်ပြေပါ့မလား"

မေမင်းမြတ်က ကော်ဖီပန်းကန်လေး ဥက္ကာမျိုးရှေ့မှာချပေးရင်း သူ့မရဲ့အမြင်ကို ပြောလိုက်သည်။

"ကိုယ့်တော့ လုပ်ကြည့်မလားလို့၊ ကိုယ်ဆီလာတင်ထားတဲ့ သူတို့ Own tune တွေကို ကိုယ်နားထောင်ကြည့်ပြီးပြီ မဆိုးဘူး၊ တော်တော် တော်ကြတယ်၊ အဲဒီထဲက ကိုယ် ဆယ်ယောက်ကို selection လုပ်ထားတယ်"





"ဟုတ်လား ... ဒါဆို မြတ်ကိုလည်း ပေးနားထောင်ဦးလေ"

ဥက္ကာမျိုးက ခေါင်းအဲသာညိတ်ပြပြီး အံဆွဲထဲက CD ဆယ်ချပ်ကို မေမင်းမြတ်ကို လှမ်းပေးလိုက်သည်။ လှမ်းယူလိုက်တဲ့ မေမင်းမြတ်ရဲ့ဖော့ဖယောင်းလို သွယ်ပျောင်းသောလက်အလေးတစ်ဖက်ကို ဥက္ကာမျိုးက ဆုပ်ကိုင်လိုက်သည်။

"ကိုကိုကလည်းကွာ"

မေမင်းမြတ်က မသိမသာ ရုန်းဖယ်ရင်း သူမသိလိုဘဲ မေးခွန်းကို အချိန်မဆိုင်းဘဲ အမောတကော မေးမိလိုက်သည်။

"ကိုကို ... မြတ်တို့ ဘယ်တော့လောက် လက်ထပ်ကြမလဲ ဟင်"

ဥက္ကာမျိုးက ဆုပ်ကိုင်ထားတဲ့ မြတ်ရဲ့လက်ကို ဆွဲသာလွှတ်လိုက်ရင်း ...

"ဘာလို့ မြတ်က လက်ထပ်ဖို့အကြောင်းချည်းပဲ ပြောပြောနေတာလဲ၊ အခုလည်း ကိုယ်တို့တစ်အိမ်တည်းမှာ အတူမနေတာဘဲ ရှိတာလေ၊ စိတ်ချစမ်းပါကွာ၊ မြတ်ကိုပဲ ကိုကို လက်ထပ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက ကွန်ပျူတာကိုဖွင့်ပြီး အလုပ်ရှုပ်ပြနေတာမို့ မေမင်းမြတ် သက်ပြင်းသဲ့သဲ့ချရင်း CD ခွေတွေကိုယူပြီး စလင်းဘက်အိတ်ထဲ ထည့်လိုက်သည်။ တကယ်ဆို ကိုကို ဘာတွေများ စောင့်ဆိုင်းနေရတာလဲ။ သူက လုပ်ငန်းရှင်တစ်ယောက်ဖြစ်နေပြီ။ မြတ်က သူ အားကိုးရတဲ့ secretary တစ်ယောက်။ သူများတကာတွေလို စီးပွားရေး အဆင်မပြေသေးလို့ လက်ထပ်ဖို့ ဆိုင်းငံ့ထားရတာမျိုးလည်း မဟုတ်။

အခုခေတ်ကောင်မလေးတွေကလည်း လည်မှလည်။ ရည်းစားမပြောနဲ့ အိမ်ထောင်ရှိတယ် ဆိုတာတောင် သူတို့အတွက် အဆင်ပြေမယ်ထင်ရင် တွဲပစ်ဖို့ ဝန်မလေးတတ်တဲ့ အစားမျိုးလေးတွေ။ ပြီးတော့ ကိုကိုက လေးဆယ်စွန်းစွန်းပေမယ့် အရွယ်တင်နုပျိုပြီး စမတ်ကျသူ။

ဖြစ်နိုင်ရင် ကိုကိုရဲ့ဘေးနားမှာ အချိန်တိုင်း စက္ကန့်တိုင် မခွဲမခွာ မြတ် ရှိချင်သည်။ မြတ် ဖုန်းခေါ်လို့ ကိုကို စက်ပိတ်ထားတိုင်း သို့လော၊ သို့လော အတွေးတွေနဲ့ မြတ် ရင်မှာ ပူလောင်လှသည်။





အခန်းထဲဝင်လာတဲ့ သော်သော်စစ်ကို ကြည့်ပြီး မေမင်းမြတ် မျက်မှောင်ကြုတ်လိုက်သည်။ ဒီလိုပဲမခေါ်ဘဲနဲ့ ရဲရဲတင်းတင်း ဝင်လာစရာလား။

ကိုကိုက သူ့ဝန်ထမ်းတွေပေါ်မှာသဘောသိပ်ကောင်းလွန်း နေတာတော့ မြတ် ဘဝင်မကျမိပါ။

"အစ်ကို ကျွန်တော့်ကို ခေါ်တယ်ဆိုလို့"

"ဪ ... သော်သော်စစ်၊ လာ ... လာ ... ကိုယ့်ကို ဒီဒီဇိုင်းလေး ပြန်ပြင်ပေးနိုင်မလား၊ ကိုယ်လိုချင်တာနဲ့နည်းနည်းလွဲနေတယ်"

ကွန်ပျူတာကို ငုံ့ကြည့်နေတဲ့ သော်သော်စစ် ဆိုတဲ့ကောင်လေးကို မေမင်းမြတ် မမိတ်မသုန်နဲ့ ကြည့်နေမိသည်။ CV form ထဲမှာ တွေ့တာ သူ့အသက်က နှစ်ဆယ့်နှစ်။ မြတ်ထက် ငါးနှစ်ကျော် ခြောက်နှစ်လောက် ငယ်ပါသည်။ သူက မျက်နှာချိုပြီး active ဖြစ်ကာ သင်ယူလိုစိတ်လည်း ရှိသူဖြစ်တာမို့ ကိုကိုက သူ့ကို အရေးပေးဆက်ဆံနေတာဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် စကားပြောနေတုန်း မြတ်က ကိုကို ထမင်းစားပြီးရင် အချိုတည်းဖို့ ပျားလိမ္မော်သီးလေးကိုနွာ အမျှင်သင်ပြီး ရေခဲသေတ္တာထဲ ထည့်ထားဖို့ စဉ်းစားလိုက်သည်။

မြတ်နဲ့ ကိုကိုက လက်ထပ်စာချုပ်မှာ လက်မှတ် မထိုးရသေးတာ တစ်ခုပဲရှိသည်။

ကိုကို့ရဲ့အစားအသောက်၊ အဝတ်အစား၊ ကိုကို့ရဲ့ ဝေယျာဝစ္စ မှန်သမျှကို ဇနီးမယားတစ်ယောက်သဖွယ် မြတ် တာဝန်ယူပေးရပါသည်။

မြတ်ရဲ့ရုပ်ရည်၊ မြတ်ရဲ့အသက်အရွယ်၊ မြတ်ရဲ့ ပညာအရည်အချင်း၊ မြတ်ရဲ့ငွေကြေးပြည့်စုံမှုတို့နှင့် ဂုဏ်ရည်တူ ယောကျ်ားတစ်ယောက်ကို အချိန်မရွေးယူနိုင်စွမ်း ရှိပါ၏။ သို့သော် ကိုကို့ကို ချစ်မိတာရော၊ တစ်မျက်နှာကနေ နှစ်မျက်နှာမပြောင်း ချင်တာရောကြောင့် မြတ် မလိုလားတဲ့ ဒီဘဝမျိုးမှာ မြတ်မှတ် မှိတ်သည်းခံပြီး နေနေရပါသည်။





လူတွေကတော့ မြတ်ကို တစ်မျိုးမြင်ကြပါလိမ့်မည်။ ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုသလို မြတ်အတွက်တော့ မြတ်ရဲ့ ပိုင်ဆိုင်သမျှ အရာအားလုံး ကိုကို့ကို အပ်နှင်းပေးခဲ့မိသည့်အတွက် ကိုကို့ရဲ့တစ်ဘဝလုံးကိုလည်း မြတ်ပိုင်ဆိုင်ရမှ ဖြစ်မည်လေ။



www.burmeseclassic.com

www.burmeseclassic.com



## ( ၁၀ )

သော်သော်စစ် အဖေက အရာရှိကြီးတစ်ဦးဖြစ်ပြီး အမေက အလယ်တန်းပြဆရာမတစ်ယောက်။ သူ့အစ်မနှစ်ဦးက ခွန်းတို့ကျောင်းကနေ ခြောက်ဘာသာဂုဏ်ထူး ထွက်ခဲ့ကြတဲ့ ကျောင်းရဲ့ဂုဏ်ထူးဆောင်နှစ်ယောက်မို့ သူတို့ရဲ့မောင်လေး သော်သော်စစ် အလှည့် ရောက်လာတော့ အစဉ်အလာ မပျက်စေဖို့ ဆရာ၊ ဆရာမတိုင်းက သူ့ကို အထူးဂရုပြုပြီး အလေးထား ဆက်ဆံကြ၏။

တကယ်လည်း သူ တော်ပါသည်။ နံပါတ်တစ်နေရာက ဘယ်တော့မှ မဆင်းခဲ့။ သူက မာနမကြီး၊ ဘဝင်မမြင့်





တတ်ဘဲ အားလုံးနဲ့ တည့်အောင်ပေါင်းပြီး ကူညီလိုစိတ်ရှိသူတစ်ယောက်လည်း ဖြစ်သည်။

"ခွန်း ... နင်ပြောစမ်း၊ ငါတို့ သတင်းကြားတယ်နော်၊ ဟိုနေ့က သော်သော်စစ် နင်တို့သမ်းထိပ်အထိ နင့်ကို လိုက်ပို့တယ်ဆို"

"ဟုတ်တယ် ခွန်း၊ နင်တို့နှစ်ယောက်က ဘယ်လိုလဲ၊ နင် တော်တော်လျှိုတတ်တဲ့မိန်းမ၊ နင့်နေရာမှာ တခြားကောင်မလေးတစ်ယောက်ကို ဒီအကြောင်း လူတကာကို လိုက်ကြွားပြီးလောက်ပြီ"

"ဘာလဲ ... ငါတို့က ရိုးရိုးသားသားပါ"

"မလိမ်ချင်စမ်းပါနဲ့၊ သူ ငါတို့ အခန်းရှေ့ရောက်တိုင်း ပြတင်းပေါက်ကို ကြည့်ကြည့်သွားတာ ဘယ်သူ့ကြည့်တာများလဲလို့၊ လျှော်စသတ်တော့ နင်ကိုး"

သုံးယောက်တန်းခုံက ခွန်းရဲ့ဟိုဘက်တစ်ယောက်၊ ဒီဘက်တစ်ယောက် သူငယ်ချင်းနှစ်ယောက်က နှစ်ဖက်ညှပ်ပြီး ခွန်းဆီက သူနဲ့အကြောင်းကို မရမက ညှစ်ထုတ်မေးနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါ၊ နင်တို့နှစ်ယောက် ကြိုက်နေကြပြီလား"

"အင်း ... ဟုတ်တယ်"

ဝန်ခံတော့လည်း သင်းတို့နှစ်ယောက်က ယုံရခက်ဟန် မျက်လုံးရွဲကြီးတွေနဲ့ ခွန်းကို ကြည့်နေပြန်သည်။

"အားလုံးက စိတ်ဝင်စားတဲ့ ကောင်လေးမို့လို့ ငါ ခပ်မြန်မြန်ပဲ အဖြေပေးခဲ့တာ၊ သူကလည်း ဒါကိုသဘောကျတယ်တဲ့၊ လူတစ်ယောက်ကို ချစ်တာသေချာရင်၊ အဲဒီတစ်ယောက်ကလည်း ကိုယ့်ကိုချစ်တာ သေချာရင် ဘာကြောင့် အချိန်ဖြုန်းမလဲတဲ့"

"နားကြားပြင်းကတ်လိုက်တာနော်"

"ဟင်း ဟင်း ... ငါတို့ နေ့တိုင်း စာရေးကြတယ်၊ စာအုပ်သပ်သပ်တစ်အုပ် ထားပြီးတော့ပေါ့၊ စာအုပ်ဆိုတော့ လူမရိပ်မိဘူးပေါ့၊ ဟိုတစ်စောင်၊ ဒီတစ်စောင် သိမ်းထားစရာလည်း မလိုဘူးလေ"

"ဟင် ... နင်တို့နှစ်ယောက်က တကယ် အတည်ကြီးပေါ့"





"ဟုတ်တယ်"

ည,ညစာကျက်ပြီးတိုင်း သော်သော်နဲ့ ခွန်းတို့နှစ်ယောက်ရေးကြတဲ့ ရည်းစားစာအုပ်ကို ခွန်း ဖတ်ရတာ သူ့ကိုပြန်စာရေးရတာ အရသာတစ်မျိုးပေါ့။ ဘုဆီ စာအုပ်ရောက်သွားချိန်မှာ သူ့မျက်နှာလည်း ပြုံးမြမြနဲ့ စိတ်တွေလှုပ်ခတ်ပြီး ချိုမြိန်ခြင်းရသ ရှုတတလေးကို ခံစားမိမှာပါ။

"ခွန်း ...

ခွန်းရဲ့လက်ရေးလှလှလေးနဲ့ ရေးထားတဲ့ စာသားလေးတွေ ဖတ်ရတိုင်း တို့ရင်မှာ ကြည်နူးရပါတယ်။ ဒီစာသားလေးတွေကို ဖန်တီးပေးစွမ်းတဲ့ ခွန်းရဲ့နှလုံးသားကလည်း နူးညံ့ပြီး ကဗျာဆန်နေမှာပဲနော်။

ခွန်းကိုချစ်မိသွားတော့မှ မနက်ဖြန်တိုင်းဟာ တို့အတွက် သိပ်ကိုသာယာပြီး အသက်ဝင်နေခဲ့တယ်။ ခွန်းရေးတဲ့စာတွေနဲ့ ခွန်းရဲ့ချစ်စရာမျက်နှာလေး တွဲမြင်ယောင်ပြီး တို့ သိပ်ရင်ခုန်ရပါတယ်။ ခွန်းက တို့ထက်စာအရေးအသား ပိုကောင်းတယ်နော်။ ခွန်းဆီက ရည်းစားစာရေး



www.burmeseclassic.com

www.burmeseclassic.com



ဖို့ လာသင်မှနဲ့ ထင်တယ်။ (ချိုးကျိုးတာနော်။ တလွဲတွေးပြီး စိတ်မဆိုးပါနဲ့)။ မနက်ဖြန် သောကြာနေ့နော်။ တို့ခွန်းတို့လမ်းထိပ်အထိ လိုက်ပို့ရမယ့်နေ့ပေါ့။ တော်ပြီနော်ခွန်း။

မနက်ဖြန် စာမေးပွဲရှိလို့ တို့ စာကျက်ဦးမယ်နော်။ အိပ်မက်လှလှ မက်ပါစေ ခွန်း။ နောက်မှ စာရှည်ရှည်ရေးပါ့မယ်။ နားလည်ပေးပါနော် ... Please

ချစ်တဲ့

သော်သော်"

ခွန်း မျက်နှာလေး အပြုံးတစ်ခုကြောင့် လတ်ဆတ်ရှိုလွင်သွားသည်။ တကယ်က အရေးအသား ကောင်းတာ သော်သော်ပါ။ ခွန်းက တန်ဆာမပါ ရင်ထဲက လာတာတွေပဲ ရေးတတ်တာ။ ချစ်နေတော့လည်း ဘာရေးရေး သူ့အတွက် ဖတ်လို့ကောင်းနေမည်ပေါ့။ ဒေါ့ဘီဝဲယာ တစ်ချက်ကြည့်ပြီး ခွန်း သူရေးထားတဲ့ စာမျက်နှာလေးကို ခပ်ဖွဖွ နမ်းရှိုက်မိသည်။ ရှူးခြင်းတစ်မျိုးပေါ့နော်။





lamp ကိုပိတ်ပြီး ခွန်း ခြင်ထောင်ထဲဝင်မယ်လုပ်တုန်း တစ်ဖက်ခြင်ထောင်ထဲက မမသွန်းဆီက ကျိတ်ရှိုက်သံတစ်ခု ကြားလိုက်ရသည်။ သေချာနားစွင့် နားထောင်လိုက်တော့ အသံပျောက်သွားသည်။ မမသွန်းများ အိပ်မက်ဆိုးတွေ မက်နေတာလား။ ပထမနှိုးမယ် စိတ်ကူးပြီးတော့မှ မနက်အစောထ,ရမယ့် မမသွန်း အိပ်ရေးပျက်မည်စိုး၍ မနှိုးဖို့ ဆုံးဖြတ်လိုက်သည်။ ခွန်း ခေါင်းအုံးပေါ် မှောက်အိပ်လိုက်တဲ့ အချိန်မှာ သော်သော့်မျက်နှာလေး တရေးရေး မြင်ယောင်မိသည်။ စိမ်းဖန့်ဖန့် မျက်ခုံးထူထူတွေအောက်က မျက်လုံးရီတီတီလေးတွေ။ ခွန်း ဖျတ်ခနဲပြုံးရင်း ခေါင်းအုံးကို ရင်ဘတ်မှာ ဆွဲကပ်ဖက်ထားမိသည်။ နင့်ကိုငါ သိပ်ချစ်တယ် သော်သော်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

private channel တစ်ခုလုပ်ဖို့ စီစဉ်နေသည့် Future ကုမ္ပဏီက channel အတွက် လိုအပ်သည့်ဝန်ထမ်းတွေကို ခေါ်တာမို့ ကုမ္ပဏီမှာ အလုပ်လာလျှောက်သူတွေ ခြေချင်းလိမ်နေကြသည်။ ဒါတောင် post တွေ ခွဲခွဲခေါ်လို့။

ဒီတစ်ခေါက်ခေါ်တာက admin ပိုင်းနဲ့ presenter post မို့ လာလျှောက်တဲ့လူတွေက တော်တော်များသည်။ office staff နှစ်ယောက်က ခွန်းတို့ reception မှာပဲ လျှောက်လွှာတွေကို လက်ခံသည်။ ဒီတော့ ခွန်းနဲ့ မေသူလည်း သူတို့အလုပ်ကို ကူလုပ်ရပါသည်။





လာတင်သမျှ ဖောင်တွေမှာ လိုအပ်ချက် ရှိ,မရှိ ၄ုံ့စစ်ပေးနေတုန်း ခွန်း ရှေ့ကို လျှောက်လွှာတစ်စောင် ရောက်လာသည်။ အဲဒီလျှောက်လွှာကို လာတင်သူက သော်သော်စစ်။

သူလာတင်တာ ဂျူးဂျူးစံ ဆိုတဲ့ ကောင်မလေးရဲ့ လျှောက်လွှာ။ လျှောက်တဲ့ post က presenter ။ ဆံပင်အလယ်ခွဲပြီး အဖျားတွေသာ လိပ်ကောက်ထားတဲ့ ဒီကောင်မလေးမျက်နှာက ချိူပြီး ချစ်စရာလည်း ကောင်းလှသည်။ မဟာနဖူးကို ပိုင်ဆိုင်ထားပြီး နှုတ်ခမ်းလေးတွေက နှင်းဆီငုံလေးသဖွယ် ရင်ခုန်စရာကောင်းလောက်အောင် ဆွဲဆောင်မှုရှိ၏။

UFL ကနေ Chinese မေဂျာနဲ့ ကျောင်းပြီးထားပြီး သတ်မှတ်ချက်တွေနဲ့ ကိုက်ညီတဲ့ document တွေ စုံတာမို့ ခွန်း pass ပေးပြီး လက်ခံထားလိုက်သည်။

"ဘာမှမလိုအပ်ပါဘူးနော်"

သူ့ဆီကထွက်လာတဲ့ မေးခွန်းကြောင့် သူ့ကိုတစ်ချက်မော့ကြည့်ပြီး ခေါင်းခါပြလိုက်သည်။ ခွန်းကို ကြည့်လာတဲ့

www.burmeseclassic.com

www.burmeseclassic.com



မျက်မှန်အောက်က သူ့မျက်ဝန်းတွေက သိပ်ကိုတည်ငြိမ်လွန်းပါသည်။ ဒီ့အတွက် ခွန်း အကြည့်တွေကလည်း သူ့နည်းနှင်နှင် ရှိလိုက်ရပါသည်။

ခွန်းနှလုံးသားရဲ့ ဟိုးအနက်ရှိုင်းဆုံးနေရာက ငိုသံသဲ့သဲ့ ထွက်ပေါ်နေ၏။ ရင်ထဲက ခံစားချက်မှန်သမျှကို မျက်နှာပေါ်မှာ တစ်စွန်းတစ်စမှ မတွေ့ရအောင် ဖုံးဖိတတ်တာ ခွန်းရဲ့ သဘာဝတစ်ခုပဲလေ။ ဒါကြောင့်လည်း ဘဝမှာ လူတကာရဲ့ အထင်အမြင်လွဲ ခံရတာပဲနေမှာ။

တကယ်ဆိုတော့ ခွန်းတို့ရဲ့ဇာတ်လမ်းက ကြာညောင်းခဲ့ပြီပဲ။ သက်တမ်းတိုတောင်းလွန်းတဲ့ ချစ်ဇာတ်လမ်းလေးက မေ့သွားတဲ့ လူတစ်ယောက်အတွက်တော့ အစဖော်မရတဲ့ အိပ်မက်တစ်ခု ဖြစ်ကောင်း ဖြစ်နိုင်ပေမယ့် မမေ့နိုင်သူ ရင်ထဲမှာတော့ မနေ့တစ်နေ့ကလိုပဲ သစ်လွင်ဆဲ တောက်ပဆဲပါ။

"ခွန်း ... သော်သော်စစ်က ဘယ်သူ့အတွက် လျှောက်လွှာ လာတင်တာလဲ ... ပြစမ်း"





မလီလီက စပ်စပ်စုစုနဲ့ သော်သော် လာတင်သွားတဲ့ လျှောက်လွှာကို ယူကြည့်ကာ ...

"အချောလေးပဲ ... သူ့ဆော်နဲ့တူတယ်၊ သူ့ကို ကျိတ်ခိုက်နေတဲ့ ဒီ company က မိန်းမတွေတော့ သနားစရာ"

"သြော် ... ငါပြောဖို့ မေ့နေတာ၊ မနေ့တုန်းက သော်သော်စစ် ခါးပိုက်နှိုက်ခံလိုက်ရတာ နင်တို့ ကြားပြီးပြီလား"

မသန္တာစကားကြောင့် ခွန်းတို့ သုံးယောက် ကိုယ်စီ ခေါင်းခါပြလိုက်ကြသည်။

"တယ်လောက် ပါသွားလို့လဲ"

"ငါလည်း မသိဘူး၊ ခါးပိုက်နှိုက်ခံလိုက်ရတာပဲ ကြားလိုက်တယ်"

"သြော် ... သူများသိသလားလို့၊ ဒီက အကောင်းမှတ်လို့ နားထောင်နေတာ"

ဒီနေ့ အင်္ဂါနေ့ဆိုတော့ မနေ့က တနင်္လာနေ့ပဲပေါ့၊ တနင်္လာနေ့တိုင်းဟာ တကယ်ပဲ သူ့အတွက် စိုးထိတ်စရာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့တာလား။ ခွန်း စိတ်ထဲက သူ့ကို နာကျင်စွာ ကျိန်ဆိုမှုဟာ သူ့အပေါ် အမှန်တကယ် သက်ရောက်မှု ရှိခဲ့တာလား။ ဘယ်တုန်းကတည်းကလဲ။

"ခွန်း ... လျှောက်လွှာတွေ စစ်လေ၊ ဘာငိုင်နေတာလဲ"

"ရှင် ... ဟုတ်"

ခွန်း အယောင်ယောင် အမှားမှားတွေ ဖြစ်လို့နေသည်။

"ခွန်း... နင် သော်သော်စစ်မှာ ဆော်ရှိနေတာနဲ့ ကယောင်ချောက်ချားတွေ ဖြစ်နေတာလား"

မသန္တာက ရယ်ရယ်မောမောနဲ့ ခွန်းကို စ,သည်။ ခွန်းက ဟန်ဆောင်အပြုံးနဲ့ ခေါင်းခါပြလိုက်ပါသည်။ အခု ခွန်း စိတ်ထဲမှာ ရှုပ်ထွေးမှုက ပို၍ပီပြင်လာသည်။ ပို၍လည်း နိုင်မာလာသည်။ ဘာဖြစ်တာလဲ။ ခွန်းမှာ အမှန်တကယ်ပဲ power တစ်ခု ရှိနေတာလား။ ရှိနေတယ်ဆိုရင် အကြိမ်ပေါင်းများစွာ သော်သော် ပြန်လာဖို့ ဆုတောင်းခဲ့တာ ဘာလို့မပြည့်ခဲ့တာလဲ။





ခွန်း ထင်ခဲ့သလို သူ့ကို ပြန်လာစေဖို့ ခွန်းရဲ့ power တွေက အားမပြည့်ခဲ့လို့လား။ ဒါမှမဟုတ် ခွန်းရဲ့ power က ရှိချင်တဲ့ အခါရှိပြီး မရှိချင်တဲ့အခါ မရှိတော့တာများလား။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

report card ကို ပြူးပြဲကြည့်နေကြတဲ့ အစ်မနှစ်ယောက်နဲ့ မေမေ့မျက်နှာမှာ ဒေါသအရိပ်တွေ ကြီးစိုးနေကြ၏။ ဒီလပတ်စာမေးပွဲမှာ သူက အဆင့်သုံးပဲ ရခဲ့သည်မို့ အမေရော အစ်မတွေပါ ပေါက်ကွဲချင်ချင် ဖြစ်နေကြပါသည်။

"ဘယ်လိုဖြစ်တာလဲ သော်သော်၊ နင် ဒါမျိုး ဘယ်တုန်းက ဖြစ်ဖူးခဲ့လို့လဲ"

စိတ်ကြီးတဲ့ မမကြီးရဲ့အသံက အရင်ဦးဆုံး ထွက်လာပါသည်။ ဟန်ကိုယ့်ဖို့ဆိုတဲ့ စကားအတိုင်း သူကတော့ မျက်နှာတစ်ချက် မပျက်ဘဲ လေသံအေးနဲ့ ပြန်တုံ့ပြန်လိုက်သည်။





"လူပဲ တစ်ခါတလေတော့ အမှားရှိမှာပဲ၊ အခု ကျွန်တော့် position ကစုတ်ပြတ်သတ်အောင်ကျသွားတာမှမဟုတ်တာ၊ ပထမရတဲ့တစ်ယောက်နဲ့ ကျွန်တော် ငါးမှတ်ပဲကွာတာ"

"ဆင်ခြေတွေ မပေးနဲ့ သော်သော်၊ အခုတလော နင့်ကို ငါကြည့်နေတာ အရင်ကနဲ့ မတူဘူး၊ ည,ညတစ်နာရီ၊ နှစ်နာရီအထိ စာတွေကြည့်နေလို့ ငါ့မောင်လေး တော်လှမှတ်တယ်၊ အမှတ်က တက်မလာဘဲ ကျတောင်သွားသေးတယ်"

"ကဲ ... ကဲ ... တော်ပါတော့ သမီးတို့ရယ်၊ ငါးမှတ်ဆိုတာ ဘာမှထည့်ပြောစရာမှ မဟုတ်တာ၊ သော်သော်လည်း မကြိုးစားတာမှ မဟုတ်တာ၊ အေး ... သား၊ ဒီလ ဒီလို ဖြစ်တာ နောက်ဆုံးဖြစ်ပါစေ၊ နောက်လတွေ သား position one ရတာပဲ မေမေ မြင်ချင်တယ်"

မေမေက ကြားထဲက ဝင်ဖျန်ဖြေတာမို့ မမကြီးနဲ့ မမငယ်တို့ ပြောချင်ရက်နဲ့ အသံတိတ်သွားကြသည်။ ကျေနပ်မှု



www.burmeseclassic.com

www.burmeseclassic.com



တော့ မရပါ။ မမေနဲ့ မမငယ်က သူ့အခန်းထဲက ပြန်ထွက်သွားပေမင့် မကြီးက ပြန်ထွက်မသွားဘဲ သူ့ကို ခပ်တင်းတင်း စိုက်ကြည့်နေသည်။

"ဒီနေ့ကစ,ပြီး နင့်ကို ငါ ဂိုက်လုပ်ပေးမယ် သော်သော်"

"ကိုယ့်စာကိုယ်ပဲလုပ်ပါ မမကြီး၊ ကျွန်တော့်မှာ guide ရှိနေတာပဲ"

"နင့် guide ပြန်သွားပြီးလို့ နင့်ဘာသာနင် စာကြည့်နေတဲ့ အချိန်တွေမှာ ငါ နင့်ကို guide လုပ်ပေးမှာ"

"ကျွန်တော့်ဘာသာ စာကျက်နေမယ့်ဟာ မမကြီးက ဘာလုပ်မှာလဲ"

"နင့်ကို စောင့်ကြည့်မှာပေါ့။ အချိန်ကုန် လူပန်းပြီး အကျိုးမရှိတာ ဘာကြောင့်ဆိုတာ ငါ အဖြေရှာချင်လို့ပေါ့၊ ဒီနှစ် အရေးကြီးတဲ့နှစ်မှာ နင့်ကို ချွတ်ချော်မှု လုံးဝအဖြစ်မခံနိုင်ဘူး"

"ကျွတ် ... ပြဿနာပဲ"





သော်သော်စစ် ခေါင်းကုတ်လိုက်သည်။ မမကြီးက ပြောရင် ပြောတဲ့တိုင်း လုပ်တတ်သူ။ မမငယ်နဲ့ သူ လက်ပွန်းတတီးနေတတ်ပေမင့် မမကြီးကိုတော့ ရှိန်သည်။ မမကြီးက အနေတည်သည်။ ပြောစရာရှိရင်လည်း ပြတ်ပြတ်သားသား ပြောတတ်သည်။

ခွန်း ရေးတဲ့စာကို ဖတ်ပြီး စိတ်ကူးယဉ်ဖို့ သူက လည်း ခံစားချက်တွေကို ဖွင့်အံပြီး စာသားအဖြစ်ချရေးဖို့ အခွင့်အရေးမှ ရပါ့မလား။

တကယ်ပဲ ညဘက် guide ပြန်သွားပြီး ထမင်းစားသောက်ပြီးလို့ သူ စာပြန်ကြည့်တာနဲ့ မမကြီးက သူ့အခန်းထဲကို သူ့မစာအုပ်တွေယူပြီး ဝင်လာသည်။ သူ့ရှေ့ထိုင်ခုံတစ်လုံးမှာထိုင်ပြီး သူမစာ သူမကြည့်ရင်းနဲ့ တစ်ချက် တစ်ချက် သူ့ကို အကဲခတ်ပါသည်။

သူ Bio ပုံ တစ်ပုံကို စိတ်ပါဝင်စားစွာ ဆွဲနေတုန်း မမကြီးက သူ့ကျောပိုးအိတ်ကိုယူပြီး မွှေပါတော့သည်။ မမကြီး



www.burmeseclassic.com

ဒီလိုလုပ်လိမ့်မယ်လို့ မထင်မိလို့ သူနဲ့ ခွန်းတို့ အပြန်အလှန်ရေးထားတဲ့စာအုပ်ကို မသိမ်းမိခဲ့။ လှမ်းဟန့်ဖို့လည်း အချိန်မရလိုက်ပါ။

အပြာရောင်အဖုံးနဲ့ စာအုပ်ကို မမကြီး စ,လှန်ချိန်မှာ သူ့ရင်တွေ စိုးရိမ်စိတ်ကြောင့် တဒိတ်ဒိတ် ခုန်လာသည်။ ဒီနေ့ သူ့ရဲ့ကံဆိုးတဲ့နေ့ပဲ။

"ဒါ ဘာသဘောလဲ သော်သော်၊ ငါ ထင်တယ်၊ နင် ညည စာကြည့်နေတာမှ မဟုတ်တာ၊ ရည်းစားအကြောင်း စဉ်းစားပြီး ရည်းစားစာတွေ ရေးနေတာပဲ"

မမကြီးရဲ့ စူးစူးရှရှ ထွက်လာတဲ့ လေသံက ဟိန်းထွက်လာတာမို့သူ့အခန်းဆီကို မေမေရော မမငယ်ပါ အပြေးရောက်လာကြသည်။

"ဒီမှာ ကြည့်ပါဦး မေမေ၊ သ[illegible]ကောင် အခုအချိန်ထိ ရည်းစားမထားသေးတာ၊ မေမေ[illegible] တဲ့ကောင်က အခု ရည်းစားထား[illegible]





မမကြီးက စာအုပ်ပြာလေးကို မေမေ့ကို လှမ်းထိုးပေးပြီး တိုင်တန်းတော့သည်။ မေမေက စာအုပ်ကို လှန်လှန်ကြည့်ပြီး ရင်ဘတ်ဖိနေသည်။

ရည်းစားထားတာ ဘာဖြစ်လို့လဲ။ အခန်းထဲမှာ ရည်းစားထားသူတွေလည်း အများကြီးရှိနေတာပဲ။ အိမ်ကလူတွေကိုက ပိုကိုပိုလွန်းပါသည်။

"သမီးတို့ သူ့ကို ဘယ်လိုလုပ်ကြမလဲ မေမေ"

ကြောက်ရွံ့ဟန် တစ်စက်မှမရှိဘဲ ခပ်တင်းတင်းမျက်နှာလေးနဲ့ ငြိမ်နေတဲ့ သော်သော်စစ်ကို တစ်ချက်ကြည့်ပြီး ဒေါ်နီလာက ဘာမှမပြောတော့ဘဲ သမီးနှစ်ယောက်ကို လက်ကုတ်ပြီး အခန်းထဲက ခေါ်ထုတ်သွားသည်။

"သော်သော့်ကို ဒီလို အကြမ်းကိုင်လို့ မရဘူး သမီးကြီး၊ အသက်အရွယ်အရရော၊ အခြေအနေအရရော မေမေတို့ အကြမ်းကိုင်လိုက်ရင် သူ ဟိုဘက်ကို ပိုစိတ်ရောက်သွား

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ သမီးတို့ ဘာလုပ်ကြမလဲ"

"လောလောဆယ် ဘာမှမပြောဘဲ ခဏလောက်လွှတ်ထားလိုက်ပါဦး။ မေမေ စဉ်းစားပါဦးမယ်၊ နှစ်ယောက်စလုံး ဒီအကြောင်းနဲ့ပတ်သက်ပြီး သူ့ကို ဖိအားမပေးကြပါနဲ့၊ မေမေ ပြောတာ နားလည်ရဲ့လား"

○ ❦ ○

ဝေဝန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်-
အမှတ်-၅၉၊ ၁၉-လမ်း၊ လသာမြို့နယ်သို့
ရေးသားပေးပို့နိုင်ပါသည်။





## ၁၃

"အငယ်မ"

ခွန်း စာကြည့်နေရာက ဘေးနားမှာ ခပ်ကုပ်ကုပ်လာထိုင်တဲ့ မမသွန်းကို မျက်လုံးလှန်ကြည့်လိုက်သည်။ ဒီနေ့ မမသွန်းက ကိုယ်တွေ လက်တွေနာပြီး နေမကောင်းဖြစ်ချင်တာကြောင့် အမေတစ်ယောက်တည်း ဆိုင်ထွက်သွားသည်။

"ပြော ... မမသွန်း၊ ဘာစားချင်လို့လဲ၊ ခွန်း သွားဝယ်ပေးမယ်"

"မဟုတ်ဘူး ခွန်း၊ ငါ ... ငါ ... အခု ဒုက္ခရောက်နေပြီ ခွန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

မမသွန်းရဲ့စကားက အဆန်းမို့ ခွန်း စာအုပ်ဆီက မျက်လုံးကိုခွာပြီး မမသွန်းကို စေ့စေ့ကြည့်မိသည်။ မမသွန်းက ခွန်းထက် နှစ်နှစ်ကြီးသည်။ ကျောင်းထားတစ်နှစ်နောက်ကျပြီး ကိုးတန်းမှာ တစ်နှစ်ကျလိုက်တာမို့ ခွန်းတို့အတန်းတူသွားကြသည်။ ဉာဏ်သိပ်မကောင်းသလို စာထဲစိတ်မဝင်စားတာမို့ သူ ကျောင်းထွက်ချင်ခဲ့တာ ကြာခဲ့ပြီ။ အမေက ဆယ်တန်းလောက်တော့ အောင်အောင်လုပ်ပါဆိုလို့သာ သူ နေနေရတာ။ အခု စီးပွားရေးအခြေအနေကြောင့် ကျောင်းထွက်ရပြီဆိုတော့ ပျော်တောင် ပျော်နေသလိုပင်။

"ဘာဒုက္ခရောက်တာလဲ မမသွန်း၊ ပြောပါဦး"

"ကိုကျော် ... သူ .... ဒူဘိုင်းကို ထွက်သွားပြီတဲ့"

ငိုသံအက်အက်နဲ့ ပြောနေတဲ့ မမသွန်း စကားကြောင့် ခွန်း ရုပ်လေးတည်သွားသည်။ ကိုကျော်ဆိုတာ အမေတို့ဆိုင်ထွက်တဲ့ ဈေးထိပ်ကအိမ်က။ သားအမိနှစ်ယောက်တည်းနေ



ပြီး ကုန်စုံဆိုင်အကြီးကြီး ဖွင့်ထားသည်။ ကိုကျော်က ခွန်းတို့ထက် လေး,ငါးနှစ်လောက်ကြီးပြီး ဘွဲ့ရထားသည့်သူ။ မမသွန်း ကိုးတန်းနှစ်ကတည်းက အသေအလဲ လိုက်ခဲ့တဲ့သူ။ ခွန်းတို့ဆို သူတို့ဆိုင်မှာ ဘာမှကို မဝယ်ရဲ။ ဝယ်လိုက်တာနဲ့ ပိုက်ဆံလျှော့ယူတာတစ်မျိုး၊ အပိုတွေ ထွက်ပေးတာတစ်သွယ်နဲ့မို့ မျက်နှာပူရ၍လေ။

မလျှော့တဲ့ဇွဲလုံ့လနဲ့ မမသွန်းနောက် လိုက်ခဲ့သူမို့ သူ့ကို အချစ်ကြီးသူတစ်ယောက်လို့ ယူဆပြီး သူ့အချစ်ကိုလက်ခံဖို့ မမသွန်းကို ခွန်း ကိုယ်တိုင် မြှောက်ထိုးပင့်ကော် လုပ်ခဲ့ဖူးသည်မဟုတ်လား။ အခုဆို ကိုကျော်နဲ့ မမသွန်း ချစ်သူဖြစ်တာ ငါးလလောက်ပင် ရှိရော့မည်။

"မမသွန်း ပြောတော့ ရွာကမွေးမြူရေးခြံမှာ ခဏသွားကြီးကြပ်တာဆို၊ နေပါဦး ... သူ ဒူဘိုင်း ထွက်သွားတာနဲ့ မမသွန်းက ဘာကြောင့် ဒုက္ခရောက်ရတာလဲ"

"ငါ နင့်ကို ဘယ်လိုပြောရမလဲ ခွန်း၊ ငါ့မှာ ... ငါ့မှာလေ သူနဲ့ရတဲ့ကိုယ်ဝန် ရှိနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာ ... ဘာပြောလိုက်တယ်"

မမျှော်လင့်ထားတဲ့ စကားကြောင့် ခွန်း အကြီး အကျယ် တုန်လှုပ်သွားသည်။ အမေသာသိရင် ဘယ်လောက်ရင် ကျိုးလိုက်မလဲ။ ခွန်း စိတ်တိုတိုနဲ့ မမသွန်းရဲ့ ပခုံးနှစ်ဖက်ကို ဆွဲ လှုပ်ပစ်လိုက်သည်။

"ဒါမျိုးဖြစ်စရာလား မမသွန်း၊ ဒါမျိုးဖြစ်စရာလား"

ပြောရင်းနဲ့ ခွန်းအသံတွေ ဆို့နစ်လာသည်။ မမသွန်း ကလည်း တအိအိနှင့် ရှိုက်ငိုနေ၏။ ညီအစ်မနှစ်ယောက်စလုံး အတန်ကြာတဲ့အထိ ပူလောင်တဲ့သောကတွေကို ပွေ့ဖက်ထားရင်း ငိုကြွေးနေမိကြသည်။

ခွန်းက မျက်ရည်တွေကို သုတ်ပစ်လိုက်ရင်း မမသွန်း ကို ကြည့်ကာ ...

"သူ ဒီကိစ္စ မသိသေးဘူးလား မမသွန်း"

"သိတယ်၊ သူ့ကိုပြောပြီး နောက်တစ်နေ့မှာပဲ ခြံကိစ္စအရေး ကြီးတာမို့ သူ ရွာကိုခဏသွားရမယ် ပြောပြီး ထွက်သွား





ခဲ့တာ၊ ပြန်မလာတာ ဆယ့်ငါးရက်လောက်ရှိပြီ၊ ငါ့ကို လည်း ဘာအဆက်အသွယ်မှ မလုပ်ဘူး၊ မနေနိုင်လို့ ငါ သူ့အမေကို သွားမေးကြည့်တော့ သူ ဒုဘိုင်းထွက်သွားပြီ လို့ပြောတယ်၊ သူ နိုင်ငံခြားထွက်ဖို့ လုပ်နေတာတော့ ငါ သိထားတယ်၊ သူ သွားဖြစ်ရင် ငါ့ကို ပြောမှာပဲလို့ ထင် ထားခဲ့တာ"

"တောက် ... မိုက်ရိုင်းလိုက်တာ၊ လူမဆန်တဲ့လူ"

"အခု ငါ ဘာလုပ်ရမလဲ သွန်း၊ ငါ့ကို အကြံပေးပါဦး ဟယ်၊ ဒီကိစ္စ အမေသာသိရင် သေမှာ"

သွန်းက ဘာအကြံပေးတတ်မှာလဲ။ ခွန်းက အခုမှ ဆယ့်ခြောက်နှစ်သာသာပဲ ရှိသေးတာလေ။ အခုအချိန်မှာ ခွန်း စိတ်တွေ ဒေါသကြောင့် ပူလောင်နေတာပဲသိသည်။ ခွန်း မျက် ဝန်းထဲမှာ ကိုကျော် ဆိုတဲ့လူရဲ့ပုံကိုပဲ မြင်ယောင်နေသည်။

"ငါ့အစ်မကို ကျောခိုင်းသွားတဲ့လူ သေရင်တောင် ရှပ် ပျက်ဆင်းပျက်ဖြစ်ပြီး သေပါစေ"



www.burmeseclassic.com

ခွန်း ရင်ထဲက ကိုကျော်ကို အသံတိတ် ကျိန်ဆဲလိုက်ပါသည်။ သစ္စာမရှိ၊ ကတိမတည်တဲ့၊ နှမချင်းမစာနာတဲ့ ယောက်ျားတွေကို ခွန်း သိပ်မုန်းပါသည်။

မပြောမဖြစ်တဲ့ အခြေအနေမို့ အမေ့ကိုဖွင့်ပြောတဲ့ အချိန်မှာ ထင်ထားသည့်အတိုင်း အမေ ခြေမကိုင်မိ လက်မကိုင်မိတွေဖြစ်ပြီး သောကဗျာပါဒတွေ ပင်လယ်ဝေတော့သည်။ ခွန်းတို့ရဲ့သုံးယောက်တစ်ကမ္ဘာလေး မျက်ရည်သမုဒ္ဒရာထဲမျောတဲ့နေ့ပေါ့။





## ၁၄

အခန်းထဲကို မေမင်းမြတ် ဝင်လာပြီး မှန်တံခါးကို ဖိတ်ပြီး လော့ခ်ချလိုက်သည်၊

"မြတ် ... ဘာဖြစ်လို့ ကိုကို ဖုန်းခေါ်ဟာ မကိုင်တာလဲ၊ ကိုကို့မှာ ဘယ်လောက်တောင် စိတ်ပူရတယ်မှတ်လဲ"

မေမင်းမြတ်က လွယ်ထားတဲ့ စလင်းဘတ်အိတ်လေးကို ပခုံးကဖြုတ်ချပြီး စားပွဲပေါ် ပစ်တင်လိုက်သည်။

"ဒီနေ့ ကိုကိုနဲ့မြတ်တို့ ပြတ်ပြတ်သားသား စာရင်းရှင်းရမယ့်နေ့ပဲ ကိုကို"

www.burmeseclassic.com



ပါးစပ်က ကိုကိုလို့ ခေါ်နေပြား မေမင်းမြတ်ရဲ့ မျက်ဝန်းနဲ့ လေသံမှာ ဒေါသတွေ အင်အားကြီးကြီးနဲ့ စွက်ဖက်ပါဝင်နေတာ ဉက္ကာမျိုး ကောင်းကောင်းသိနေပါသည်။ ဘာကြောင့် မြတ် ဒီလောက် ဒေါသထွက်မှန်း သူ မသိမဟုတ် သိနေပါသည်။

"Channel ကိစ္စနဲ့ မြတ်ကို နိုင်ငံခြားလွှတ်တာ ကိုကို ဒီမှာ ကဲချင်တိုင်းကဲဖို့လားဟင်၊ မြတ်မှာ မျက်စိတွေနားတွေရှိတာ ကို မသိဘူးလား၊ Central Hotel မှာလုပ်တဲ့ Show ပွဲကို ကိုကိုဘယ်သူနဲ့သွားခဲ့လဲ၊ ပြီးတော့ မိတ်ကပ်ရင်ရင်ရဲ့ မွေးနေ့ပွဲကိုလည်း ကိုကို ဘယ်သူနဲ့တက်ခဲ့တာလဲ"

"ယမင်းနဲ့ပါ မြတ်၊ သူက ကိုယ်မွေးရင် ကိုယ့်သမီးလောက်ပဲရှိတာ၊ အရင်က ကိုယ်တို့အိမ်နားမှာ နေသွားတော့ ခင်မင်ရင်းစွဲလည်း ရှိခဲ့တယ်လေ၊ ပြီးတော့ သူကတက်သစ်စ, အနုပညာရှင်ဆိုတော့ ကိုယ် သူ့ကို ဒီအသိုင်းအဝိုင်းထဲ ဝင်ဆံ့အောင်ခေါ်သွားမိတာပါ၊ ဘာဖြစ်လို့လဲ။ ကိုကို ဘယ်လောက်တောင် အပြစ်ကြီးကြီးမားမား ကျူးလွန်ခဲ့လို့လဲ"





မြတ်က တစ်ဖက်လှည့်ပြီး မဲ့ပြုံးပြုံးလိုက်သည်။ ဉက္ကာမျိုး ဆိုတဲ့ လူဆီမှာ ဆင်ခြေတွေကတော့ အမြဲအပြည့်ပဲလေ။

"ဟုတ်ပြီလေ ကိုကို၊ မြတ်ကလည်း သွေးနဲ့ကိုယ် သားနဲ့ကိုယ် ခံစားတတ်တဲ့ နှလုံးသားရှိတယ်၊ စိတ်လည်းရှိတယ်၊ အရုပ်တစ်ရုပ် မဟုတ်ခဲ့ဘူး၊ ပြီးတော့ ကိုကို့ကို အမြဲစိုးရိမ်စိတ်မချ ဖြစ်နေရတဲ့ ဒီဘဝကို မြတ် မလိုချင်တော့ဘူး၊ ဒီတော့ ကိုကို တိကျတဲ့အဖြေပေးပါ၊ မြတ်နဲ့ တရားဝင်လက်ထပ်မလား၊ မြတ်နဲ့ လမ်းခွဲမလား"

"ဟော့ ... မြတ်၊ ဒီကိစ္စက ဒီလောက်ပေါက်ကွဲစရာကိစ္စမဟုတ်ဘူးကွ"

အရင်က ကိုကို ဒီလိုရုပ်တည်နဲ့ တစ်ချက်အော်လိုက်တာနဲ့ မြတ် ငြိမ်သွားတတ်ပါသည်။ အခုတော့ မြတ် မငြိမ်နိုင်တော့။ ဘာအတွက်ကြောင့် မြတ်ပေါ်မှာ သစ္စာမရှိတဲ့၊ မကြင်နာတဲ့လူရဲ့ အသုံးတော်ခံ လုပ်နေရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ... ကိုကို မဆုံးဖြတ်နိုင်ရင် မြတ် ဆုံးဖြတ်မယ်၊ မြတ် ကိုကိုနဲ့ လမ်းခွဲတော့မယ်"

"မင်းက ငါနဲ့လမ်းခွဲမယ်၊ မင်းက ငါနဲ့ လမ်းခွဲမယ် ... ဟုတ်လား မြတ်၊ ကြိုက်တယ်၊ ဒါမျိုး ဥက္ကာမျိုးတို့ သိပ်ကြိုက်တာပေါ့၊ သွားပေါ့ မြတ်၊ ငါ မင်းကိုတားခဲ့တာ မဟုတ်ဘူးနော်၊ မင်းဘာသာမင်း နေခဲ့တာ"

"ဟုတ်တယ် ကိုကို၊ မေမင်းမြတ်က အရှုံးမဟုတ်ဘူး၊ ငနုံအတစ်ယောက် မဟုတ်ဘူး၊ ရှုံးသွားတယ် ဆိုရင်တောင် တဒင်္ဂပဲ ဖြစ်မယ်၊ တစ်ဘဝလုံးတော့ မဖြစ်နိုင်ဘူး၊ ရှင်နဲ့ ပတ်သက်ခဲ့တာ မြတ် ဘဝ,ဘဝက ရှင့်ကိုပေးဆပ်စရာ အကြွေးရှိလို့ပဲ ဖြစ်မှာပါ၊ အခုတော့ အကြွေးတွေကျေပြီ ထင်ပါရဲ့၊ မြတ် သွားတော့မယ်၊ good bye နော်"

ရင်ထဲမှာ လှိုက်လှိုက်တက်အောင် မြတ် ငိုချင်ပေမယ့် ဒီဝေဒနာတွေအားလုံးကို မြိုချပြီး မြတ် မျက်နှာတစ်ချက်မပျက်အောင် သူ့ရှေ့မှာ နေခဲ့မိသည်။ မျက်ရည်ကျပြတိုင်းသနားတတ်တဲ့ အစားထဲမှာ ကိုကိုမှ မပါခဲ့ဘဲ။ အခု မြတ်ရဲ့ပြတ်သားတဲ့မျက်နှာကိုကြည့်ပြီး သူ အခံရခက်နေမှာ မြတ်သိပါသည်။ ယောကျ်ားတွေက ဘာကြောင့်များ မိန်းမတွေကို အပိုင်တွက်ထားကြပါလိမ့်။





မိန်းမတစ်ယောက်ရဲ့စိတ်က ပျော့ရင် ဖယောင်း၊ မာရင် သံချောင်းဆိုတာ သင်းတို့ မသိလေရော့လား။

"အေး ... တစ်ခုတော့ ပြောလိုက်မယ်နော် မြတ်၊ ငါ့ဆီက ထွက်သွားပြီးတဲ့ မိန်းမတစ်ယောက် ငါ့ဆီကို နောက်တစ်ကြိမ် ပြန်လာခွင့်မရှိဘူး ဆိုတာတော့ မင်း မြဲမြဲမှတ်ထားလိုက်ပါ"

"သြော် ... ခက်ပါလား၊ ထွက်သွားပါတယ်ဆိုမှ ပြတ်သားလို့ပေါ့ ဦးဥက္ကာမျိုးရယ်၊ မြတ်က ရှင့်ထက် ဆယ့်စုနှစ်တစ်နှစ်ကျော်လောက် ငယ်တာကိုလည်း မေ့မထားပါနဲ့၊ မြတ်အတွက် ယောကျ်ားပေါပါတယ်"

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



မှန်တံခါးကို လော့ခ်ဖွင့်ပြီး ထွက်ခွာသွားတဲ့ မေမင်းမြတ်ကို ဥက္ကာမျိုး ဒေါသတစ်လှေကြီးထွက်လို့ ကျန်ခဲ့သည်။ မြတ် သူ့ကို ဒီလိုပုံစံမျိုးနဲ့ စွန့်ခွာသွားလိမ့်မယ်လို့ သူ ယောင်လို့တောင် အိပ်မက် မမက်မိခဲ့။ သွားပေါ့။ မိန်းမတွေများ ပေါလွန်းလို့။





## ၁၅

အခုတလော အိမ်သားတွေအားလုံး သူ့ကိုစကားဟဟ မပြောကြ။ ကြဉ်ထားသလိုပုံကြီးမို့ သူ အနေရအထိုင်ရ ခက်လှသည်။ ရည်းစားထားတာ ဒီလောက်ထိခိုက်စရာကိစ္စမို့လို့လား။ အိမ်နဲ့နေရတာ အဆင်မပြေလို့ ခွန်းနဲ့ အဆင်ပြေသလားဆိုတော့လည်း မပြေ။ သင်းလည်း အခုရက်ပိုင်းတွင်း အချိုးပြောင်းနေသည်။

အရင်ကဆို စာကို တစ်မျက်နှာ၊ နှစ်မျက်နှာရေးတတ်ပေမင့် အခုတော့ စာလေးသုံးလေးကြောင်းကို မနည်းရေးနေရသည့်ပုံ။ အရင်ကလို စီးမျောသက်ဝင်မှုမရှိဘဲ တာဝန်ကျေရေးသလိုမျိုးမို့ သူ ရင်နာရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... ကျွန်တော့်ကို ဘာမကျေမနပ် ဖြစ်နေတာလဲ၊ ဒီလိုကြီးတွေ မနေပါနဲ့၊ ကျွန်တော် မနေတတ်ဘူး"

"မေမေ စိတ်မကောင်း ဖြစ်နေတာပါ သော်သော်ရယ်၊ ဟာကယ်တော့ ရည်းစားထားတယ်ဆိုတာ အပြစ်မဟုတ်ပါဘူး၊ ဒါပေမဲ့ အခြေအနေ အချိန်အခါဆိုတာ ရှိသေးတယ်လေ သော်သော်ရဲ့၊ ဆယ်တန်းဖြေပြီးရင် မင်းကြိုက်သလောက် ရည်းစားထားပါ၊ မေမေ ခွင့်ပြုတယ်၊ အခု ဒီလို အခြေအနေမှာတော့ မေမေ လက်မခံနိုင်ဘူး သား"

သော်သော်စစ် ခေါင်းငိုက်စိုက် ကျသွားသည်။ ရည်းစားထားတာနဲ့ စာကြည့်တာ တစ်ကဏ္ဍဆီဆိုပေမင့် ခွန်းနဲ့ ပတ်သက်တဲ့ ခံစားမှုက သူ့ရဲ့စာကြည့်ချိန်ကို အနည်းနဲ့အများ အနှောင့်အယှက် ပေးတာတော့ အမှန်မို့ သူ ငြင်းမရ။

ခါတိုင်း သောကြာနေ့တိုင်း ခွန်းကို လမ်းထိပ်အထိ လိုက်ပို့ရင် စကားတွေ ရေပက်မဝင်အောင် ပြောတတ်တဲ့ ခွန်း၊ အခုတော့ မတတ်သာလို့ သူလိုက်လာတာကို မဟန့်တားခဲ့သော်





လည်း သူမစိတ်တွေကတော့ တခြားမှာ ရှိနေပုံရသည်။ ဘာဖြစ်တာလဲ မေးတော့လည်း မဖြေ။ သံသယစိတ်တွေနဲ့ မွန်းကျပ်လွန်းတဲ့ဒဏ်ကို သူ ဆက်သည်းမခံချင်တော့။

"ကျွန်တော် သူ့ကို ဖြတ်လိုက်ပါမယ် မေမေ၊ ဒါပေမဲ့..."

"ဒါပေမဲ့ ဘာဖြစ်လဲ သော်သော်"

"သူ့ကို မမြင်နိုင်တဲ့ တစ်နေရာရာမှာ ကျွန်တော် နေလိုက်မှ သူ ကျွန်တော့်စိတ်ထဲက ပျောက်သွားလိမ့်မယ်"

မေမေက သူ့ကိုကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေသည်။ သူမတို့ကလည်း သော်သော့်ကို ဘော်ဒါဆောင်တစ်ခုကိုပို့ဖို့ စီစဉ်ထားကြသည်။ အတင်းအကျပ် သွားထားတာထက် စာရင် သူကိုယ်တိုင် လိုလိုလားလား သွားချင်တာကို သူမတို့ ဝမ်းသာရမည်။ ဘယ်လိုနည်းနဲ့မှ သော်သော့်ကို ခြေချော်လက်ချော် မဖြစ်စေလိုပါ။ လောဘကြီးတာ မဟုတ်ပေမင့် သော်သော့်ကိုလည်း ရှေ့ကနွစ်ယောက်လို ခြောက်ဘာသာဂုဏ်ထူး ရစေချင်၏။ ရနိုင်တဲ့ အနေအထားမျိုးလည်း ရှိတာကြောင့် တွန်းအားပေးရတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့အခန်းထဲက ထွက်လာပြီး သော်သော်စစ်စာကြည့်စားပွဲမှာ ဝင်ထိုင်လိုက်သည်။ စာအုပ်အပြာလေးရဲ့ နောက်ဆုံးတစ်ရွက်သာ ကျန်တော့သော စာမျက်နှာပေါ်မှာ စာရေးဖို့ အလှည့်ကျတာက သူ။ ရေးရမှာကဖြတ်စာ။ ကံကြမ္မာက တစ်ခါတည်းများ ကြိုစီစဉ်ထားလေရော့လား။

"ခွန်း ...

မေ့လိုက်တော့နော်။ စာထဲမှာ အာရုံစိုက်ပြီး ကြိုးစားပါလို့ပဲ ပြောခဲ့ပါရစေ။

သော်သော်"

ဒီစာတစ်ကြောင်း ရေးစဉ်ခဏမှာ သူ့မျက်ရည်တွေက စာရွက်သားပေါ်ဆီ တပေါက်ပေါက် ကျသွားသည်။ ဒီအတိုင်းဆက်သွားရင် ငါ ဆယ်တန်းမှာ ဂုဏ်ထူးခြောက်ဘာသာပါဖို့ နေနေသာသာ အောင်အောင်တောင် မနည်းဖြေရမှာလေ ခွန်း။ ဘာလို့လဲဆိုတော့ နင့်ရဲ့မျက်နှာမကြည်တာ။ နင့်ရဲ့အမူအရာတွေပြောင်းသွားတာ ဘာကြောင့်လဲလို့ ငါ အမြဲပဲ တွေးနေမိလို့ပါ





ခွန်း။ နင့်စိတ်ထဲမှာ ငါ တဖြည်းဖြည်းနဲ့ ပျောက်ဆုံးသွားပြီဆိုတာ သေချာသွားပြီးတဲ့နောက်မှာ ငါ ဘာကြောင့် ငါ့ရဲ့အနာဂတ်ကို ပြိုကျအောင် လုပ်တော့မလဲ။

သော်သော်စစ် ပျော့ခွေ့သွားတဲ့ သူ့စိတ်ကို ပြန်တင်းရင်း မျက်ရည်တွေကို ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်သည်။ ခွန်းသူ့ရဲ့ဒီစာကို ဖတ်ရရင် ဘယ်လိုနေမလဲ။ ဘယ်လိုနေနေ။ သူ့မျက်နှာကို သူ မကြည့်တော့ဖို့ ဆုံးဖြတ်လိုက်ပါသည်။

C ခန်းရှေ့က သူ ဖြတ်သွားတော့ ကျောပိုးအိတ်ထဲကစာအုပ်ကို ဆွဲထုတ်လိုက်သည်။ အရင်ကဆို ကျောင်းဆင်းလူရှင်းတဲ့အချိန်ကျမှ ခွန်းနဲ့ သူ စာအုပ်အပေးအယူ လုပ်သည်။ အခုတော့ သူ ဒီလိုမလုပ်ချင်တော့။ ပြတင်းပေါက်နားက ခွန်းသူငယ်ချင်းကောင်မလေးကို မေးဆတ်ပြီး ခွန်းကို ပေးခိုင်းလိုက်ပါသည်။

ပုံမှန်မဟုတ်တဲ့ သူ့အပြုအမူက ခွန်းစိတ်ကို ထင့်သွားစေသည်။ သူ ဘာလို့ ကျောင်းဆင်းချိန်အထိ မစောင့်ရတာလဲ။ အခုတလော ခွန်း သူ့ကို စိတ်ထဲသိပ်မထည့်နိုင်။ မသွန်း



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စနဲ့ပတ်သက်ပြီး ဘာကိုမှ စိတ်မဝင်စားနိုင်အောင် ဖြစ်ရသည်။ မမသွန်းကို အခု အမေရဲ့ညီမဝမ်းကွဲ အဒေါ်တစ်ယောက်ရှိတဲ့ရွာကို ပို့ထားလိုက်သည်။ ကလေးဖျက်ချဖို့ မမသွန်းက ငြင်းဆန်သလို အမေကလည်း မလုပ်ရက်ခဲ့။ ဒီတော့ ကြာကြာနေရင် အရှက်ကွဲရမည်မို့ အဒေါ်ဆီ အကျိုးအကြောင်းပြောပြီး ပို့ထားလိုက်သည်။ ခွန်းကတော့ မမသွန်းရဲ့ဒုက္ခတွေကိုကြည့်ပြီး ကိုကျော်ဆိုတဲ့လူကိုသာ နာနာကျိန်ဆဲမိပါသည်။

"ခွန်း ... ဘာတွေရေးထားတာလဲ၊ ဖတ်ကြည့်ပါလား"

ခွန်းက ခေါင်းခါလိုက်သည်။ သူငယ်ချင်းတွေရှေ့မှာ ဖတ်ရမှာ ရှက်စရာကြီး မဟုတ်လား။ ဒါပေမင့် ခွန်း ကိုယ်တိုင်လည်း ဒီနေ့ သူ့ရဲ့ထူးခြားတဲ့ အပြုအမူကြောင့် စိတ်ထဲမရိုးမရွနဲ့ ဖတ်ချင်မိတာတော့ အမှန်။ မုန့်စားကျောင်းဆင်းတော့ သူအခန်းရှေ့က ဖြတ်သွားလေမလား မျှော်မိသော်လည်း သူပေါ်မလာ။ စိတ်မထိန်းနိုင်တဲ့အဆုံးမှာ ခုံပေါ် မျက်နှာမှောက်ချရင်း စာအုပ်လေးကို ပေါင်ပေါ်တင်ပြီး ဖွင့်ဖတ်မိသည်။





"ဟင်"

တစ်ကြောင်းတည်းသောစာက ခွန်းရဲ့ရင်ကို မိုးကြိုးနဲ့ ပစ်ခွင်းလိုက်သလို။ ဘာကြောင့်လဲ။ ဘာကြောင့်လဲ။ နင် ဘာလို့ ဒီလိုရေးရက်တာလဲ သော်သော်ရယ်။ နာကျင်မှုကြောင့် မျက်ရည်ဝိုင်းတက်လာပေမင့် "ကျောင်း"ဆိုတဲ့ အသိကြောင့် ခွန်းမနည်းထိန်းချုပ်လိုက်ရသည်။ စာအုပ်ကိုပိတ်ပြီး လွယ်အိတ်ထဲကို ခပ်မြန်မြန် ထိုးထည့်လိုက်သည်။ နို့မို့ ဒီစာအုပ်ကို ခွန်း စိတ်ရှိလက်ရှိ ဆွဲဖြဲပစ်လိုက်မိလိမ့်မည်။

ကျောင်းဆင်းတော့ သော်သော့်ကို စောင့်နေမိပေမင့် သူ့ကိုတွေ့ရင် ခွန်း ဘယ်လိုစကားနဲ့ တုံ့ပြန်ရမလဲ တွေးမတတ်နိုင်ခဲ့။ သူက တည်တည်ငြိမ်ငြိမ်နဲ့ ခွန်းတို့အခန်းရှေ့က ဖြတ်သွားသည်။ ခွန်းဘက်ကို တစ်ချက်လေးတောင် လှည့်မကြည့်။

"ကောင်းပြီ သော်သော်စစ်၊ ငါ့ကို ဘလိုင်းကြီး ဖြတ်သွားတဲ့ တနင်္လာနေ့ကို နင့်ဘဝမှာ စိုးထိတ်မှုများစွာနဲ့အတူ အမြဲအမှတ်တရ ရှိနေပါစေ"



www.burmeseclassic.com

www.burmeseclassic.com



စိမ်းကားလွန်းတဲ့သူ့ကို မျက်ရည်အပြည့်နဲ့ ခွန်းနာကြည်းစွာ ကျိန်ဆိုမိလိုက်သည်။ အဲဒီကျိန်ဆိုမှုဟာ သော်သော်စစ်ရဲ့နောက်ကို အရိပ်လိုမိုးပြီး လိုက်ပါသွားခဲ့မှာ သူမ မသိရိုးအမှန်ပါ။

○ ❦ ○





## ၁၆

လျှူးလျှူးစံ ဆိုတဲ့ ကောင်မလေးကို အတွေ့မှာ ခွန်းရင်ထဲ တစ်မျိုးလေး ခံစားလိုက်ရသည်။ မနာလိုမှုတစ်ခုထက် အားကျမှုတစ်ခုတော့ ဖြစ်ဖို့များပါသည်။ သူမက ခါတ်ပုံထဲမှာထက် အပြင်မှာ ပိုချစ်ဖို့ကောင်းပြီး မျက်နှာအေးကလေး၊ သူမရဲ့ ချစ်စဖွယ်အပြုံးက လှုတိုင်းကို ခင်မင်စိတ်ပွားစေ၏။ "မျက်နှာမြင် ချစ်ခင်ပါစေ"ဆိုတဲ့ဆု ပြည့်သူလေးပေါ့။ ခွန်းတို့ရုပ်နဲ့တော့ တော်တော်ကွာပါသည်။ ခွန်းနဲ့ မခင်ဘူးတဲ့သူဆို ခွန်းရဲ့ဂျစ်တစ်တစ်ရုပ်ကိုကြည့်ပြီး အမြင်ကတ်ကြပါသည်။ အဲဒီလိုကို လျှူးလျှူးစံနဲ့ ခွန်းချိုခတို့ ကွာခြားလွန်းတာ။



www.burmeseclassic.com

www.burmeseclassic.com



အပြုံးချင်းဖလှယ်နေကြတဲ့ သူတို့နှစ်ယောက်ရဲ့မြင်ကွင်းက ခွန်းရှေ့တည့်တည့် ရောက်လာ၏။ အင်တာဗျူးဖြေဖို့ သူ့ကောင်မလေးကို လာအားပေးတာ နေမည်။

"လိုက်ဖက်ညီလိုက်ကြတာနော် ... ခွန်း"

"အင်း"

"ကောင်မလေး မျက်လုံးတွေက သော်သော်စစ်ကို အရမ်းအားကိုးပြီး တန်ဖိုးထားကဲ့ ပုံပဲ"

"အင်း"

"သော်သော်စစ်က ရယ်လိုက်ရင် ပိုချောသွားတယ်နော်"

"အင်း"

တအင်းတည်း အင်းနေတဲ့ ခွန်းကို မေသူက စူးစူးစမ်းစမ်း စိုက်ကြည့်လာ၏။

ဒီမိန်းမ သော်သော်စစ်နဲ့ ပတ်သက်ရင် နည်းနည်းတော့ ထူးခြားနေသည်ဟု သူမ ထင်သည်။ ဘာလဲ ဆိုတာတော့ သူမလည်း သေချာမသိ။





"မေမင်းမြတ် မရှိတော့ ဘော့စ် ဘယ်လိုနေထိုင် စားသောက်နေလဲ မသိဘူး၊ secretary ထပ်ခေါ်မယ်ဆိုတဲ့ အသံလည်း မကြားမိဘူး၊ ပြောလို့ ပြောတာမဟုတ်ဘူး၊ မေမင်းမြတ်က တော်ပါတယ်၊ ဘော့စ်ကိုလည်း တော်တော် ဂရုစိုက်တယ်၊ သူတို့ ဘာပြဿနာတက်ကြလဲ မသိဘူး နော်"

မေသူကတော့ သူ့ထုံးစံအတိုင်း ခွန်းကို တတွတ်တွတ်နှင့် ပြောနေသည်။ သူ့စကားတွေက ခွန်း နားထဲမှာ မဝင်တစ်ချက် ဝင်တစ်ချက်။

"ဒီတစ်သုတ်ပြီးရင် presenter post နော် မေသူ၊ form တွေ အဆင်သင့် လုပ်ထားပါဦး"

"အေးပါဟယ်"

အင်တာဗျူးရှိသည့် ဒီလိုနေ့မျိုးဆိုရင် ကုမ္ပဏီမှာ အားလုံး အလုပ်ရှုပ်ကြပါသည်။

"ဂျူးဂျူးစ်"



www.burmeseclassic.com

www.burmeseclassic.com



ခွန်းချိုခက တစ်ခုတည်းသော ကျန်နေတဲ့ လျှောက်လွှာကိုကိုင်ရင်း ခေါ်သည်။ တခြားလူတွေက ဖောင်ယူပြီး အင်တာဗျူးခန်းထဲ ဝင်ကုန်ကြပြီ။ သူကတော့ သော်သော်စစ်နဲ့စကားပြော ကောင်းတုန်း။

"ဂျူးဂျူးစံ"

ခွန်းချိုခက လေသံထပ်မြှင့်ပြီး ခေါ်လိုက်မှ သူတို့နှစ်ယောက် ပတ်ဝန်းကျင်ကို သတိပြုမိဟန်နှင့် အူယားဖားယားနှင့် reception ဆီ ရောက်လာသည်။

"အင်တာဗျူးဖြေဖို့ ငါးမိနစ်ပဲ လိုတော့တယ်"

"sorry ပါရှင်"

ဂျူးဂျူးစံက ခပ်တိုးတိုးပြောရင်း ဖောင်ကိုလှမ်းယူကာ အင်တာဗျူးခန်းဘက် ထွက်သွားသည်။ သော်သော်စစ်ရဲ့မျက်ဝန်းတွေနဲ့ ခွန်းချိုခရဲ့မျက်ဝန်းတွေ ဖျတ်ခနဲ ဆုံမိကြသည်။ သော်သော်စစ်ကအရင် မျက်လုံးလွှဲပြီး သူ့အလုပ်ခန်းဘက် ထွက်သွားသည်။ နင် ငါ့ကို နည်းနည်းလေးမှ မျက်နှာမပူဘူးလား





သော်သော်ရယ်၊ အေးလေ … ခြောက်နှစ်ဆိုတဲ့ အချိန်ကာလဟာ လူတစ်ယောက်ကို အပြောင်းလဲကြီး ပြောင်းလဲစေနိုင်တာပဲ။ ပြောင်းလဲနိုင်တဲ့ ငါ့မှာသာ …။

သော်သော်စစ် ကျောင်းကထွက်ပြီး ဘော်ဒါသွားခက်သည့်နေ့ကို ခွန်း ပြန်၍အမှတ်ရမိပါသည်။ ခွန်းကို သူဖြတ်ပြီး တစ်ပတ်တိတိအကြာ တနင်္လာနေ့မှာပေါ့။ ပထမ ရိပ်မှန်းမှန်း ကြားမိပေမင့် တကယ်လို့ ခွန်း မထင်ခဲ့။ တကယ်တမ်းသူ ထွက်သွားပြီဆိုတာ ချွန်း သိတဲ့အခါ ရင်ကွဲပက်လက် ဖြစ်ရသည်။ ခွန်းနဲ့ သော်သော်စစ်တို့အကြောင်း သိထားတဲ့ ကျောင်းသား ကျောင်းသူတိုင်း ခွန်းကို သနားကြပါသည်။ တချို့ဆို လာအားပေး၏။

ထိုနေ့ညက ခွန်း ငိုပွဲဆင်ခဲ့တဲ့ညပေါ့။ အသောမတော်နိုင်တဲ့ မျက်ရည်တွေနဲ့အတူ ချစ်ရတဲ့ သော်သော်ရဲ့ရုပ်ပုံလွှာကို ပြန်ဖော်ရင်း ခွန်း လက်နှစ်ဖက်ယှက်ဆုပ်လို့ ခပ်တိုးတိုး ဆုတောင်းမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဆီကို ပြန်လာပါ သော်သော်ရယ်"

ဒါပေမဲ့ ခွန်း အာရုံမှာ သူ့ပုံရိပ်ကို ပြက်ပြက်ထ… ထင် မမြင်ရ၊ ဝေဝါးလွန်းနေသည်။ တကယ်လက်တွေ့မှာလည်း သော်သော် ခွန်းဆီကို ပြန်မလာပါ။

ကိုယ့်ကိုယ်ကိုယ် super natural power ရှိတယ်… ယုံမှတ်ခဲ့တဲ့ ခွန်း၊ အရင်ကကိစ္စတွေကို တိုက်ဆိုင်မှုတစ်ခု… သတ်မှတ်ရတော့မလို ဖြစ်ခဲ့ပါသည်။

မမသွန်းရဲ့ဘဝကို ဖျက်ဆီးခဲ့တဲ့ ကိုကျော် ထ… ယောက် ဒူဘိုင်းက စက်ရုံတစ်ခု မီးလောင်တဲ့ထဲ ပါသွားသည်… တဲ့ သတင်းကြားရတော့ ခွန်းရဲ့ကျိန်ဆိုမှုကို ပြန်အမှတ်ရမိလို… သည်။ ဒါကျတော့ ဘာကြောင့် ခွန်း ကျိန်သလို ဖြစ်ခဲ့ရတာ… နောက်ပိုင်းတော့ ခွန်းပါးစပ်ကဖြစ်ဖြစ်၊ စိတ်ကဖြစ်ဖြစ် တ… ယောက်ယောက်ပေါ်မှာ မကျိန်ဆဲမိအောင် အထူးဂရုစိုက်မိလို… သည်။

"ဟောတော့"





…မေသူက မျက်လုံးပြူးပြီး အသံမထွက် အာမေဋိတ် ပြုလိုက်တာမို့ ခွန်းရဲ့အတွေးစ ပြတ်သွားသည်။ မေသူ လှမ်း ကြည့်ရာဆီ လိုက်ကြည့်မိတော့ သော်သော့်ကို လူနှစ်ယောက်တွဲ …ကြတာ မြင်လိုက်ရသည်။ သူ့မျက်နှာက ရှုံ့မဲ့ပြီး နာကျင်မှုကို …တော်အောင့်အည်း သည်းခံနေရတဲ့ဟန်။ သူ့မျက်နှာပြင်ပေါ် …မှာ ချွေးသီးလေးတွေ ထ နေတာတောင် ခွန်း ဘေးတိုက်အနေ …အထားနဲ့ မြင်လိုက်ရပါ၏။

"ကိုကျော်စွာ ... သော်သော်စစ် ဘာဖြစ်တာလဲ"

"toilet မှာ ခြေချော်သွားလို့ ဒူးခေါင်းရိုး အက်သွားတယ် ထင်တယ်၊ အဲဒါ ဆေးခန်းပို့ပေးမလို့"

မေသူက စပ်စပ်စုစုနဲ့ လှမ်းမေးပြီး တစ်ခုခုကို …တွေးမိဟန်နှင့် ခွန်းကို အမောတကောပြောသည်။

"ခွန်းရေ ... ဒီနေ့ တနင်္လာနေ့ပဲ"

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## (၁၇)

"မဖြစ်တော့ဘူး… မဖြစ်တော့ဘူး၊ ဒီအတိုင်းနေလို့ ဘယ် နည်းနဲ့မှကို မဖြစ်တော့ဘူး"

ပတ်တီးစည်းထားတဲ့ ဒူးခေါင်းကိုကြည့်ပြီး မမကြီး… မကျေမနပ် ရေရွတ်သည်။ ဘာကြောင့်များ သော်သော် ဒီလောက် ဒုက္ခတွေ ကြီးနေပါလိမ့်။ ခေတ်ပညာတတ်တွေမို့ ပယောဂ ဘာ… ညာ အယုံအကြည် မရှိကြပေမင့် တနင်္လာနေ့တိုင်းမှာ တစ်ခု… ဟုတ်တစ်ခု ဖြစ်နေတဲ့ သော်သော်ရဲ့အဖြစ်က ဘယ်လိုမှကို လျစ်လျူရှုလို့မရအောင် သူတို့ကို ခေါင်းစားစေသည် မဟုတ်လား။





"ဟုတ်တယ် မေမေ၊ သမီးတို့ တစ်ခုခုလုပ်မှ ဖြစ်တော့မယ် ထင်တယ်၊ အခု သော်သော် ဖြစ်နေတာက မရိုးဘူး၊ တစ်ယောက်ယောက် ပြုစားထားတာပဲ ဖြစ်မယ်၊ တနင်္လာနေ့တိုင်း ကံဆိုးမှုတစ်ခုခုနဲ့ ကြုံရအောင် ပြက္ခဒိန်နဲ့များ လုပ်ထားသလား မသိဘူး၊ သမီးတို့ ပေါ့နေလို့ မဖြစ်တော့ဘူးနော် မေမေ"

သမီးနှစ်ယောက်စကားကြောင့် ဒေါ်နီလာလည်း တွေးသွားမိသည်။

ခြောက်နှစ် … ခြောက်နှစ်ဆိုတဲ့ ကာလအတွင်းမှာ တနင်္လာက သော်သော့်ကို ကံဆိုးမှုများစွာ ပေးခဲ့သည်။ ပထမဦးဆုံး သော်သော့်ကို ပြင်ဦးလွင်က ဘော်ဒါဆောင်ကိုပို့သည့် တနင်္လာနေ့မှာ ကားအက်စီးဒင့်ဖြစ်ပြီး သော်သော်ရဲ့ဘယ်လက်တစ်ချောင်း အရိုးအက်သွားခဲ့သည်။

နောက်တော့ တနင်္လာနေ့တိုင်း တစ်ခုမဟုတ်၊ တစ်ခုတော့ သော်သော့်ဆီက အမြဲကြားခဲ့ရသည်။ ဆယ်တန်း



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲရောက်လာတော့ တနင်္လာနေ့ ဖြေရသည်။ physics ဘာသာမှာ သော်သော် မေးခွန်းတစ်ဝက်လောက်အထိပဲ ဖြေနိုင်ပြီး စာမေးပွဲခန်းထဲမှာ မူးလဲခဲ့သည်မို့ ဂုဏ်ထူးငါးခုသာ ပါခဲ့သည်။ ဆေးအမှတ်လည်း မဝင်တာနှင့် ရန်ကုန် နိုင်ငံခြားဘာသာ တက္ကသိုလ်ပဲ ပို့လိုက်ရသည်။

"ဟုတ်တယ် ... မေမေလည်း စဉ်းစားနေတာ၊ အရင်ကတော့ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ရတာပဲလို့ သဘောထားခဲ့တာ၊ အခုရက်ပိုင်းအတွင်းမှာ ပိုပြင်းထန်လာသလိုပဲ"

"မေမေ့အသိတွေကို နည်းနည်းပါးပါး မေးကြည့်ပြီး ဆရာလေး ဘာလေး ရှာပါလား မေမေရယ်၊ မရိုးသားတာတော့ အမှန်ပဲ"

သော်သော်စစ်ကတော့ တစ်စုံတစ်ရာကို တွေးတောနေသည်။ မှတ်မှတ်ရရ သူ ဒီကုမ္ပဏီကိုရောက်တော့မှ ပိုပြီး ကံဆိုးမှုတွေ ပြင်းထန်လာရတာ ဘာကြောင့်လဲလို့ပေါ့။ သူ ဒီဒုက္ခကနေ ကင်းလွတ်ချင်လှပါပြီ။





တနင်္လာနေ့ရောက်ရင် ဘာများ ထပ်ဖြစ်မလဲဆိုတဲ့ စိုးထိတ်မှုက သူ့ တကယ်ကို နှိုးထချင်မိသည်။

"သမီးတို့လည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ စုံစမ်းကြည့်ပါဦးမယ်၊ ဒီအတိုင်း ဆက်နေရင် သော်သော့်ဘဝ လုံးပါးပါးတော့မယ်၊ စိတ္တဇဖြစ်ပြီး ရူးသွားရင် ဘယ့်နှယ်လုပ်ရမလဲ"

စိတ်ညစ်နေတဲ့ကြားက မမငယ် စကားကြောင့် သော်သော်စစ် အသာအယာ ပြုံးမိလိုက်သည်။

"ဟဲ့ ... သော်သော်၊ နင့်ဖုန်းလာနေတယ်"

vibration ပဲ လုပ်ထားတဲ့ဖုန်းကို ကြည့်ပြီး မမငယ်က သူ့ကို လှမ်းပြောတာမို့ သူ ဖုန်းကို ကောက်ကိုင်လိုက်သည်။ မှတ်မထားတဲ့ ဖုန်းနံပါတ်ဆို မကိုင်တတ်တာ သူ့အကျင့်။ အခုက မကိုင်လို့မဖြစ်။ မတော် ကုမ္ပဏီက တစ်ယောက်ယောက်က သတင်းမေးတာဆိုရင် မျက်နှာပျက်စရာ။

"ဟယ်လို"

"သော်သော်လား ... ငါပါ ခွန်းချို"



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်တဲ့ အချိန်မှာ မမျှော်လင့်ထားသူ တစ်ယောက်ရဲ့ဖုန်းကို လက်ခံလိုက်ရတာမို့ သူ အတန်ကြာတော့ ကြောင်နေပါသည်။

သူ အလုပ်ဝင်တဲ့အချိန်ကနေ အခုထက်ထိ ခွန်းနဲ့ ခပ်တမ်းတမ်းပဲ နေခဲ့တာမဟုတ်လား။

"ဪ ... ပြောလေ"

"ခြေထောက်ဘယ်လိုနေသေးလဲ၊ သက်သာလားဟင်"

သူ့အသံကြားတော့ ခွန်း ငိုချင်ပါသည်။ ခြောက်နှစ်ကျော်ကြာမြင့်ပြီးမှ ပထမဆုံး personal စကား ပြောရတာ မဟုတ်လား။ သူ့အတွက် ပူပန်နေတဲ့စိတ်တွေကို ဘယ်လိုမှ မချုပ်ထိန်းနိုင်တော့တာမို့ မာနနဲ့ ရှက်ရွံ့စိတ်တို့ကို ဘေးချိတ်လိုက်ရတာဖြစ်သည်။

"သုံးရက်လောက် ဆေးစည်းရမယ် ပြောတယ်"

သူ့လေသံက မတတ်သာလို့ စကားပြန်နေရတဲ့ လေသံလေ။ ဒါပေမဲ့ပေါ့နော်။ ခွန်း ကျေနပ်ပါတယ်။





"နင် တနင်္လာနေ့တိုင်း တစ်ခုခု ဖြစ်တယ်နော်။ ငါတို့ ဆယ်တန်းနှစ်ကအထိ နင် ဒီလိုမဖြစ်ခဲ့ပါဘူး၊ ဘယ်တုန်းက စ,ဖြစ်ခဲ့တာလဲ"

"မှတ်မှတ်ရရ ငါ ဘော်ဒါဆောင်သွားတဲ့ တနင်္လာနေ့က မှ စ,ဖြစ်ခဲ့တာပါ"

"ဪ"

ဘေးနားမှာ အမေနဲ့ အစ်မတွေ ရှိနေ၍ သော်သော်စစ် တစ်ယောက် စကားကို ထိန်းပြောနေရပါသည်။ ဘာလို့ရယ် မသိ သူနဲ့ အခု ဖုန်းပြောနေတာ ခွန်းချို ဆိုတာ အိမ်ကလူတွေ ကို မသိစေချင်ပါ။ ပြောပြဖို့လည်း ရည်ရွယ်ချက်မရှိပါ။

"မကြာခင် အားလုံး အဆင်ပြေသွားမှာပါ သော်သော်၊ တရားသဘောနဲ့ကြည့်ရင် ဒီလိုတွေဖြစ်ရတာ နင် ဝဋ်ကြွေး ရှိနေလို့ပါ၊ အကြွေးကျေတဲ့နေ့ နင် ကောင်းသွားမှာပါ"

သော်သော့်ဆီက ဘာစကားမှ ထပ်မထွက်လာခင် ခွန်း ဖုန်းချလိုက်ပါသည်။ အခုတော့ သူ ခံစားနေရတဲ့ကံဆိုး



www.burmeseclassic.com

www.burmeseclassic.com



ခြင်းတွေအတွက် ခွန်းမှာ တာဝန်လုံးလုံးရှိနေတာ သေချာသွားပြီပေါ့။

“ငါ့ပယောဂကြောင့်မို့ ငါ အစွမ်းကုန်ကြိုးစားပြီး ပြန်ဖြေပေးပါ့မယ် သော်သော်ရယ်”

○❦○





## ၁၈

“ကြွပါ ဆရာမကြီး”

ဂျာနယ်တစ်စောင်ကို ဖတ်နေတဲ့ သော်သော်စစ်တစ်ယောက် မမကြီးခေါ်လာတဲ့ အမျိုးသမီးကိုတွေ့တော့ မျက်မှောင်ကြုတ်သွားသည်။ ဆရာပင့်လာမယ်ဆိုရင် သူက အမျိုးသမီးဟု မထင်မိ၍ပါ။ အသက်က ငါးဆယ်နီးနီးလောက် ရှိပြီဖြစ်ပြီး သူမရဲ့မျက်လုံးတွေက အထဲကို ချိုင့်ဝင်ပြီး နက်ရှိုင်းတောက်ပြောင်နေ၏။ အကြည့်တွေကလည်း တစ်ဖက်သား၏ အသည်းနှလုံးကိုဖောက်ပြီး ကြည့်သလို စူးရှလွန်း၏။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါ ဆရာမကြီး၊ ဒါ ကျွန်မပြောတဲ့ ကျွန်မ မောင်လေး သော်သော်စစ်ပါ"

"ဪ ... ဪ ... ဒီကလေးလား၊ အင်း ... ဆရာမကြီး အချိန်သိပ်မရလို့ ပြောသွားတဲ့အတိုင်း လုံခြုံတဲ့ အခန်းတစ်ခု ဆရာမကြီးကို ပေးပါ"

"ဟုတ်ကဲ့ ဆရာမကြီး"

မမကြီးက ဆရာမကြီးကို စာကြည့်ခန်းထဲ ခေါ်သွားပေးသည်။ ဆရာမကြီးက သူမနဲ့ မျက်နှာချင်းဆိုင်က ခုံတစ်လုံးပေါ်မှာ သူ့ကို ထိုင်စေသည်။ မေမေ၊ မမကြီးနဲ့ မမငယ်တို့က ခပ်လှမ်းလှမ်း တစ်နေရာမှာ စုထိုင်ပြီး တိတ်တဆိတ်နဲ့ သူတို့နှစ်ယောက်ကို စောင့်ကြည့်နေကြသည်။

"မင်း ငါ့မျက်လုံးထဲကို သေချာစိုက်ကြည့်ပါ သော်သော်စစ်"

ဆရာမကြီးက အသံအောင်အောင်နှင့် သူ့ကိုအမိန့်ပေးသည်။ အခု သူ ရွံ့တွန့်တွန့် ဖြစ်နေသည်။ သူ့ကို ဘာလုပ်





မှာလဲ အိပ်မွေ့များ ချမလို့လား။ သို့လော သို့လော အတွေးတွေက သူ့ခေါင်းထဲ ပလုံစီလာသည်။

"ဘာမှမတွေးဘဲနဲ့ ငါ့မျက်လုံးကိုပဲ စိုက်ကြည့်ပါ သော်သော်စစ်၊ ဒါမှ မင်းရဲ့အဖြစ်သနစ်ကို ငါ အဖြေရှာပေးနိုင်မှာ"

သူ့ရင်ထဲက အတွေးကို ဆရာမ ရိပ်စားမိသည်ထင့်။ ဒီတစ်ခါတော့ သူ့ဆရာမကြီး ခိုင်းတဲ့အတိုင်း ဆရာကြီးရဲ့ မျက်လုံးထဲကို တည့်တည့်စိုက်ကြည့်လိုက်သည်။ ခဏအတွင်းမှာ ဝဲ လင်းနေတဲ့ ဒီအခန်းက မှောင်ကျသွားပြီး မှောင်နေတဲ့အခန်းထဲမှာ သူ အရိပ်လို ရွေ့လျားသွားလာနေသလို ခံစားလိုက်ရသည်။

သူ ရွေ့လျားသွားလာရင်းနဲ့ တစ်နေရာဆီ ရောက်လာသည်။ အဲဒီမှာ သူတွေ့ရတာက ခွန်း၊ မျက်ရည်အပြည့်နဲ့ သူ့ကို စိုက်ကြည့်နေသည်။ ပါးစပ်က ဘာစကားမှ မပြောပေမင့် သူမရင်ထဲက စကားသံတိုးတိုးကို သူ ကြားခွင့်ရလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ သော်သော်စစ်၊ ငါ့ကို ဘလိုင်းကြီးဖြတ်သွား တဲ့ တနင်္လာနေ့ကို နင့်ဘ၀မှာ စိုးထိတ်မှုများစွာနဲ့အတူ အမြဲအမှတ်တရ ရှိနေပါစေ"

"ဟာ"

သော်သော် သူ့ပါးစပ်က တအံ့တဩ ထွက်ကျလာ တဲ့ အာမေဍိတ်တစ်ခုကြောင့် ဒေါ်နီလာတို့ သားအမိသုံးယောက် လုံး ခေါင်းထောင်သွားကြသည်။

"ဘာမြင်လိုက်လဲ သော်သော်စစ်"

"ကျွန်တော် ... ကျွန်တော်"

ဆရာမရဲ့အမေးစကားမှာ သူ့စကားတွေ အ,ထစ် သွားသည်။ မယုံနိုင်စရာပါ။ ခွန်းရဲ့စိတ်ထဲက ဒီစကားလေးတစ် ခွန်းဟာ သူ့ဘ၀ကို ကံဆိုးမိုးမှောင်ကျစေခဲ့တယ်တဲ့လား။

"ကျွန်တော် ... ကျွန်တော်"

မေမေတို့ရှေ့မှာ ဒီအဖြစ်အပျက်ကိုပြောဖို့ သူနှုတ် ဆွံ့နေမိသည်။ ရင်ထဲမှာ ရှိနေသေးတဲ့ ခွန်းနဲ့ပတ်သက်တဲ့ လက်





ကျန်သံယောဇဉ်လေးကြောင့် သူ ပြောမထွက်နိုင်ခဲ့။ သူ့မစိတ်ထဲ က ဒီလောက်လေးပြောရုံလောက်နဲ့ သူ ဒီအချိန်အထိ ခံစားနေ ရတာကို သိပ်ပြီးလက်သင့်မခံချင်တာလည်းပါသည်။

"ဟဲ့ ... ဆရာမ မေးနေတယ်လေ၊ နင် ဘာတွေ့လဲ ပြော လိုက်လေ သော်သော်"

မမငယ်က အားမလိုအားမရနဲ့ သူ့နားနားကပ်ပြီး တိုးတိုးလာပြောသည်။

"နေပါစေ သမီး၊ မကြာခင်မှာ ကံဆိုးမှုတွေအားလုံး ပြယ်လွင့်သွားမှာပါ"

ဆရာမက အဓိပ္ပာယ်ပါတဲ့ အကြည့်နဲ့ သူ့ကိုကြည့် သည်။ သူဘာမြင်ရလဲ ဆရာမ သိနေပါလိမ့်မည်။ အဲဒီလိုပဲ သူ ဘာကြောင့် မြင်တာကို ပြောမထွက်တာလဲ ဆရာမ သိပါလိမ့် မည်။

"မင်း ငါ့ကိုယုံတယ်ဆိုရင် ငါ့ဆီကို လာခဲ့ပါ သော်သော်စစ်၊ ငါတို့ one by one ဆွေးနွေးကြရင် ပိုအကျိုးရှိလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာမကြီး"

သူလိုလိုလားလားပဲ အဖြေပေးလိုက်မိသည်။ မေမေနဲ့ အစ်မနှစ်ယောက် သူ့ကို အတင်းအစ်အောက်ပြီးမေးလည်း သူ မြင်တာကို ရေငုံနှုတ်ပိတ် နေလိုက်မိသည်။ မယုံနိုင်စရာပါလား ခွန်း။ နင် ကျိန်ဆိုတဲ့အတိုင်း ဖြစ်ရအောင် နင်ကဘာလဲ စုန်းမလား။

○ ❦ ○





( ၁၉ )

သော်သော်စစ် တစ်ယောက် ကွန်ပျူတာရှေ့မှာထိုင်ငိုင်နေမိသည်။ ဒီနေ့ အောင်စာရင်းထွက်သည်။ ဂျူးဂျူးင်တာဗျူးအောင်သည်။ သူ အပြည့်အဝကို မပျော်ရွှင်နိုင်ပါ။ ဂျူး ဒီမှာ အလုပ်ဆင်းပြီး သူနဲ့တတွဲတွဲနေတဲ့အခါ ခွန်းချိုအတိုင်းကြည့်နေမတဲ့လား။

အလုပ်ပင် လုပ်နေသော်ငြား သူ့စိတ်တွေက ယောက်က်ခတ်နေအောင် လှုပ်ရှားနေ၏။ မဖြစ်ဘူး။ ဂျူးဂျူးကို ဒီမှာလုပ်မဝင်ဖို့ သူ စည်းရုံးမှဖြစ်မည်။ သူကိုယ်တိုင်လည်း ဒီအလုပ်



www.burmeseclassic.com

www.burmeseclassic.com



က ထွက်သင့်ရင် ထွက်ရမည်။ နေမြော်တော့ နေမြော်စရာ။

အလုပ်မှာ သူ အစစအရာရာ အဆင်ပြေနေသည် မဟုတ်လား

"သော်သော်စစ် ... ဘော့စ်က သူ့ကိုလာတွေ့ပါလို့ပြော

တယ်"

staff တစ်ယောက်က သူ့ကို လာပြောတာမို့ သူ

boss အခန်းဘက်သို့ ထွက်လာခဲ့သည်။

"ပြော် ... လာ ... သော်သော်စစ် ထိုင်"

ဥက္ကာမျိုးက သူ့ရှေ့မှာ ထိုင်နေသည့် သော်သော်

စစ်ကို တစ်ချက်ကြည့်ရင်း ...

"မင်းအခု အလုပ်ဝင်တာ နှစ်လရှိသွားပြီ သော်သော်စစ်

မင်းအလုပ်လုပ်တာကို သဘောကျတယ်၊ ပုံမှန်ဆို သုံးလ

မှ permanent ဖြစ်ပေမယ့် မင်းကတော့ ချွင်းချက်ပေါ့

သော်သော်စစ်၊ ဒီလကုန်ကစ,ပြီး မင်း permanent ဖြစ်ပြီ

မင်းလုပ်တဲ့ ဒီဇိုင်းတွေအတွက်လည်း ကိုယ် percentage

ပေးမယ်"





သတင်းကောင်းတော့ သတင်းကောင်းပါ။ သို့သော်

ငြား သူ့ကို ပျော်ရွှင်မှု အပြည့်အဝ မပေးစွမ်းနိုင်ခဲ့။

"ကိုယ် private channel အတွက် လုံးပမ်းနေတာ မင်း

သိပါတယ်၊ အရည်အချင်းရှိတဲ့ ဝန်ထမ်းတွေ လိုအပ်နေ

တယ်၊ မင်းလိုဝန်ထမ်းမျိုးတွေပေါ့၊ နောက်ခန့်မယ့်ဝန်ထမ်း

တွေကိုတော့ ကိုယ် bond ထိုးခိုင်းဖို့ စဉ်းစားထားတယ်"

"ဟုတ်ကဲ့ ... ကောင်းပါတယ် အစ်ကို"

"မင်း ဘာပြောစရာ ရှိသေးလဲ သော်သော်စစ်"

"မရှိပါဘူး အစ်ကို"

"ဒါဆိုလည်း မင်း သွားလို့ရပြီ"

ဖင်းနွဲ့တဲ့ ခြေလှမ်းတွေနဲ့ သူ MD ရုံးခန်းထဲက

ထွက်လာခဲ့သည်။ ထားတော့။ သူ့ကိုအကူအညီပေးမယ့် ဆရာမ

ရှိထားနေရှိသည်။ ခွန်းချိုခရဲ့ ကျိန်စာစက်ကွင်းကလွတ်အောင်

နောက်ထပ် သူ့ကို မနှောင့်ယှက်အောင် ဒေါ်ယုစနေက သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



အကြံဉာဏ်ကောင်းတွေ ပေးနိုင်မည်ဟု သူ တစ်ထစ်ချ ယုံကြည် ပါသည်။ ဂျူးဂျူးကိုတော့ ဒီမှာ အလုပ်မဝင်ဖို့ တတ်နိုင်သလောက် သူ ဘားဆီးရလိမ့်မည်။

"အစီအစဉ်ကြည့်မရှိတာပဲ ကို"

ထင်တဲ့အတိုင်း ဂျူးဂျူးက သူ့ဆန္ဒကို ဆန့်ကျင်၏ ပြီးတော့ မိန်းကလေးပီပီ သဝန်တိုစိတ်နဲ့ သူ့ကို နှုတ်လှံထိုး သည်။

"ဘာလဲ ... ကို့က ဂျူးဂျူးနဲ့ ကုမ္ပဏီတစ်ခုတည်း အလု မလုပ်ချင်လို့လား၊ အရင်တုန်းက 'ကို'ပဲတက်ကြွပြီး ဂျူးဂျူ ကို အတင်း လျှောက်လွှာတင်ခိုင်းခဲ့တာ မဟုတ်လား ဘာလဲ ... ကို့ အသစ်တွေ့နေလို့လား"

"မဟုတ်တာကွာ"

"ဒါဆိုလည်း နိုင်မာတဲ့အကြောင်းပြချက် ဂျူးဂျူးကို လေ"





သူ သက်ပြင်းမောတစ်ခု ချလိုက်မိသည်။ ဒီရက် တွေအတွင်းမှာ သူ သက်ပြင်းချရပေါင်း အကြိမ်မနည်းတော့။ ဂျူးဂျူးကို အမှန်အတိုင်း ဘယ်နည်းနဲ့မှ ဖွင့်ပြောလို့မဖြစ်တာမို့ သူ လျှော့လိုက်ရပါသည်။

"ဘာမှမဟုတ်ပါဘူး ဂျူးဂျူးရာ၊ ကို့ ဒီကုမ္ပဏီကထွက် ရင် ကောင်းမလား စဉ်းစားနေလို့ပါ၊ တဲ ... ကဲ ... ဒီ ကိစ္စကို ဒီမှာပဲ ထားလိုက်တော့၊ ကို့နဲ့ ဂျူးဂျူး အဲဒီ ကုမ္ပဏီမှာ အတူတူ အလုပ်လုပ်ကြမယ်နော်"

ဒီတော့မှ ဂျူးဂျူး မျက်စောင်းလေးဝင့်ပြီး မျက်နှာ လေးက အလိုကျသွားဟန် ပြုံးသွား၏။ သူ့ရင်ခွင်ထဲ မှီနွဲ့ဝင် လာတဲ့ ဂျူးဂျူးရဲ့ကိုယ်လေးကို သူ အလိုက်တသင့် ဖက်ထား လိုက်သည်။

"ဪ ... အခုမှ သတိရတယ်၊ ကို့ရဲ့တနင်္လာကိစ္စကို ဆရာနဲ့ပြတာ အခြေအနေ ဘယ်လိုလဲ"

ဂျူးဂျူးက သူ့ရင်ခွင်ထဲကနေ သူ့မျက်နှာကို မော့ ကြည့်မေးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဆိုးပါဘူး၊ ဆရာမကြီးက ဒီပြဿနာကို ပြေလည်အောင် ဖြေရှင်းပေးမယ် ပြောတာပဲ၊ ဒီ တနင်္ဂနွေကို သူ့ဆီ သွားရမယ်"

"ဂျူးဂျူးလည်း လိုက်မယ်"

"လိုက်လို့မရဘူး ဂျူးဂျူးရဲ့၊ ဆရာမကြီးက အိမ်ကလူအွေ ကိုတောင် လိုက်နိုင်းတာ မဟုတ်ဘူး၊ ကို့တစ်ယောက်ထဲ သွားရမှာ"

"ဘာဖြစ်လို့လဲ"

"အကြောင်းရှိလို့ပေါ့ ဂျူးဂျူးရယ်၊ ကဲပါ ... ကို့ကိစ္စပြီးမှ ဂျူးဂျူးကို ခေါ်သွားပါ့မယ်၊ ဟုတ်ပြီးလား"

ဂျူးဂျူးက မကျေနပ်တဲ့ဟန်နှင့် နှုတ်ခမ်းလေးရှူ ထားသည်။ ဂျူးဂျူးက သူ့ကိုဂျီကျ ဆိုးနွဲ့တာမျိုးလေးတွေ ရှိ ပေမင့် အေးချမ်းတဲ့ ကောင်မလေးတစ်ယောက်ပါ။ သူ့အဖြစ်က လည်း တွေးကြည့်ရင်း အံ့ဩစရာ။ အချစ်ဦးက အရိုးမပြေ မိုက် ကန်းကန်းနှင့် သူ့ကိုတောင် ကျိန်စာတိုက်တဲ့မိန်းမ။ လက်ရှိ





ချစ်သူက ကလေးဆန်ပြီး ရိုးသားအေးဆေးတဲ့ ကောင်မလေး။ ပြီးတော့ ဒီသုံးယောက်က ကုမ္ပဏီတစ်ခုတည်းမှာ အလုပ်လုပ် ကြရဦးမည်တဲ့။ ကံကြမ္မာက ဘာရည်ရွယ်ချက်နဲ့ ဒီလိုအကွက်ချ လဲ သူ တွေးမရ။

○❦○



www.burmeseclassic.com

www.burmeseclassic.com



## ( ၂၀ )

တနင်္ဂနွေနေ့ မနက်စောစောမှာ သူတစ်ယောက်တည်း ဆရာမဒေါ်ယုဇနေ ရှိရာ မော်ဘီဘက်ကို ထွက်လာခဲ့သည်။ တက္ကစီသမားက မော်ဘီ ဆပ်သွားတောမှတ်တိုင်မှာ ရပ်လိုက်ပြီး အတွင်းထဲ လိုက်မဝင်နိုင်ဟု ဆိုသည်။ မိုးရေကြောင့် ဗွက်ထနေတဲ့ လမ်းသွယ်ထဲ ကားသွားရမှာ အဆင်မပြေမှန်း သူလည်း သိတာနှင့် ကားပေါ်က ဆင်းခဲ့သည်။

လမ်းသွယ်ထဲ သူ ခြေချလိုက်တာနဲ့ မမကြီး ပေးတဲ့လိပ်စာကို အိတ်ကပ်ထဲက ထုတ်ကြည့်လိုက်သည်။ ကိုယ်နဲ့





မရင်းနှီးတဲ့ ဒီနေရာမှာ ပါးစပ်အားကိုးမှ မြန်မြန်ခရီးပေါက်မည်မို့ သူ့ရှေ့က လျှောက်လာတဲ့ ဦးလေးကြီး တစ်ယောက်ကို မေးမြန်းလိုက်သည်။

"ဦးလေး ... အကြားအမြင်ဆရာမ ဒေါ်ယုဇနရဲ့အိမ်က ဘယ်အိမ်လဲ"

"ဩော် ... ဆရာမဆီ သွားမလို့လား၊ ဒီလမ်းအတိုင်း တည့်တည့်လျှောက်ပြီးရင် ဘယ်ဘက်လမ်းချိုးတစ်ခုတွေ့လိမ့်မယ်၊ အဲဒီလမ်းချိုးထဲ ဝင်သွားလိုက်၊ အစိမ်းရောင် သုတ်ထားတဲ့အိမ်ကို တွေ့လိမ့်မယ်၊ ဆရာမ အိမ်ပဲ"

လမ်းညွှန်တဲ့ ဦးလေးကြီးကို ကျေးဇူးတင်စကားပြောပြီး ညွှန်တဲ့အတိုင်း သူ လျှောက်လာခဲ့သည်။ ဟော ... တွေ့ပါပြီ။ အစိမ်းရောင်သုတ်ထားတဲ့ တစ်ထပ်တိုက်ကလေး။ ခြံထဲမှာ အပင်ပေါင်းစုံလင်ပြီး မျက်စိပသာဒ တော်တော်ဖြစ်၏။

ခြံတံခါး သော့ခတ်ထားတာတွေ့တော့ သူ ရင်ခုန်သွားသည်။ ဒါ သူ့အမှား။ ညက ဆရာမကြီးကို သူ လာမယ့်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ဖုန်းကြိုဆက်လိုက်ရမှာ။ ကိုယ့်ကိုယ်ကို အပြစ်တင်ရင်း ခြံရှေ့က လှည့်ထွက်ဖို့ ခြေလှမ်းပြင်လိုက်သည်။

"သော်သော်စစ်"

ဆရာမကြီး အသံကြောင့် သူ တအံ့တသြ လှည့်ကြည့်လိုက်တော့ ပန်းအိုးတွေကြားထဲက ဆရာမကြီးထ,လာတာ တွေ့လိုက်ရသည်။ ပန်းစိုက်နေတာ ဖြစ်မည်ထင်၏။ လက်မှာ ရွှံ့တွေပေလို့။

"မင်းကို ငါစောင့်နေတာ ... လာ၊ မိညိုရေ ... ဧည့်သည်ကို တံခါးလာဖွင့်ပေးလိုက်ပါဟေ့"

အိမ်ဖော်ကောင်မလေးက သူ့ကို တံခါးလာဖွင့်ပေးသည်။ ဆရာမနောက်က လိုက်လာရင်း တခြားခြံတွေနဲ့မတူဘဲ စိမ်းစိုလှပတဲ့ ခြံထဲက အပင်တွေကို သူ ငေးမောကြည့်လာခဲ့သည်။

ဆရာမအိမ်တွင်းအပြင်အဆင်က ရိုးရှင်းရှင်းရယ်။ ဧည့်ခန်းထဲမှာ အစိမ်းရောင် ပလတ်စတစ် ဆက်တီတစ်စုံသာ





ရှိပြီး အစိမ်းနုရောင်သုတ်ထားတဲ့ အိမ်တွင်းနံရံပေါ်မှာတော့ ပန်းချီကားချပ်ပေါင်းများစွာရှိ၏။

သူ့အကြည့်က ပန်းချီကားတစ်ချပ်ဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားသည်။ ခပ်မှိန်မှိန် အလင်းရောင်အောက်မှာ ကောင်မလေးတစ်ယောက် စာကြည့်စားပွဲဝိုင်းလေးပေါ်မှာ လက်နှစ်ဖက်ယှက်ဆုပ်ပြီး ခေါင်းငုံ့ဆုတောင်းနေတဲ့ပုံ။ မည်းခက်နေတဲ့ ဆံပင်တွေရဲ့အုပ်ဆိုင်းမှုကြောင့် သူမမျက်နှာကို မမြင်ရပါ။

"ထိုင် ... သော်သော်စစ်၊ ထူးထူးဆန်းဆန်း ပန်းချီကားတွေ မြင်ရလို့ မင်း အံ့သြနေတာလား၊ ဒီပုံတွေ အကုန်လုံး ငါဆွဲတာဆိုရင် မင်း ယုံမလား"

"ဗျာ ... တကယ်"

အသက်ဝင်ပြီး ရုပ်လုံးကြွနေတဲ့ ပန်းချီကားတွေကို တစ်လှည့် ဒေါ်ယုဇနကိုတစ်လှည့် သူ ကြည့်မိလိုက်သည်။

"ဟုတ်တယ်၊ ငါ့အာရုံမှာ ပေါ်လာတာကို ငါ ဆွဲခဲ့တာပဲ၊ ပြီးရင် အဲဒီနဲ့ပတ်သက်တဲ့ လူတစ်ယောက် ငါ့ဆီရောက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတယ်၊ မင်းကြည့်နေတဲ့ပုံကို ဆွဲထားတာ ခြောက်နှစ်ရှိပြီဆိုရင် မင်း ယုံမလား သော်သော်စစ်"

"ဗျာ"

"သူ့ဆီကထွက်သွားတဲ့ ကောင်လေး တစ်ယောက် ပြန်လာစေဖို့ သူ ဆုတောင်းနေတာလေ"

○ ❦ ○





## ( ၂၁ )

သော်သော်နဲ့ ခွန်းတို့ ကမ္ဘာတစ်ဖက်ဆီ ခြားသွားတာ နှားလည်ထားပေမင့် ခြားထားတဲ့ ကမ္ဘာတစ်ဖက်ကနေ သူ့ကိုတွေ့ခွင့်ရှိနေသေးတာမို့ ရင်ထဲက ဝေဒနာအမြစ်ပြတ်ဖို့က ခဲယဉ်းလွန်းလှပါ၏။ ဘာက်မလိုက်ဘဲ မှုတစ္စာတွေးကြေးဆို ခွန်းရဲ့ဆုတောင်းမှုတစ်ခုကြောင့်သာ သော်သော် တစ်ယောက် ယောင်လည်လည်နဲ့ မျက်စိမှားပြီး ခွန်းဘဝထဲ ခေတ္တမျှကွန်းခိုခဲ့တာပါ။ ဂျူးဂျူးစံကတော့ သူ့နှလုံးသားထဲကို ခံစားချက်အစစ်အမှန်နဲ့ စီးမျောဝင်ရောက်လာခဲ့သူမို့ ဘယ်တူပါ့မလဲနော်။



www.burmeseclassic.com

www.burmeseclassic.com



presenter training course တက်နေတဲ့ ဂျူးဂျူးစံနဲ့ သူ လက်ချင်းချိတ်ပြီး ယှဉ်တွဲရယ်မောသွားတာကို ခွန်း မျက်လုံးလေးထောင့်ကပ်ကြည့်လိုက်ပြီး သွေးစက်လက်ကျနေတဲ့ နှလုံးသားအနာ မျက်နှာမှာမပေါ်အောင် ဖုံးပစ်လိုက်သည်။

"ခွန်း … နင် ငါ့ကို တကယ့်မိတ်ဆွေရင်းလို သဘောထားရင် နင်နဲ့ သော်သော်စစ်ရဲ့ အကြောင်း ပြောပြဖို့ အချိန်တန်ပြီ"

"မေသူ"

"ငါလည်း ခပ်ညံ့ညံ့မိန်းမတစ်ယောက်တော့ မဟုတ်ဘူး ခွန်း၊ နင် ဘယ်လိုပဲ ဟန်ဆောင်ဟန်ဆောင် နင့်ဝေဒနာကို ငါတွေ့နေရတယ် ခွန်း"

ခွန်းလည်း မေသူ့ကို ဖုံးမထားချင်တော့ပါ။ နာကျင်အခံရခက်လွန်းတဲ့ ဝေဒနာတစ်ရပ်ကို တစ်ယောက်ယောက်ထံ ဖောက်ချပြလိုက်ရင် အတန်ငယ်တော့ ပေါ့သွားမည်ထင်၏။

"ငါလည်း နင့်ကို အေးအေးဆေးဆေး ပြောပြချင်ပါတယ် မေသူရယ်၊ အလုပ်ပိတ်ရက်ကျရင် ပြောကြတာပေါ့"





မေသူ့မျက်နှာပေါ်မှာ ကျေနပ်ရိပ်တွေ ဖြတ်ပြေးနေကြသည်။ သူမထင်တဲ့အတိုင်း ကွက်တိဖြစ်နေတာပဲ။

သော်သော်စစ်တို့အတွဲကိုမြင်တိုင်း ညှိုးရော်ရော်မျက်နှာလေးနဲ့ ပင့်သက်ကျိတ်ချရင်း မျက်ဝန်းလေးတွေ မှုန်မှိုင်းသွားတဲ့ ခွန်းချိုရဲ့ ရင်မှာ သော်သော်စစ်နဲ့ ပတ်သက်ပြီး နက်ရှိုင်းတဲ့ ဝေဒနာတစ်ခု အမြစ်တွယ်နေတာ ကြာမြင့်နေပြီမှန်း သူမ ရိပ်စားမိခဲ့သည်။

သော်သော်စစ်ကရော ကုမ္ပဏီမှာ ဝန်ထမ်းအားလုံးနဲ့ peace ဖြစ်သလောက် ခွန်းကို တွေ့ရင် ရှုတည်တည်ကြီးဖြစ်နေတတ်တာ သဘာဝမှ မကျတာ။

ကတိအတိုင်း အလုပ်ပိတ်ရက်မှာ ခွန်းက အတိတ်အကြောင်းကို ပြန်ပြောင်းလို့ တူးဆွဖော်ထုတ်ပြတော့ မေသူက လက်တွေ့ကျသော အကြံတစ်ခုကို ပေးလာသည်။

"အကောင်းဆုံး အကြံပေးရရင် နင့်ကို propose လုပ်ထားတဲ့ လူတစ်ယောက်ကို အဖြေပေးလိုက်ပါ ခွန်း၊ နင် ရည်း



www.burmeseclassic.com

www.burmeseclassic.com



စားတစ်ယောက် အမြန်ဆုံးထားလိုက်ပါ၊ ဒါဆို နင့်အာရုံထဲက သော်သော်စစ်ရဲ့ပုံရိပ်က တဖြည်းဖြည်း မှုန်ဝါးပျောက်ကွယ်သွားလိမ့်မယ်”

“ငါ သိတယ် မေသူ၊ ငါ သိတာပေါ့၊ အဲဒီလိုဖြစ်သွားမှာစိုးလို့ကို ဒီခြောက်နှစ်အတွင်းမှာ ငါ ဘယ်သူနဲ့မှ မပတ်သက်ခဲ့တာ။ ငါက သူကိုချစ်ချင်တာ၊ မေ့ပစ်ချင်တာမဟုတ်ဘူး”

ရှေ့မှာထိုင်နေတဲ့ အကျောတင်းတဲ့ ခွန်း ရုပ်ကိုကြည့်ပြီး မေသူ သက်ပြင်းမှုင်းမှုင်းချသည်။ အနီရင့်ရောင်ဆွဲသားကိုယ်ကျပ်လေး ဝတ်ထားပြီး၊ အင်္ကျီနဲ့လိုက်ဖက်တဲ့ အနီရင့်ရောင် lipstick ဆိုးထားတဲ့ ခွန်း နှုတ်ခမ်းလေးတွေက ကဗျာဆန်စွာလှပနေသော်လည်း ထွက်ကျလာတဲ့ စကားတွေက ပြတ်သားလွန်းနေသည်။

“ခက်တာပဲ ခွန်းရယ်၊ ဒါဆို နင် ခံစားရမှာပေါ့။ ကိုယ့်ရှေ့တည့်တည့်ကြီးမှာ နေ့တိုင်းတွေ့နေရတာ၊ ငါသာဆိုရင်





တော့ ခံစားရလွန်းလို့ သေသွားမလားဘဲ။ သော်သော်စစ်ဘက်က ကြည့်မယ်ဆိုရင်လည်း သူ့ မမှားဘူး၊ နင်တို့ကြိုက်ခဲ့တဲ့ အချိန်တုန်းက စိတ်ကစားတတ်တဲ့ အရွယ်လေ၊ ပြီးတော့ ခဏတဖြုတ်ပဲ ကြိုက်ခဲ့တာ၊ နင်နဲ့ပြတ်သွားပြီးတော့ သူချစ်တဲ့သူ နောက်တစ်ယောက်တွေ့လို့ချစ်တာ အပြစ်မဟုတ်ဘူး၊ ဒါ သဘာဝကျတယ်၊ သဘာဝမကျတာက နင်၊ နင်အစွဲအလမ်း သိပ်ကြီးလွန်းတယ်ခွန်း”

မေသူ့စကားတွေက အမှန်မို့ ခွန်း ပြန်မငြင်းခဲ့။ စိတ်ကစားတတ်တဲ့ ဆယ်ကျော်သက်အရွယ်ရဲ့အချစ်က ကောင်းကင်ပေါ်က တိမ်စိုင်တွေလို ရွေ့လျားပြောင်းလဲတတ်တာ လူတိုင်းလက်ခံထားတဲ့ ဒဿနတစ်ခုပါ။ ဒါပေမဲ့ အဲဒီအချစ်က ခွန်းရင်ထဲမှာကျောက်စိုင်ကျောက်သားလို ခိုင်မာနေတော့လည်း အခက်သားပါလားနော်။

“ကဲ ... ထားလိုက်တော့၊ ဒီအခြေအနေမှာ နင် ဘာဆက်လုပ်မလဲ ခွန်း၊ ဂျူးဂျူးစံ လက်ထဲက သော်သော်စစ်ကို



www.burmeseclassic.com

နင်ပြန်လုယူမှာလား၊ နင် ဒီလိုလုပ်မယ့် မိန်းမမျိုးမဟုတ်တာ ငါ သိတယ် ခွန်း"

"ငါ ဘာမှ မစဉ်းစားထားဘူး မေသူ၊ ငါ သူ့ကိုချစ်တာပဲ သိတယ်၊ လောလောဆယ်တော့ သူ့ပေါ်မှာကျရောက်နေတဲ့ ကျိန်စာကို ဖယ်ရှားပစ်ဖို့ ငါ ကြိုးစားနေတယ်"

"ဟင်"

နဖူးပေါ်အုပ်ကျလာတဲ့ ဆံပင်တွေကို ပင့်သပ်တင်လိုက်တဲ့ ခွန်းကို မေသူ မျက်လုံးလေး ပြူးကြည့်နေသည်။ ခွန်းနှုတ်ခမ်းဖျားမှာ လေးနက်တဲ့ အပြုံးတစ်ခု ပွင့်ဖူးလာ၏။

"နင် ယုံ,မယုံတော့ ငါ မသိဘူး မေသူ၊ တနင်္လာနေ့တိုင်း သူ ကံဆိုးမိုးမှောင်ကျခဲ့တာ ငါ့ ဗေဒါဂ မကောင်းခဲ့ဘူး"

○ ❦ ○





## ၂

လမ်းထိပ်က ကားဂိတ်မှာ ဆင်းဆင်းချင်း အမေ့ကိုတွေ့တာမို့ ခွန်းစိတ်ထဲ ထူးဆန်းသွားသည်။ ဒီနေ့ ကားရတာစောလို့ စောစောပြန်ရောက်သည်။ အခုမှ ခြောက်နာရီခွဲပဲရှိသေးသည်။

"အမေ"

"ခွန်း"

"ခွန်းကို လာစောင့်နေတာလား၊ ဘာဖြစ်လို့လဲ"

"အိမ်မှာ သွန်းတို့သားအမိ ရောက်နေကြတယ် ခွန်း၊ မောင်သက်နဲ့ ရန်ဖြစ်ပြီး ဆင်းလာခဲ့တာတဲ့"

www.burmeseclassic.com



"ဘာဖြစ်လို့တဲ့လဲ"

"မိန်းမတစ်ယောက်နဲ့ ဘာလိုလို အသံကြားလို့တဲ့ ခွန်းရယ်"

"တောက်"

ခွန်း အံလေးကြိတ်ပြီး တက်ခေါက်လိုက်သည်။ မမ သွန်းရဲ့နောက်အိမ်ထောင် ဦးသက်ကို ဒါမျိုးလုပ်လိမ့်မယ်လို့ ခွန်း လုံးလုံးမထင်ထားခဲ့။ မမသွန်းနဲ့ သားသားလေးကို သိပ်ချစ်တဲ့လူလို့ ထင်ထားခဲ့တာ။

"သွန်း စိတ်ညစ်အောင် ဘာမှမပြောပါနဲ့ ခွန်းရယ်၊ လင်နဲ့မယား လျှာနဲ့သွား မဟုတ်လား၊ နောက်မိန်းမကိစ္စဆိုတာလည်း အထင်မှားတာ ဖြစ်ချင်ဖြစ်မှာပါ"

အမေက ခွန်းကို လမ်းတစ်လျှောက်လုံး ချော့မော့ပြောဆိုလာသည်။ ဘယ်မိဘမဆို သားသမီးကို တစ်ခုလပ်ဖြစ်စေချင်မှာတော့ မဟုတ်။ အထူးသဖြင့် ဦးသက်လို သိတတ်တဲ့ သားမက်မျိုးနဲ့ ကွဲစေချင်မှာမဟုတ်။ ဦးသက်က မမသွန်းနဲ့ယူပြီး





ကတည်းက ခွန်းတို့သားအမိကို လစဉ်ထောက်ပံ့ပေးခဲ့သည်။ အိုးမကွာအိမ်မကွာ အလုပ်လုပ်နိုင်အောင် ဘိုကလေးကနေ ဆန်တွေပို့ပေးခဲ့သည်။ ဒီတော့ အမေ ဘာမှပင်ပန်းစရာမလို။ အိမ်မှာ ဆန်ထိုင်ရောင်းရုံသာ။

အိမ်ပေါက်ဝအရောက် ခွန်း ဖိနပ်ချွတ်ဝင်လာတာနှင့် သားသားလေး ချမ်းမြေ့အိမ်က ပြေးလာပြီး ခွန်းကိုဖက်သည်။ ကလေးက ဒီနှစ်မှ ကျောင်းနေရတာ။ သင်းတို့လူကြီးတွေ အသုံးမကျတာနှင့် ပညာရေးထိခိုက်တော့မည်။

ခွန်း သားသားလေးကို ကောက်ချီပြီး ဂျာနယ်ဖတ်ချင်ယောင်ဆောင်နေတဲ့ မမသွန်းကို မျက်စိစွေကြည့်လိုက်သည်။ ကိုယ့်အစ်မအကြောင်း ကိုယ်အသိဆုံး။ တော်ရုံတန်ရုံ ဒဏ်မျိုးတော့ ကောင်းကောင်းခံနိုင်ရည်ရှိတဲ့ မိန်းမမျိုး။

အမေက မပြောနဲ့ မမေးနဲ့ ဆိုသော်လည်း ခွန်းမနေနိုင်ပါ။ ထမင်းစားသောက်ပြီး အမေ့အလစ်မှာ မမသွန်း မျက်နှာရိပ် မျက်နှာကဲကိုကြည့်ပြီး စကားစ,မိလိုက်သည်။ အမေက သူ့

www.burmeseclassic.com

www.burmeseclassic.com



ခြင်ထောင်ထဲမှာ သားသားလေးကို သိပ်နေတုန်း ခွန်း အခွင့်အရေးကို အရယူလိုက်တာဖြစ်သည်။

"နင်တို့ကိစ္စ တော်တော်ကြီးကျယ်လို့လား မမသွန်း"

"ငါ မပြောချင်ဘူး ခွန်း၊ ပြောတိုင်း ပြောတိုင်း ငါ ခံစားရလို့"

"သားသားလေး ကျောင်းကိစ္စ နင် ဘယ်လိုလုပ်မှာလဲ"

"ငါ တစ်ခါတည်း ကျောင်းထွက်လက်မှတ် ယူလာခဲ့တယ်၊ သားကို ဒီမှာပဲ ကျောင်းထားမယ်၊ ငါလည်း ဒီမှာပဲနေတော့မယ်"

မမသွန်းက ယတိပြတ်ကြီး ပြောနေသည်။ သူမ မျက်နှာမှာ နာကြည်းမှုတွေ စွန်းထင်းနေ၏။ မမသွန်းရဲ့ချောင်တောင်တောင်မျက်နှာကို ခွန်း မမှိတ်မသုန် စိုက်ကြည့်နေမိသည်။

"နင် သူနဲ့ကွာရှင်းဖို့ တကယ်ဆုံးဖြတ်လိုက်တာလား"

"ဟုတ်တယ်၊ ဒါပေမဲ့ သူက ကွာမပေးနိုင်ဘူး ပြောလို့ ငါ ဆင်းလာခဲ့တာ၊ ငါ သူ့ကို စွံတယ်၊ မသတီဘူး"





ညာဘက်ပါးပေါ်ကို ဆံပင်မသိမသာ ဆွဲဆွဲဖုံးနေတဲ့ မမသွန်းရဲ့လက်ကို ခွန်းဆွဲဖယ်ပြီး ဆံပင်ကိုပါ ပါးပြင်ပေါ်က ဖယ်ရှားပစ်လိုက်သည်။ ညိုမည်းနေတဲ့ ဒဏ်ရာတစ်ခုကို အတွေ့ ခွန်း မျက်ဝန်းမှာ မီးဝင်းဝင်းတောက်သွားသည်။

"ဒါ ဘာလဲ ... ဘာလဲ၊ သူ နင့်ကို ထိုးလိုက်တာလား၊ ပြောစမ်း မမသွန်း"

ခွန်းရဲ့အသံနက်ကြောင့် အမေ အိပ်ရာထဲက ကမျာကယာ ပြေးထွက်လာ၏။ အမေ ခွန်းတို့နား ရောက်လာတဲ့အချိန်မှာ ခွန်း တစ်ကိုယ်လုံး ဒေါသကြောင့် တဆတ်ဆတ် တုန်ယင်နေသည်။ နှုတ်ခမ်းကို ပြတ်ထွက်လုမတတ် ဖိကိုက်ထားတဲ့ ခွန်းရဲ့လက်မောင်းတွေကို ဒေါကြည်ပြာ လှုပ်ခါရင်း ...

"ခွန်း ... အမေ တောင်းပန်ပါတယ်၊ ကျေးဇူးပြုပြီး သမီးရဲ့ပါးစပ်ကဖြစ်ဖြစ်၊ စိတ်ကဖြစ်ဖြစ် မောင်သက်ကို မကျိန်ဆဲလိုက်ပါနဲ့၊ အမေ တောင်းပန်ပါတယ်၊ သမီးအစ်မမှာ မောင်သက်နဲ့ရတဲ့ ကိုယ်ဝန်ရှိနေပြီ၊ အမေ့ရဲ့ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



မြေးလေးတစ်ယောက် အဖမဲ့တဲ့သားလေး မဖြစ်စေချင်လို့ပါ၊ အမေ တောင်းပန်ပါတယ် ခွန်း၊ သမီး စိတ်လျှော့လိုက်ပါ"

ငိုနေတဲ့ သွန်းတစ်ယောက် အမေ့ရဲ့ထူးဆန်းတဲ့ စကားတွေကြောင့် ဆက်ငိုဖို့တောင် မေ့လျော့သွားမိသည်။ ခွန်းကတော့ တကယ်စိတ်ထိခိုက် ကြေကွဲစွာနဲ့ တတွတ်တွတ်တောင်းပန်နေတဲ့ အမေ့ရဲ့ဒီစကားတွေကြောင့် အပြင်းအထန် တုန်လှုပ်သွား၏။

○ ❦ ○





## ( ၂၃ )

အမျိုးသမီး toilet ထဲက ရေပိုက်ခေါင်းအောက်မှာ လက်ဆေးရင်း ခွန်း ရှေ့မှာရှိနေတဲ့မှန်က အရိပ်ကို စေ့စေ့ကြည့်မိလိုက်သည်။ ခွန်းချို ... နင် ဘယ်လိုဆုတောင်းမျိုးနဲ့ လူ့ဘဝထဲကို ရောက်လာခဲ့တာလဲ။ မနေ့က အမေ့ပါးစပ်က စိတ်လှုပ်ရှားမှုကြောင့် ထွက်လာတဲ့စကားတွေအရ အမေ ခွန်းအကြောင်းကို သိနေသည်ဆိုတာ ခွန်း သဘောပေါက်လိုက်သည်။

"ဘာရယ်မဟုတ်ပါဘူး ခွန်းရယ်၊ မောင်ကျော်တုန်းက သမီး ကျိန်တာ အမေ ကြားလိုက်လို့ပါ၊ တိုက်ဆိုင်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်ပဲဆိုဆို၊ တကယ်ဖြစ်ခဲ့တာပဲလေ၊ မောင်သက်ကို သမီး ကျိန်မိမှာစိုးလို့ အမေပြောရတာက မောင်သက်က အမေတို့မိသားစုရဲ့ ကျေးဇူးရှင် ဖြစ်နေလို့ပါ၊ ကျေးဇူးရှင်ကို သမီးပြစ်မှားမိမှာစိုးလို့ပါ၊ သူ အမေတို့ပေါ်မှာ ကောင်းခဲ့တာတွေကို ခွန်း သတိရပေးပါ"

အမေက ဖြေပြောသော်လည်း ခွန်းစိတ်က သိနေပါသည်။ ခွန်းမှာ အဲဒီလို power ရှိတာ အမေ သိကိုသိရမည်။

"အစ်မ ... အစ်မက reception ကနော်"

ဘေးနားလာရပ်ပြီး မေးလိုက်သံကြောင့် ခွန်းအတွေးစ,ပြတ်သွားသည်။ ကြည့်လိုက်တော့ နှုးညံ့စွာ ပြုံးပြနေတဲ့ သော်သော့် ကောင်မလေး ဂျူးဂျူးစံ။ ဒီအပြုံးလေးကြောင့် သော်သော်စစ် ကြွေသွားတာပဲ ဖြစ်မည်။

"ဟုတ်ပါတယ် ... ဘာဖြစ်လို့လဲ"

"ဟိုလေ ... ဂျူးဂျူး ကိစ္စလေး ပေါ်လာလို့ အစ်မမှာ pad လေးများ အပိုပါသလားလို့"





ကောင်မလေးမျက်နှာမှာ တကယ် စိတ်ရှုပ်ဟန် အထင်းသား။ အမှန်အတိုင်း ပြောရရင် ဒီကောင်မလေးနဲ့ ပတ်သက်ပြီး ခွန်းမှာ ခံစားမှုနှစ်မျိုး ရှိပါသည်။ တစ်မျိုးကအားကျမှု၊ တစ်မျိုးက မနာလိုမှု။ သူနဲ့ခွန်း တစ်ခါမှ ထိပ်တိုက်မတွေ့ဘူးသေး။

ခွန်း ရင်ထဲမှာ မနာလိုမှုတစ်ခုက မသိမသာ ရန်းကြွလို့လာသည်။ စိတ်ထိန်းစမ်း ခွန်း။ အဲဒီစိတ် မကြီးထွားလာခင်မှာ နိုင်အောင်ထိန်းလိုက်စမ်း။ နင် သော်သော့်ကို ချစ်တယ် မဟုတ်လား။ သော်သော့်ကို ချစ်ရင် သော်သော်ချစ်တဲ့ ကောင်မလေးကို ကူညီလိုက်။

"ဒီမှာ ခဏစောင့်ပေး၊ တို့ ယူလာခဲ့ပေးမယ်၊ ဖြစ်တယ် မဟုတ်လား"

"ဟုတ် အစ်မ၊ ကျေးဇူးတင်တယ်နော်"

ခွန်း reception ဘက် လျှောက်ပြီး မေသူ့ဆီက pad တစ်ခုတောင်းပြီး toilet ထဲ ပြန်ဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့ … ဂျူးဂျူးစံ"

"ဂျူးဂျူးကို သိတယ်လား"

"အရမ်းလိုက်ဖက်တဲ့ စုံတွဲမို့လို့ သိနေတာပါ။ ပြီးတော့ ကတ်ဆွဲထားတယ်လေ"

"ကျေးဇူး အရမ်းတင်တယ်နော် … အစ်မ"

"ရပါတယ်"

သူနဲ့ ခွန်းက သက်တူရွယ်တူတွေပါ။ မပြေလည်မှုတွေကြားမှာ ကြီးခဲ့ရတဲ့ ခွန်းနဲ့ ပန်းခင်းတဲ့လမ်း လျှောက်လာခဲ့တဲ့ ဂျူးဂျူးနဲ့ မျက်နှာအနေအရင့် နည်းနည်းတော့ ကွာမှာပေါ့နော်။

"ဟဲ့ … ခွန်း၊ ဟိုဟာက ဘာလဲ၊ နင် သုံးတာမဟုတ်ဘူးလား"

"ဟင့်အင်း … ဂျူးဂျူးစံ အကူအညီတောင်းလို့ ငါသွားပေးတာ"

"တကယ်လား"

"တကယ်ပေါ့ … ဘာညာစရာလဲ"





"နင် သူ့ကို စိတ်ထဲမှာ ဘယ်လိုခံစားရလဲ ခွန်း"

"မညာတမ်း ဝန်ခံရရင် ငါ သူ့ကို မနာလိုဖြစ်မိတယ်၊ ဒါပေမဲ့ အဲဒီစိတ်ကို ငါ ချေမှုန်းဖို့ ကြိုးစားနေတယ်"

ရင်ထဲက အရှိအတိုင်း ဝန်ခံရဲတဲ့ ခွန်းချိုခကို မေသူ ငေးငေးလေး ကြည့်မိပါသည်။ ခွန်းချိုခဆိုတဲ့ သူငယ်ချင်းမလေးရဲ့ ခံယူချက်၊ သဘောထား၊ အတွေးအခေါ်ကအစ သူများနဲ့မတူ တစ်မူထူးခြားနေသည်လေ။

"နင် သော်သော့်ကို မေ့လိုက်ပါတော့ ခွန်းရယ်၊ နင်တော့ မသိဘူး၊ ငါ နင့်အစား အရမ်းပင်ပန်းနေပြီ"

"ငါ့အတွက် စေတနာထားတာ ကျေးဇူးတင်ပါတယ် မေသူရယ်၊ ဒါပေမဲ့ မရဘူးဟာ၊ ငါကိုက သူ့ကိုချစ်တဲ့ အချစ်လောင်းရိပ်အောက်က ရုန်းမထွက်ချင်တာ"

"နင် အရူးပဲ ခွန်း"

ခွန်းက သူ့ရဲ့ကောက်ချက်ကို စိတ်ဆိုးဟန်မပြဘဲ ယ်ကျဲကျဲ လုပ်နေ၏။ ခွန်း ရင်ထဲက သော်သော်စစ်ကို ချပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အချစ်ရဲ့နက်ရှိုင်းမှုကို ဘယ်သူမှ တိုင်းတာနိုင်မှာ မဟုတ်ပါဘူးလေ။

ညနေ ရုံးဆင်းတော့ ထုံးစံအတိုင်း ဂျူးဂျူးနဲ့သော်သော် တွဲထွက်လာကြသည်။ reception နားရောက်တော့ ဂျူးဂျူးက ခွန်းဘက်လှည့်ပြီး ပြုံးပြနှုတ်ဆက်သွားသည်။

"အစ်မ ... မပြန်သေးဘူးလား"

"ပြန်တော့မှာပါ"

မျက်မှန်ကိုင်း ပင့်တင်ပြီး အံ့သြနေတဲ့ သော်သော်ကို ခွန်း လျစ်လျူရှုလိုက်သည်။ ကုမ္ပဏီအပြင်ဘက် ရောက်တာနှင့် ဂျူးဂျူးနဲ့ ခွန်းရဲ့ပတ်သက်မှုကို သူ အမောတကော မေးမြန်းအသေအချာပင်။

"သူနဲ့ သိလို့လား ဂျူးဂျူး"

"ဒီနေ့မှ သိတာ၊ ဂျူးဂျူးကို အကူအညီတစ်ခု ပေးလို့လေ။ အဲဒီတစ်ယောက်က ကြည့်ရတာ မာရေကျောရေ ရှိပေမယ့် စိတ်ရင်းတော့ ကောင်းပါတယ်"





မင်း မသိသေးလို့ပါ ဂျူးဂျူးရယ်၊ ဒီမိန်းမ ဘယ်လောက်ကြောက်ဖို့ကောင်းလဲ မင်းမှမသိတာ။ သူ့စိတ်ထဲမှာ ဘာတွေရှိလဲ ဘယ်သူသိနိုင်မှာမှတ်လို့။

"ကို ... သူ့ကို သဘောမကျဘူး ဂျူးဂျူး၊ လိုတာထက်ပိုပြီး သူနဲ့မဆက်ဆံပါနဲ့"

"ဘာလို့လဲ ကို"

ဖြေရှင်းချက် မပေးဘဲ စကားဝိုင်းကို သူ ဒီမှာပဲ အဆုံးတန့်ပစ်လိုက်သည်။

○ ❦ ○

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ်-၅၉၊ ၁၉-လမ်း၊ လသာမြို့နယ်သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၄

"အခြေအနေ ထူးရဲ့လား သော်သော်စစ်"

ဆရာမကြီး အမေးကို သူ့အားတက်သရော ခေါင်း ညိတ်ပြလိုက်သည်။ တနင်္လာနေ့က သူ့ကို ပြင်းထန်ဆိုးရွားစွာ ဒုက္ခမပေးတော့တာ သူ့လက်တွေ့။ ခလုတ်တိုက်တာ၊ ပစ္စည်း လွတ်ကျတာ အပရိကလောက်တော့ ဖြစ်နေပါသေးသည်။

"ဆရာမကြီး ကျေးဇူးကြောင့်ပါ"

"မဟုတ်ဘူး သော်သော်စစ်၊ ငါက ပြဿနာအရင်းအမြစ် ကို ရှာပေးရုံလောက်ပါ၊ တခြားလူတွေကို ကူသလို ငါ ပါဝင်ပတ်သက်စရာ မလိုဘူး"





နားသာထောင်နေရသည်။ ဆရာမကြီး ဘာကိုဆို လိုမှန်း သူ ရေးရေးလေးတောင် သဘောမပေါက်နိုင် ဖြစ်နေ၏။

"မင်း နားလည်အောင် ပြောရရင် မင်းရဲ့အဖြစ်အပျက်က မင်းနဲ့ အဲဒီကောင်မလေး နှစ်ယောက်ကြားက ပတ်သက် ဆက်စပ်မှုကြောင့်ပါ၊ နှစ်ပေါင်းများစွာ သူ့ကျိန်စာတည်တံ့ နေခဲ့တာ ဘဝတစ်ခုခုမှာ မင်း သူ့အပေါ် အပြစ်လုပ်ထား ခဲ့ဖူးလို့ပဲ၊ ကျိန်စာတိုက်တိုင်း၊ ပြစားတိုင်း ထိမယ်လို့ မထင်လိုက်ပါနဲ့၊ ကျိန်စာတိုက်တဲ့သူနဲ့ အတိုက်ခံရတဲ့သူ ဆက်စပ်မှုရှိမှ ထိတာ"

ဆရာမကြီးက ရှေ့မှာရှိတဲ့ ရေနွေးကြမ်းပန်းကန် ကိုယူပြီး ရေနွေးတစ်ငုံချင်းဆီ သောက်နေရာက စကားပြန်ဆက် သည်။

"တခြားလူတွေဆိုရင်တော့ ငါ ကြားကနေပြီး မေတ္တာရပ် ခံပေးရတယ်၊ အခု သူက သူကိုယ်တိုင်လိုလိုလားလားနဲ့ မင်းကို နေ့တိုင်း မေတ္တာပို့လွှတ်နေတယ်၊ တကယ်တမ်း



www.burmeseclassic.com

www.burmeseclassic.com



တော့ သူ စေတနာဆိုးနဲ့ မင်းကို ကျိန်ဆိုခဲ့တာ မဟုတ်ပါဘူး၊ မကြာခင်မှာ မင်းရဲ့ကျိန်စာပြယ်လွင့်သွားတော့မှာပါ”

ဆရာမကြီး လှမ်းကြည့်နေတဲ့ ပန်းချီကားဆီ သူ ယောင်ယမ်းပြီး အကြည့်ရောက်သွားရာက ချက်ချင်းပဲ မျက်နှာ ပြန်လွှဲလိုက်သည်။

“အခုအချိန်မှာ ကျွန်တော် အရမ်းစိုးရိမ်နေတဲ့ ကိစ္စတစ်ခု ရှိနေတယ် ဆရာမကြီး၊ သူ ကျွန်တော့်ချစ်သူကိုရော ဒုက္ခပေးနိုင်သလား၊ ကျွန်တော်တို့ကို သူ မနှောင့်ယှက်နိုင်အောင် ဆရာမကြီး ကူညီပေးပါ”

ဆရာမကြီးက သူ့စကားအဆုံးမှာ ငြိမ်သက်ပြီး မျက်လုံးစုံမှိတ်ထားသည်။ ငါးမိနစ်လောက်သာ ကြာပေမင့် သူ့ရဲ့သိလိုစောကြောင့် ငါးနာရီလောက်ကြာသည့်အလား ထင်မှတ်နေမိသည်။ ဖျတ်ခနဲ ဆရာမကြီးရဲ့မျက်လုံးနှစ်လုံး ပွင့်လာသည်။

“မင်းတို့နှစ်ယောက်ရဲ့ရေစက်က မကုန်သေးဘူး သော်သော်စစ်”





“ဗျာ”

“ဘယ်သူနဲ့ ရေစက်မကုန်သေးတာလဲ”

“သူနဲ့”

ဆရာမကြီးက ပန်းချီကားထဲက ကောင်မလေးကို လက်ညှိုးထိုးပြသည်။ မထင်မှတ်တဲ့ result ကို ကြားလိုက်ရတဲ့ သူ မနှစ်မြို့စိတ်နဲ့ ဆောက်တည်ရာမရ ဖြစ်သွားမိသည်။

“ဆရာမရဲ့ပညာကို မယုံလို့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ကျွန်တော့်နှလုံးသားထဲမှာ ခွန်းချိုခ ရှိမနေတော့တာ ကြာခဲ့ပြီ၊ သူ ကျွန်တော့်နှလုံးသားထဲ နောက်တစ်ကြိမ်ဝင်လာဖို့ဆိုတာ လုံးဝမဖြစ်နိုင်တဲ့ ကိစ္စပါ၊ တကယ်တော့ ကံကြမ္မာဆိုတာ လူကဖန်တီးတာပါ၊ တကယ်လို့ ကျွန်တော် ဒီသီတင်းကျွတ်မှာ ကျွန်တော့်ချစ်သူနဲ့ လက်ထပ်မယ်ဆိုရင် ဘာဖြစ်မလဲ”

ဒေါ်ယုဇနက သူ့ရဲ့စိမ်ခေါ်စကားကို စိတ်ဆိုးဟန်မပြပဲ တိုးတိုးညှင်းညှင်း ရယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကံကြမ္မာကို လူကဖန်တီးတာလို့ မင်း ပြောတယ်နော်၊ ငါလက်ခံတယ်၊ ဒါပေမဲ့ မင်းသိထားဖို့က အတိတ်မှာတို့ လုပ်ထားတဲ့ ကံစွမ်းအားတွေဟာ အခု မျက်မှောက်ဘဝမှာ လာအရိပ်ထင်တတ်တယ် ဆိုတာပဲ၊ ဒါကို မင်း ဘယ်လို တားဆီးမလဲ၊ ငါ စောင့်ကြည့်နေပါ့မယ် သော်သော်စစ်၊ မင်း နောက်တစ်ခေါက် ငါ့ဆီရောက်လာဦးမှာပါ"

သူ ဆရာမကြီးကို နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ ဒီအိမ်ကို နောင်တစ်သက်လုံး ခြေဦးမလှည့်တော့ဖို့ ယတိပြတ်ဆုံးဖြတ်ပြီးတော့ပေါ့။ လူငယ်တစ်ယောက်ရဲ့ လက်တွေ့ဆန်တဲ့ အယူအဆနဲ့ မာန်မာနလေးက ဂျူးဂျူးနဲ့ဖြစ်အောင်ကို လက်ထပ်ဖို့ သူ့ကို စေ့ဆော်တိုက်တွန်းနေကြသည်။

○ ❦ ○





## ၂၁

ခွန်း အလုပ်က ပြန်လာတော့ ဦးသက်က အိမ်မှာ က်နေပြီ။ ဒီရက်ပိုင်းအတွင်း အမေနဲ့ မမသွန်း တီးတိုးိုး သဖန်းပိုး လုပ်နေကြကတည်းက ခွန်း သိပ်မသက်သာချင်။ လာရင်လည်း မမသွန်း အိမ်အပြင်ထွက်ထွက်ပြောတာ ဘာ ြာင့်လဲ။ အဖြေကတော့ ရှင်းနေ၏။ သူ့ယောက်ျားနဲ့ ပြန် ဘ်သွယ်တာပဲနေမည်။ မကြည်လားတဲ့ စိတ်အရှိန်ကြောင့် လုပ်ပြီးတော့တောင် ခွန်း ပြုံးမပြချင်။

"ခွန်း ... ညီမလေး ပြန်လာတာ နောက်ကျတယ်နော်"

"ဟုတ်တယ် ... ကားမရလို့"



www.burmeseclassic.com

www.burmeseclassic.com



ခွန်း ခပ်ပြတ်ပြတ်ပဲပြောပြီး နောက်ဖေးခန်းဘ
ဝင်လာသည်။ အမေနဲ့ မမသွန်းကတော့ ခွန်း မျက်နှာရိပ်မျက်
ကဲကို အကဲဖမ်းနေကြ၏။

"ယောက်ျားတွေပဲ တစ်ခါတလေတော့ အမှားရှိမှာပဲ
ရယ်၊ အခု သူ အမြင်မှန်ရသွားပြီး အမေ့ကို တောင်း
ပြီး နောက် ဒီလိုမဖြစ်စေရဘူးလို့ ကတိပေးတယ်
အိမ်ထောင်တစ်ခုကို အမေလည်း အလွယ်တကူ မပျက်
စေချင်ဘူးလေ"

ခွန်း ရှုပ်ခမ်းတွန့်ပြုံးပြီး သောက်ရေအိုးထဲက
တစ်ခွက် ခပ်သောက်လိုက်သည်။ မိန်းမတစ်ယောက် အိမ်ထော
ပြုရတာ မလွယ်တဲ့ ဘဝပါလားနော်။ ပြဿနာပေါင်းစုံနဲ့ကို
ဆိုင်ရမှာ။ အိမ်ထောင်သည်မိန်းမ ဘယ်လောက်များများ ယု
မိတဲ့ယောက်ျားရဲ့ဒဏ်ကို ကြိတ်မှိတ်သည်းခံနေရတာပါ
သည်းမခံနိုင်ရင် တစ်ခုလပ်ဖြစ်။ မလွယ်လိုက်တာ။

"ခွန်း ... သူက ငါ့ကို ရှာပြန်လိုက်ခဲ့ဖို့ ပြောနေတ
မွေးကာနီးမှ ရန်ကုန်မှာ ပြန်မွေးတဲ့"





"လိုက်သွားလေ၊ နင်မှ မပြတ်နိုင်တာ၊ သားသားလေးကို
ငါတို့နဲ့ထားခဲ့လိုက်၊ ဒီတစ်နှစ်တော့ ဒီမှာပဲ ကျောင်းဖာက်
နိုင်းလိုက်မယ်၊ ကလေးက ဟိုပြောင်း ဒီပြောင်းနဲ့ အဆင်
မပြေဘူး၊ ဒါပေမဲ့ နောက်တစ်ကြိမ်ဆိုတာမျိုးတော့ ငါလက်
မခံဘူးနော် မမသွန်း"

"သူ ဒီလိုဖြစ်မှာ မဟုတ်တော့ပါဘူး ခွန်းရယ်၊ သူတကယ်
နောင်တရသွားတာပါ၊ ခွန်း ..."

"ဘာလဲ"

"နင် ... ဟို ... သူ့ကို စိတ်ထဲမှာ မကျေမလည်ဖြစ်နေ
တုန်းပဲလားဟင်၊ ငါတောင်းပန်းပါတယ် ခွန်းရယ်၊ အခု
ဖြစ်ရတဲ့ကိစ္စမှာ ငါ့အမှားလည်း မကင်းခဲ့ပါဘူး"

ခွန်း ပြုံးသည်။ ဘာဖြစ်လို့ လာတောင်းပန်နေတာ
လဲ။ ကိုယ့်မိသားစုကိစ္စပဲ။ ကေ့ွ အမေ့စကားကြားလို့ သူ့
ယောက်ျားကို ခွန်း ကျိန်စာတိုက်မှာစိုးပြီး လန့်ဖျပ်နေတာပဲဖြစ်
မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... နင့်ယောက်ျားကို ငါ ကျိန်စာတိုက်မှာ စိုးရိမ်လို့လား မမသွန်း၊ ခွန်းမှာသာ အဲဒီပါဝါရှိခဲ့ရင် တလောကလုံးမှာရှိတဲ့ မိန်းမတွေရဲ့ နှလုံးသားနဲ့ ခန္ဓာဟာ ယောက်ျားတွေနဲ့ ပတ်သက်ရင် ကျောက်စိုင်ကျောက်သားတွေပဲ ဖြစ်ပါစေလို့ ကျိန်စာတိုက်မိမှာ"

"ခွန်ရယ် ... နင်ကတော့"

မမသွန်းက ခွန်းရဲ့စကားကြားတော့ တိုးဖွဖွရယ်သည်။ ခွန်း ပြောတာ ဟုတ်လည်း ဟုတ်တာပဲ။ အဲဒါဆို ယောက်ျားတွေနဲ့ ပတ်သက်ပြီး မိန်းမတွေမှာ ဘာဒုက္ခမှ ရှိတော့မှာမဟုတ်ဘူး။ သူတို့က မိန်းမတွေရဲ့ ကြင်နာသနားတတ်တဲ့စိတ်၊ အားနွဲ့တဲ့သဘာဝကို နင်းပြီး နိုင်စားချင်ကြတာ။

"တကယ်လို့သာ ကျိန်ဆိုတိုင်းထိမှာ သေချာရင် ခွန်းကိုယ့်နှလုံးသားကိုပဲ ကိုယ်ကျိန်စာတိုက်ပစ်ချင်ပါတယ်၊ သော်သော်နဲ့ ပတ်သက်ပြီး ခံစားတတ်တဲ့ နှလုံးသားပျောက်ဆုံးသွားပါစေလို့ပေါ့"





ခွန်း ရင်ထဲက ခပ်တိုးတိုး ညည်းညူမိလိုက်သည်။

"မနက်ဖြန် SSC မှာ ငါ့ကို ဗိုက်အပ်မယ်လို့ ဦးသက်ပြောတယ်၊ နင် မနက်ဖြန် နားရက်မဟုတ်လား၊ လိုက်ခဲ့ပါလား ခွန်း"

သားသားလေးတုန်းက ရွာက လက်သည်နဲ့မွေးပြီး သူ့ကလေးကျမှ SSC အထိတောင်တက်ပြီး ကလေးမွေးဖို့စီစဉ်ချင်သည့် ဦးသက်ကို ခွန်း အမြင်ကတ်မိသည်။ တစ်ဖက်က လှည့်ကြည့်ရင်လည်း သူ မမသွန်းကို ဘယ်လောက်ဂရုစိုက်လဲ အမေနဲ့ခွန်းကို သိစေချင်လို့ပဲ ဖြစ်မည်။ ငြင်းလို့မကောင်းတာမို့ ခွန်း ခေါင်းအသာညိတ်ပြလိုက်မိသည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ( ၂၆ )

"လက်ထပ်မယ် ... ဟုတ်လား"

သူ့စကားကို သံယောင်လိုက်နေသည့် ဂျူးဂျူး၏ မျက်နှာမှာ ပျော်ရွှင်မှုတို့က ဗလာနတ္ထိ၊ စိတ်ညစ်ညူးအရိပ်လေးတွေ ယှက်ဖွဲ့လာတာတွေ့တော့ သူ မချင့်မရဲ ဖြစ်မိသွားသည်။

"မဖော်ဘူးလား ကို၊ ဂျူးဂျူးအလုပ်က persenter နော်၊ ဒါတောင် presenter အစစ် ဖြစ်သေးတာ မဟုတ်ဘူး"

"ဘာလဲ ... ဂျူးဂျူး၊ ကိုနဲ့ လက်မထပ်ချင်လို့လား"

ညှိုးမှိုင်းမှိုင်း ဖြစ်သွားတဲ့ သော်သော်စစ် မျက်နှာကို ဂျူးဂျူး လက်ကလေးနဲ့ ခပ်ဖွဖွ တို့ထိရင်း ...





"လက်မထပ်ချင်လို့ပြောတာ မဟုတ်ပါဘူး ကို၊ ဂျူးဂျူးတို့ အိမ်ထောင်ပြုဖို့ စောလွန်းသေးတယ်လို့ ထင်လို့ပါ"

အနည်းငယ် မသပ်မရပ် ဖြစ်နေတဲ့ သော်သော်စစ်ရဲ့အင်္ကျီကော်လာတစ်ဖက်ကို ဂျူးဂျူးက သပ်ရပ်အောင် ပြန်ပြုပြင်ပေးရင်း လေပြည်တိုးသည်။

"နောက်မှ ဂျူးဂျူး နောင်တ,မရပါနဲ့"

သူ့ရဲ့ခပ်လေးလေး လေသံထဲမှာ လေးနက်မှုတွေ ပျော်ဝင်နေတာ ဂျူးဂျူး ရိပ်စားမိသည်ထင့် သူ့ရင်ခွင်ထဲက ချက်ချင်းခေါင်းထောင်ပြီး အကဲခတ် မျက်ဝန်းလေးတွေနဲ့ ခပ်စူးစူးကြည့်၏။

"ကို ... မပွင့်လင်းဘူး၊ ကို့ဆီမှာ ဂျူးဂျူး မသိတဲ့ လျှို့ဝှက်ချက်တစ်ခု ရှိနေတာ သေချာတယ်၊ ဂျူးဂျူး ခံစားလို့ရတယ်"

"တော်လှချည်လား"

"မလှောင်နဲ့ ကို, ... ဂျူးဂျူး အတည်ပြောနေတာ၊ အဲဒီလျှို့ဝှက်ချက် ဘာလဲ ကို,ပြောပြပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ခက်တော့တာပဲ၊ လူကိုများ ပုလိပ်စစ်လာစစ်နေတယ်၊ ကို, ဂျူးဂျူးကိုချစ်လို့၊ ဆုံးရှုံးရမှာကြောက်လို့ လက်ထပ်ဖို့ကိစ္စ ပြောမိတယ်ကွာ၊ ဒါပါပဲ"

"ကို့ကို အကြားအမြင် ဆရာမက ဘာတွေဟောလိုက်လို့လဲ၊ ဂျူးဂျူးနဲ့ မရဘူးလို့များ ဟောလိုက်တာလား"

"မဟုတ်က ဟုတ်ကကွာ"

ဂျူးဂျူး စိတ်ကျေနပ်အောင် နည်းမျိုးစုံနဲ့ သူ စကားလမ်းကြောင်း ပြောင်းပစ်လိုက်ရသည်။ သူ စိတ်မောရတာ သူသာသိသည်။ သိပ်သောကရောက်မနေစမ်းပါနဲ့ သော်သော်စစ်။ ဒီအနေအထားမျိုးမှာ ခွန်းချိုခ ဆိုတဲ့မိန်းမ မင်းနှလုံးသားထဲ ပြန်ဝင်လာဖို့ဆိုတာ ... ဟား ... တကယ်မဖြစ်နိုင်တဲ့ ကိစ္စတစ်ခုပါ။

သူ့ကို သောကပေးနေသော အတွေးဆိုးတို့ကို မောင်းထုတ်ပစ်ပြီး ဂျူးဂျူးနဲ့ သူ ကြည်နူးနေမိလိုက်သည်။ သူ့ရင်မှာ ဖြစ်တည်သော သောက၊ သူ့အတွေးမှာ ကြီးစိုးနေသော





ကြောင့်ကြမှုတို့က တစ်ခဏချင်းမှာပဲ လွင့်ပြယ်ပပျောက်သွားသည်။

မင်း ငါ့နှလုံးသားထဲ ပြန်ဝင်ဖို့ နောက်ဘဝအထိ စောင့်လိုက်ပေါ့ ခွန်းချိုခ။ ဒီဘဝမှာတော့ ဂျူးဂျူးနဲ့ ငါ့ကိုဘေးထိုင်ပြီးတော့ဘဲ ကြည့်နေလိုက်ပါ။ အရင်က မင်းကိုချစ်ခဲ့တယ်ဆိုတာလည်း မင်းမှာရှိတဲ့ အတတ်ပညာတွေနဲ့ ငါ့ကိုဖမ်းစားခဲ့လို့ပဲဖြစ်မှာ။ ဒါပေမဲ့ ရင်ထဲကလာတာ မဟုတ်တော့ မင်း ကြာကြာ ငါ့ကို ဆွဲမထားနိုင်ခဲ့ဘူး မဟုတ်လား။

ကျိန်စာပြယ်လွင့်အောင် မင်းမေတ္တာပို့ပေးခဲ့တာ တကယ်ဆိုရင် ကျေးဇူးပါ ခွန်းချိုခ။ ဒါပေမဲ့ ဒါက မင်းလုပ်သင့်လုပ်ထိုက်လို့ လုပ်ရတာပဲလေ။ မင်းတိုက်ခဲ့တဲ့ ကျိန်စာပဲ။

"ကို့ကိုမေးမယ် မေးမယ်နဲ့ အခုမှ သတိရတယ်"

"မေးလေ ဂျူးဂျူး၊ ဘာမေးမှာလဲ"

"မခွန်းချိုခကို ကို, ဘာလို့ သဘောမကျတာလဲဟင်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကို့ ဂျူးဂျူးကို ပြောဖူးပါတယ်၊ လိုတာ ထက်ပိုပြီး မဆက်ဆံနဲ့လို့လေ၊ အဲဒီတုန်းက ဂျူးဂျူးမေးတာကို ကို့မဖြေခဲ့ဘူး၊ အခုဖြေ ... ဘာကြောင့်လဲ"

မဖြေရင် သံသယဖြစ်မှာ သေချာနေသည်မို့ ဂျူးဂျူး လက်ခံနိုင်လောက်သည့် အဖြေကိုပေးဖို့ သူ ခေါင်းပွမတတ် စဉ်းစားလိုက်ရပါသည်။

"ကို့လည်း သေချာမသိဘူး၊ ကို့အလုပ်ဝင်ကတည်းက သူနဲ့ စကားမပြောဘူးပေမယ့် စိတ်ထဲမကြိုက်ဘူး ဖြစ်နေတယ်၊ သူ့ကိုကြည့်ရတာ တစ်မျိုးပဲ"

"ဘာမျိုးလဲလို့၊ လူတစ်ယောက်ကို အပေါ်ယံကြည့်ပြီး ဆုံးဖြတ်ရင် 'ကို'မှားသွားမှာပေါ့၊ မခွန်းချိုကလူကောင်း တစ်ယောက်ပါ။ ဂျူးဂျူးကလေ သူ့မျက်ဝန်းလေးတွေကို အရမ်းသဘောကျတာ၊ မသိရင် မျက်လုံးထဲကို အရည်လဲ့အောင် ဆေးထည့်ထားသလိုပဲ တဖျပ်ဖျပ်နဲ့ တောက်ပနေတာ"





ဟုတ်တာပေါ့။ ဒီမျက်ဝန်းလေးတွေကို သူ အမွှမ်းတင်ပြီး စာတွေရေးဖွဲ့ခဲ့ဖူးသည်ပဲ။ ဒီမျက်ဝန်းလေးတွေ အရောင်ပြောင်းသွားတော့လည်း သူ စာမကျက်နိုင်လောက်အောင် ခံစားဖူးခဲ့သည်ပဲ။ ပြန်တွေးကြည့်ရင် ခွန်းချိုဆိုတဲ့ သူမနဲ့ပတ်သက်ပြီး သူ ရှုံးခဲ့တာ ရှက်စရာ။

ရင်ခုန်စရာကောင်းတယ် ထင်ခဲ့ဖူးတဲ့ ဒီမျက်ဝန်းတွေမှာ ကြောက်စရာ အန္တရာယ်အငွေ့အသက်တွေ ကိန်းဝပ်နေလိမ့်မယ်လို့ သူ ဘယ်လိုလုပ် တွေးမိမှာတဲ့လဲ။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၂၇

ဘော့စ်ဝင်လာတာတွေ့တော့ ထုံးစံအတိုင်း ခွန်းနဲ့ မေသူတို့ ခရီးဦးကြိုပြုလိုက်ပါသည်။ ဘော့စ်က ဘယ်အချိန်ပဲ ကြည့်ကြည့် သွက်လက်ဖျတ်လတ်နေသည်။ အဖြူခံပေါ် ခရမ်းနုရောင်အစင်း ရှပ်အင်္ကျီနဲ့ အနက်ရောင်စတိုင် ဘောင်းဘီတစ်ထည်ကို စမတ်ကျကျ သူ ဝတ်ထားသည်။ necktile ကလည်း အင်္ကျီနဲ့လိုက်ဖက်သည့် ခရမ်းဖျော့ဖျော့လေး။ ဖြူဝင်းသည့် သူ့အသားအရောင်ကြောင့် ဘာပဲဝတ်ဝတ် ကြည့်လို့ကောင်းလှသည်။

“ငါ သွားမယ် မေသူ”





“ဟဲ့ ... ဖြစ်ပါ့မလား ခွန်းရယ်၊ သူတို့တွေက ဘာတွေမှန်း မသိဘူး၊ နင် ကြားမဝင်တာ ကောင်းမယ်နော်၊ နင်ပြောတာတွေ သူ လက်ခံမှာ မဟုတ်ဘူး၊ ငါ သိတယ်”

မေသူက ဟန့်သော်လည်း ခွန်းက နောက်ဆုတ်ဖို့ အစီအစဉ်မရှိပါ။

သူ ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ။ ခွန်း မြင်တာတွေ့တာကို ပြောပြမှ ဖြစ်မည်။ တကယ်လို့ သူ မမေမင်းမြတ်ကို တိတ်တဆိတ် လိုက်ရှာနေတယ် ဆိုရင်ရော။ ခွန်း ပေးတဲ့ information က အထောက်အကူ ဖြစ်ချင်ဖြစ်နေမှာ။

“ခက်တော့တာပဲ”

မေသူက ခွန်းကို တားမရတဲ့အဆုံးမှာ ညည်းညူပြီး ကျန်ခဲ့သည်။ ခွန်း တစ်ယောက်က တကယ်ခေါင်းကြောမာပြီး အကြောက်အလန့်မရှိတဲ့ မိန်းမပဲ။

“ဘော့စ် ... ကျွန်မကို ဝင်ခွင့်ပြုပါ”

“ဩော် ... ခွန်းချို၊ လာပါ ... ဘာကိစ္စလဲ”



www.burmeseclassic.com

www.burmeseclassic.com



အခန်း slide door ကို ဆွဲဖွင့်ဝင်လာတဲ့ ခွန်းချို ကို သူ့ရှေ့ကခုံမှာ ထိုင်ခိုင်းလိုက်သည်။ ရှေ့နဲ့နောက် တတိတည်း ရှည်တဲ့ ဆံကေသာတွေကို သိုးမွေးကွင်းတစ်ခုနဲ့ နားရွက်အောက် မကျတကျလောက်မှာစုပြီး ခပ်လျော့လျော့ စည်းထားတဲ့ ခွန်းချို ရဲ့မျက်နှာလေးက တစ်မျိုးတစ်ဘာသာ ဆွဲဆောင်မှုရှိနေ၏။ စင်ရော်တောင်လို မျက်ခုံးလေးတွေနဲ့ သူနဲ့လိုက်ဖက်တဲ့ မျက်ဝန်း တောက်တောက်လေးတွေက သူမမှာ ကိုယ်ရည်ကိုယ်သွေး စိတ် အပြည့်ရှိမှန်း သက်သေပြနေပါသည်။

ကွန်ပျူတာလေး အနည်းငယ်သာ တတ်ကျွမ်းပြီး ဘွဲ့တစ်ခုသာ ရထားတာမို့ receptionist ဘဝကို ရောက်ခဲ့ရ သည်။ ကူညီပံ့ပိုးထောက်ပံ့မှုတွေသာ ရှိခဲ့ရင် ခွန်းချိုသည်လည်း အဆင့်မြင့်ရာထူးတစ်ခုကို ပိုင်ဆိုင်နိုင်မည်မှန်း သူသိနေပါသည်။

"ဘော့စ်ကို ပြောစရာလေး ရှိလို့ပါ"

ခွန်းချိုက ဘော့စ်ရှေ့က ထိုင်ခုံမှာ ဝင်ထိုင်လိုက် ရင်း တစ်ညလုံး စီထားသည့် စကားတို့ကို ဖြည်းဖြည်းမှန်မှန် ပြောဖို့ အားယူလိုက်သည်။

"ကျွန်မ တစ်နေ့က မမေမင်းမြတ်နဲ့ တွေ့တယ်"





"အဲဒီတော့ ..."

သူ့ရဲ့စိတ်မဝင်စားသလို ပုံစံမျိုးကြောင့် ခွန်း ရင်ထဲ တစ်ချက်အောင့်သွားသည်။ ဘာပဲဖြစ်ဖြစ် ဒီအထိလာပြီးမှတော့ ပြောစရာရှိတာ ဆက်ပြောရမည်။

"SSC မှာ တွေ့ခဲ့တာ၊ သူ မပေါ့မပါးကြီးနဲ့"

"အဲဒီတော့ ..."

"သူ့ရဲ့မိသားစုက အမေရိကားကို ပြောင်းသွားကြပြီ။ သူ တစ်ယောက်တည်း တိုက်ခန်းငှားပြီး နေခဲ့တာ"

"နေပါဦး ခွန်းချို၊ ဘာကိစ္စကြောင့် မင်း ကိုယ့်ကို ဒါတွေ လာပြောပြနေရတာလဲ"

"ဘော့စ်သိသင့်တယ် ထင်လို့ပါ"

"မင်းလို ရဲတင်းတဲ့ ဝန်ထမ်းမျိုး ငါတစ်သက် တစ်ခါမှ တောင် မတွေ့ဖူးဘူး၊ ငါ မင်းရဲ့အလုပ်ရှင်ဆိုတာ မင်း မေ့တော့ မမေ့ပါဘူးနော်၊ မင်း ပြောနေတဲ့ စကား ဘယ် အထိ ရောက်သွားလဲ ဆိုတာရော မင်းသိရဲ့လားဟင် ... ခွန်းချို"



www.burmeseclassic.com

www.burmeseclassic.com



အစဉ်သဖြင့် ပြုံးချိုနေတဲ့ ဘော့စ်ရှပ်က ခက်ထန်နေသလို မျက်လုံးတွေကလည်း အေးစက်ရန်လိုနေသည်။ ခွန်းပြောတဲ့ အထဲမှာ ဘာတွေများ အမှားပါသွားလို့ပါလဲ။

"ကျွန်မ ဘော့စ်ကို သတင်းပေးတာပါ"

"မလိုဘူးကွာ၊ ကိုယ် မသိချင်ဘူး၊ ကိုယ် မိန်းမတွေကို ကြည့်မရတာ ဒါတွေလည်းပါတယ်၊ ကိုယ့်နေရာကိုယ်မနေတတ်ဘူး၊ ကိုယ်နဲ့မဆိုင်ဘဲ နေရာတကာ ပါတတ်တယ်၊ တကယ် နှောင်တ,ရမိတယ်၊ ဝန်ထမ်းတွေနဲ့ မိသားစုလို နေမိတာ၊ ဒါကြောင့် မင်း ဒီနေ့ကိုယ်ကို ဒီစကားမျိုးတွေ လာပြောရဲခဲ့တာ"

သူ့စကားတွေက ခွန်းရဲ့ဒေါသသွေးတို့ကို ပွက်ပွက်ဆူစေသည်။ ခွန်း ဘာတွေများ မှားနေလို့လဲ။ သူနဲ့မမေမင်းမြတ်တို့ living together ဆိုတာ အားလုံးအသိပဲ။ သူ ဘာကြောင့် မမေမင်းမြတ်မှာ ကိုယ်ဝန်ရှိတဲ့ကိစ္စကို နည်းနည်းမှ မတုန်လှုပ်ရတာလဲ။ သူက ဘယ်ဂုဏ်သိက္ခာကို ထိန်းသိမ်းချင်နေတာတဲ့လဲ။





တွေးရင်း တွေးရင်းနဲ့ ခွန်းရဲ့ဒေါသစိတ်ကို ဘယ်လိုမှ မချုပ်တည်းနိုင်တော့။ ခွန်း နောက်ဆုံး သိလိုက်တာက ခွန်းမျက်ဝန်းတွေ မီးတောက်အလား ထ,တောက်ပလောင်သွားပြီး အဲဒီဒေါသတွေကို လွှတ်ပေးမိလိုက်တာ။

"ခွမ်း"

"ဟာ"

ဥက္ကာမျိုး သူ့ရဲ့ laptop screen ပက်ကြားအက်ကွဲသံကြောင့် အံ့အားသင့်ပြီး ကြက်သေ,သေသွားသည်။

"ဟာ ... ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

သူ့စားပွဲပေါ်က အချက်ပေး ခေါင်းလောင်းကိုနှိပ်ပြီး security တွေကို လှမ်းခေါ်တုန်း ခွန်း အသိပြန်ဝင်ခဲ့သည်။ ပြုံးပြုံးဖျာဖျာနဲ့ ကြည့်လိုက်မိတော့ သူ့ရဲ့ laptop တစ်ခုလုံး သုံးစားမရအောင် ပျက်စီးသွားရှာပြီ။



www.burmeseclassic.com

www.burmeseclassic.com



## ၂၈

သားသားလေးကို ပြန်ခေါ်သွားဖို့ ဦးသက်က ပြောသော်လည်း ခွန်းက လက်မခံခဲ့။ တစ်နှစ်တည်းမှာ ကျောင်းအခါခါပြောင်းလို့ အဆင်မပြေတာမို့ သားသားလေးကို ခွန်းတို့ ဒီတစ်နှစ်တာဝန်ယူဖို့ ဆုံးဖြတ်လိုက်ရသည်။ မမသွန်းကတော့ သူ့သားကို မထားခဲ့ချင်။

သားသားလေးကလည်း နဂိုကတည်းက ခွန်းနဲ့အမေ့ကို ကပ်သူမို့ သိပ်ပြဿနာမရှိလှ။ ဒီအိမ်စ,ရောက်ကတည်းက သူ့အသွားနဲ့အတူ အိပ်တာပဲကြည့်။





"အမေ _ သားသားလေး သူ့အမေကို မေးသေးလား"

အရုပ်ကားတစ်စီးနှင့် တစ်ယောက်တည်း,ဆော့နေတဲ့ သားသားလေးကို ခွန်း သနားကြင်နာစွာ တစ်ချက်ကြည့်လိုက်သည်။

"မေးတယ် ခွန်း၊ လကုန်ရင် ပြန်လာမှာလို့ အမေ ပြောလိုက်တယ်"

"မိဘတွေ အချိုးမပြေလို့ ကလေးက ကြားထဲက ဒုက္ခရောက်ရတယ်"

"အမေကလေ ဘယ်လိုတောင် တွေးထားလဲ သိလား၊ သားသားလေးကို မွေးစားလိုက်မလားလို့"

"အမေ့သမီးက ပေးဦးမယ်"

မမသွန်းက အရုတောင် မတတ်သာလို့ သားသားလေးကို ထားခဲ့ရတာ မဟုတ်လား။ ခွန်းကလည်း သားသားလေးကို မွေးစားထားချင်ပါသည်။ နောက်မွေးတဲ့ ကလေးကို မ,ပြီး သားသားလေးကို ဦးသက် ဂရုမစိုက်မှာစိုးရိမ်ပေါ့။ ဘယ်လောက်



www.burmeseclassic.com

ပဲ မျှတတယ်ပြောပြော၊ လူတွေက ကိုယ့်ဥမှ ကိုယ်ခင်ကြသည် မဟုတ်လား။

"ဒါနဲ့ ခွန်းကို ကြည့်ရတာ အခုတလော မျက်နှာသိပ်မကောင်းဘူး၊ ဘာလို့လဲ၊ အလုပ်ထဲမှာ အဆင်မပြေလို့လား သမီး"

ဘော့စ်အခန်းထဲမှာ ဖြစ်ခဲ့သည့် ကိစ္စကြောင့် ခွန်း စိတ်ထဲ စနိုးစနောင့် ဖြစ်နေမိ၏။ ခွန်းကြောင့် ကွန်ပျူတာပျက်စီးသွားခဲ့ရတာလား။ ထူးထူးဆန်းဆန်း အဖြစ်အပျက်ကြောင့် ကုမ္ပဏီက ဝန်ထမ်းတိုင်းက ဒီအဖြစ်အပျက်ပေါ် ထင်မြင်ချက်မျိုးစုံ ပေးကြသည်။ အဲဒီနေ့က သော်သော်ရဲ့အကြည့်စိမ်းစိမ်း တစ်ခုကို ခွန်း အမှတ်ရနေမိသည်။ ထိုအကြည့်ထဲတွင် စပ်ဆုပ်ရွံရှာခြင်းတွေ၊ မနှစ်မြို့မှုတွေသာမက အမုန်းတစ်စ,ကိုပါ ခွန်း တွေ့ခွင့်ရလိုက်သည်။ အဲဒါ ဘာကြောင့်များပါလဲ။

"အမေ ... လွန်ခဲ့တဲ့ သုံးရက်လောက်တုန်းက ကုမ္ပဏီမှာ ထူးဆန်းတဲ့ကိစ္စတစ်ခု ဖြစ်သွားခဲ့တယ်၊ ခွန်းနဲ့ ဘော့စ်ရဲ့





စကားပြောနေရင်းက ဘော့စ်စားပွဲက ကွန်ပျူတာအက်သွားတယ်၊ အဲဒီတုန်းက ခွန်း သူကို တော်တော်ဒေါသထွက်နေတာ၊ မျက်လုံးထဲ မီးတောက်သလို ခံစားသွားရပြီး ခွန်း သတိပြန်ဝင်လာချိန်မှာ ဒီကိစ္စက ဖြစ်ပြီးသွားပြီ"

သမီးငယ်ရဲ့စကားကြောင့် ဒေါ်ကြည်ပြာ သမီးတို့ငယ်ငယ်က အဖြစ်အပျက်တစ်ခုကို မျက်လုံးထဲ ပြေးမြင်သွားသည်။

အဲဒီတုန်းက ခွန်းက သုံးနှစ်သမီး၊ သွန်းက ငါးနှစ်သမီး။ ရွှေဝါရောင်ဆံပင်နဲ့ ဘိုမရုပ်လေးတစ်ခုကို အပြိုင်လုကြသည်။ နောက်ဆုံးတော့ သွန်းလက်ထဲကိုအရုပ်မလေး ပါသွားသည်။

"သွန်း ... ညီမလေး သနားပါတယ်၊ ပေးလိုက်ပါ သမီးရယ်နော်"

"ပေးဘူး"

"မပေးဘူးဆိုလည်း နှစ်ယောက်အတူတူ ဆော့ကြလေ၊ နော် ... သမီးကြီး၊ မီးငယ်လေးလည်း စိတ်မဆိုးပါနဲ့၊ အမေ နောက်ထပ်တစ်ရုပ် ဝယ်ပေးပါ့မယ်"

www.burmeseclassic.com



ခွန်း မျက်နှာလေးက အတော်အတန် စူပုပ်နေပြီး ဝတ်ထားတဲ့ ဂါဝန်လေးကို သူမ လက်ကလေးနဲ့ တင်းတင်းဆုပ်ရင်း မျက်လုံးလေးတွေ အရောင်ပြောင်းသွားတာ ဒေါ်ကြည်ပြာ တွေ့လိုက်ရသည်။

"ဟယ် ... အို"

သွန်း လက်ထဲက ဘိုမရုပ်လေး ရုတ်တရက် တစ်စ,စီ ပြုတ်ထွက်သွားတာ မြင်လိုက်ရတာမို့ ဒေါ်ကြည်ပြာ ရင်ဘတ်ဖိပြီး တအံ့တဩ ရေရွတ်မိသည်။

ဘိုမရုပ်လေးက ခေါင်းတခြား ကိုယ်တခြား လက်နှစ်ဖက်ပြုတ်၊ ခြေနှစ်ဖက်ပြုတ်နှင့် မသိရင် တစ်စုံတစ်ယောက်က စိတ်ရှိလက်ရှိ တစ်စ,စီ ဆွဲဖြုတ်လိုက်သည့်နှယ်။

"ဟီး ဟီး ... သွန်း အရုပ်လေး၊ သွန်း အရုပ်လေး"

သွန်းက ကြမ်းပြင်ပေါ် ပုံ့ကြီးနေသော အရုပ်မလေးရဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ငိုရင်းနဲ့ လိုက်ကောက်သည်။





ခွန်းက ရပ်နေရာမှ သတိပြန်ဝင်သွားဟန်နှင့် ငိုယိုပြီး သူ့အစ်မနဲ့အတူ အရုပ်မရဲ့အစိတ်အပိုင်းတွေကို လိုက်ကောက်နေ၏။ ဒီကတည်းက ခွန်းရဲ့ထူးခြားမှုကို မျက်ဝါးထင်ထင်မြင်တွေ့သတိပြုမိခဲ့သည်။ တတ်နိုင်သလောက် သမီးနှစ်ယောက်စလုံး စိတ်ဓာတ်ပျော့ပျောင်းအောင်နှင့် ဘာသာတရားကိုင်းရှိုင်းအောင် သူမ လမ်းညွှန်ပေးခဲ့သည်။ အထူးသဖြင့် ခွန်းကို ပိုသွန်သင်ဆုံးမခဲ့သည်။ မခင်အေးကိစ္စနဲ့တုန်းကလည်း ခွန်းကြောင့်ဆိုတာ သူမ သိသည်။

"တတ်နိုင်သလောက် ဒေါသကိုလျှော့ပါ သမီးရယ်၊ ဒေါသဆိုတာ လူတစ်ယောက်အတွက် အကြီးမားဆုံးရန်သူပဲ၊ ဖြစ်နိုင်ရင် အမေက သမီးကို မေတ္တာသုတ်ကို အမြဲရွတ်စေချင်တာ၊ မေတ္တာဘာဝနာကိုလည်း ပွားစေချင်တယ်"

အမေကဖြစ်ခဲ့တဲ့ အဖြစ်အပျက်နဲ့ ပတ်သက်ပြီး ခွန်းကို ဘာမှတ်ချက်မှ မပေး။ အကြံဉာဏ်သာပေး၏။ ဦးသက်ကို ခွန်း ဒေါသထွက်တုန်းကလည်း အမေ ခွန်းကို ဒေါသပြေ

စေတနာစာပေ

www.burmeseclassic.com



အောင် ချော့မော့ခဲ့သည်။ ဒါကို ထောက်ချင့်ကြည့်ရင် အမေ ခွန်းအကြောင်း သိနေတာ သေချာပါသည်။ ခွန်း စိတ်ထဲသို့လော သို့လော ထင်မည်စိုး၍ တမင်မပြောတာဘဲ ဖြစ်မည်။

သားသားလေးကို သိပ်ဖို့ အမေထ,သွားတော့ ခွန်း တစ်ယောက်တည်း ငေါင်စင်းစင်းလေး ထိုင်ကျန်နေခဲ့သည်။ နှင့် နှလုံးသားထဲမှာ ငါ မရှိတော့တာ သိပေမယ့် နှင့်အမုန်းကို ငါ တွေ့လိုက်ရတဲ့ခဏမှာ ငါ့နှလုံးသားက ခံနိုင်ရည်မရှိလွန်းလို့ ဗုန်းဗုန်းလဲကျမတတ်ပါပဲ သော်သော်ရယ်။

○ ❦ ○





## ၂၉

ဘော့စ်ရုံးခန်းထဲမှာ ဖြစ်ပွားခဲ့သည့် ကိစ္စကို ဘယ်သူမှ ရေရေရာရာ မသိပေမင့် သူကတော့ ဒီအဖြေကို ထိတိကျကျ သိနေသည်။ ဒါ ခွန်းချိုခရဲ့လက်ချက်။ သူနဲ့ ဘော့စ်နဲ့က ဘာလဲ။ ဘော့စ်နဲ့ သူ နှစ်ယောက်တည်း စကားပြောနေတဲ့ အချိန်မှာ ဖြစ်ခဲ့တာဆိုတော့ သူတို့နှစ်ယောက် ဆွေးနွေးတဲ့အကြောင်း အရာက ဘာများဖြစ်နေမလဲ။

ဆရာမပဟောထားတဲ့ အကြောင်းအရာဆီ သူ့စိတ် အရောက် သူ ချောက်ချားစွာနဲ့ အိပ်ရာပေါ်က ထ,ထိုင်မိလျက် သား ဖြစ်သွားသည်။ တစ်ရေးနိုးတိုင်း ဒီအတွေးက လာလာနှိပ် စက်သဖြင့် သူ အိပ်မပျော်တဲ့ရက်တွေ ရှည်ကြာလာခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး ... ငါ ဒီကုမ္ပဏီမှာ ဆက်အလုပ်လုပ်လို့မဖြစ်ဘူး၊ ဖြစ်နိုင်ရင် ခွန်းချိုရဲ့ မျက်စိကွယ်ရာ နားကွယ်ရာမှာ ငါနေမှ ဖြစ်တော့မယ်"

သူ တစ်ကိုယ်တည်း တီးတိုးဆိုမိသည်။ ဂျူးဂျူးကလည်း ဘယ်လိုမှ စည်းရုံး၍မရ။ ခွန်းချိုရဲ့ အစွမ်းအစတွေကလည်း ကြောက်ခမန်းလိလိမို့ သူ စိတ်ဆင်းရဲလွန်းလို့ ရှူးတောင်ရှူးချင်လာသည်။

မနက်ကိုးနာရီလောက်မှာ ဂျူးဂျူးက သူ့ဖုန်းကို ခေါ်သည်။ ညက အိပ်ရေးပျက်ထားလို့ သူမျက်စိတောင် မဖွင့်နိုင်။ ပြီးမှ ဂျူးဂျူးနဲ့ ဆယ်နာရီမှာတွေ့ဖို့ ချိန်းထားတာ အမှတ်ရရင်း သူ့မျက်လုံး ကျယ်သွားသည်။

"ကို ... အိပ်ချင်မူးတူးသံကြီးနဲ့ ဘာလဲ မထ,သေးဘူးလား၊ ဒီနေ့တွေ့ဖို့ အဆင်မပြေဘူးလား၊ အဆင်မပြေဘူး ဆိုရင်လည်း ပြောနော်၊ ဂျူးဂျူးကို အားမနာနဲ့"

"ဟာ ... မတွေ့လို့မှ မရတာကွာ၊ ဒီနေ့ ကိုယ်ချစ်သူရဲ့မွေးနေ့ပဲ"





"ဟင် ... တော်သေးတာပေါ့၊ သတိရသေးလို့"

ဂျူးဂျူးက သဘောတွေ့သွားသော်လည်း အမူပိုပိုနှင့် ရွဲ့တဲ့တဲ့ ပြောသည်။

"ပြော ... ဘာလက်ဆောင်ပေးမှာလဲ"

"တွေ့ရင် သိမှာပေါ့"

"ပြီးရော ... ပြီးရော၊ feel ကို ဆယ်နာရီ အရောက် လာခဲ့နော်"

ဂျူးဂျူး ဖုန်းချသွားတော့ သူ အိပ်ရာပေါ်မှာ ပက်လက်အနေအထားနဲ့ မျက်နှာကျက်ကို မော့ကြည့်နေမိသည်။ ဆုတ်ပြီ ... ဒီနေ့ ဂျူးဂျူးကို သူ့ဘက်ပါလာအောင် အပြတ်စည်းရုံးရမည်။ နှဲ့ပါများရင်တော့ နှဲ့လာမှာပေါ့။ နှလုံးသားချင်း ဆက်ပြီး ချစ်နေကြသူတွေပဲ။

"ဘာပဲဖြစ်ဖြစ် ကံကြမ္မာဆိုတာ လူကလုပ်တာ၊ အတိတ်ဆိုတာ ကိုယ်သိတာမှ မဟုတ်တာ၊ ကိုယ်မြင်ရတာလည်း မဟုတ်ဘူး၊ ငါ့ကံကြမ္မာကို ငါဖန်တီးမယ်၊ ဘယ်သူဘာတတ်နိုင်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သော်သော်စစ် အိပ်ရာက သွက်လက်စွာ ထ,လိုက် သည်။ ရေမိုးချိုး အဝတ်အစားလဲ။ မမကြီးဆီက တောင်းထား တဲ့ကားကို မောင်းထွက်လာခဲ့သည်။ ဒီနေ့ ဂျူးဂျူးသွားလိုသ နေရာမှန်သမျှကို လိုက်ပို့ပေးမည်ဟု ကတိပေးထားခဲ့သည် မဟုတ် လား။

feel ထဲကို သူ ခြေချလိုက်တော့ ဆယ်နာရီအတိ ဂျူးဂျူးက နာရီတိကျမှ ကြိုက်တဲ့သူ။ ဂျူးဂျူးကို သူ ဧဝဲ ကြည့်တုန်း မျက်နှာတစ်ခုကိုအတွေ့ သူ့သွေးခုန်နှုန်းတို့ ဆော တက်သွားသလို ခံစားလိုက်သည်။ သူမ ... ခွန်းချိုခ။

သွယ်ကျစ်သော ကိုယ်လုံးလေးနဲ့ fitting ကျ သော အပြာနုရောင် ရှပ်အင်္ကျီလေး ဝတ်ထားပြီး ဆံပင်တွေ အပြောင်သိမ်းပြီး စုစည်းထားသည်။ သူမသုံးထားသည့် ပန်းရေ ရင့်ရောင်နှုတ်ခမ်း ဆိုးဆေးက ဝင်းမွတ်ပြောင်တင်းနေတဲ့ သူ မျက်နှာလေးနဲ့ ပနံရလှသည်။ သူမဘေးမှာ ကလေးတစ်ယောက် ပြီး ထိုကလေးကို မုန့်ခွံ့ကျွေးနေသည့် သူမမျက်နှာပေါ်မှာ ကြင်နာရိပ်တွေ လွှမ်းခြုံနေတာ သူ မြင်နေရသည်။





မသိတဲ့လူ ဆိုရင်တော့ ဒီမိန်းမကို ကြောက်စရာ ကောင်းတဲ့ မိန်းမလို့ ဘယ်ထင်ပါ့မလဲနော်။ ဘာပဲဖြစ်ဖြစ် သူမ ကို တွေ့လိုက်ရလို့ သူ့လန်းဆန်းနေတဲ့စိတ် နည်းနည်းတော့ နောက်ကျိသွားပါ၏။ ချိန်းထားရင်တောင် လွဲချင်လွဲမှာ။ ဂျူးဂျူး လာရင် နေရာပြောင်းဖို့ သူ စဉ်းစားလိုက်သည်။

သူ့ရှေ့တည့်တည့် ထောင့်စားပွဲမှာ သူ့ကို စူးငေး ငေး ကြည့်နေတဲ့ ဖြူလွှလွှ ဂါဝန်လေး ဝတ်ထားသည့် ဂျူးဂျူး ကို တွေ့လိုက်တာမို့ သူ့မျက်နှာနှစ်ဖက် ပင့်တက်သွားပြီး ခြေလှမ်း ကျဲကြီးတွေနဲ့ စားပွဲရှိရာ လျှောက်လာခဲ့သည်။

"ခုနက ဒီစားပွဲမှာ ဂျူးဂျူးကို မတွေ့ပါဘူး"

"ဂျူးဂျူး ဒီမှာပဲ ထိုင်နေတာ၊ 'ကို'ဝင်လာတာတွေ့တော့ လက်လှမ်းပြတာ 'ကို'မတွေ့တာ အံ့ဩစရာပဲ"

တကယ်ပဲ သူ ဂျူးဂျူးကို မတွေ့ခဲ့တာပါ။ သူတွေ့ တာက သူ့မျက်လုံးထဲကို ဝင်လာတာက တစ်ယောက်လေ။

"မခွန်းချိုခကိုတော့ 'ကို'တွေ့တယ် မဟုတ်လား။ သူ့ကို ဘာကြောင့် 'ကို'အကြာကြီး ရပ်ကြည့်နေတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဂျူးဂျူး ပြဿနာ မရှာနဲ့ကွာ"

ဂျူးဂျူး စကားထပ်မဆိုတော့သော်လည်း ကျေနပ်ဟန်တော့မပြ။ အိအိဖူးဖူး နှုတ်ခမ်းနှစ်မွှာ ထိစပ်နေတဲ့ နေရာကရေပြင်ညီ မျဉ်းတစ်ကြောင်းပမာ။ ကြွေရောင်တောက်နေသောသူမမျက်နှာလေးပေါ်က ပန်းနုရောင်ပြေးနေအောင် shade တင်ထားသော ပါးပြင်နှစ်ဖက်က အရောင်ရင့်ဘက် ပြောင်းသွားတာသူ မြင်နေရသည်။

"မွေးနေ့မှာ ပြဿနာ မဖြစ်ချင်ပါဘူး၊ ဒါပေမဲ့ 'ကို' မခွန်းချိုစနဲ့ ပတ်သက်လာရင် မရိုးသားသလိုပဲ"

"မဟုတ်တာတွေ မပြောစမ်းပါနဲ့၊ ဒီမှာ ကြည့်စမ်း၊ အဲ ဂျူးဂျူးအတွက် ကို့ရဲ့မွေးနေ့လက်ဆောင် ဘာဖြစ်မလဲ ခန့်မှန်းကြည့်စမ်း"

ပြီးခဲ့တဲ့နှစ် ဂျူးဂျူး မွေးနေ့မှာ ကို့ဂက ပလက်တီနန်ခွဲကြိုးလေးတစ်ကုံး လက်ဆောင်ပေးသည်။ အဲဒီတုန်းကလည်း ဒီလိုပဲ သူ ပြောခဲ့သည်။ ရင်ခုန်ပျော်ရွှင်ရတာ သေမလောက်ပင်





အခုတော့ ပါဆယ်ထုပ်လေးကို ဂျူးဂျူး ကြောင်ငေးငေးရင်း ခံစားချက်တွေ ပျောက်ရှနေ၏။

သံသယ ... သံသယတစ်ခုက ဂျူးဂျူး ရင်ထဲ တစစနှင့် အမြစ်တွယ်လာခဲ့သည်။ ဆယ်တန်းနှစ်က 'ကို့'သူငယ်ချင်းတစ်ယောက်ရဲ့ အမှတ်မထင် ပြောလိုက်တဲ့စကားက ဂျူးဂျူးနားထဲမှာ တဝဲလည်လည်။

"ခွန်းချိုစလည်း အဲဒီကုမ္ပဏီမှာ လုပ်နေတယ် ကြားတယ်"

အဲဒီစကားက ဘာအဓိပ္ပာယ်လဲ။ ရိုးရိုးတန်းတန်းသူငယ်ချင်းဆို မခေါ်မပြောစရာ ဘာအကြောင်းမှမရှိ။ အခုဟာက သူတို့နှစ်ယောက် ဆက်သွယ်မှုရှိခဲ့ဖူးလို့ပဲ ဖြစ်မှာပေါ့။ ရှိတယ်ဆိုရင်တောင် ဂျူးဂျူးက ခွင့်လွှတ်ပေးနိုင်ပါသည်။ ခံစားရတာက သူ စာရင်းဖျောက်ထားတာကို။ အခု ဂျူးဂျူးက မသိဘဲနဲ့ သူ့ရည်းစားဟောင်းကို သွားစကားပြော ခင်မင်လို့။ ဟိုတစ်ယောက်က ဂျူးဂျူးကို နောက်ကွယ်ကနေ ဘယ်လောက်တောင် လှောင်ပြောနေလိုက်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကို, တစ်ခုခုစားလေ၊ ဂျူးဂျူးကျွေးမယ်၊ ပြီးရင် ဂျူးဂျူး ပြန်မယ်၊ ဂျူးဂျူး ကာစင်တွေနဲ့တွေ့ဖို့ ချိန်းထားလို့"

"ဘာ"

ဂျူးဂျူးစကားကြောင့် သူ အလန့်တကြား ထ,အော် လိုက်သည်။ သူနဲ့ချစ်ခဲ့တဲ့ ကာလတစ်လျှောက် ဂျူးဂျူး သူ့ကို ဒီလိုအချိုးမျိုး တစ်ခါဖူးမှ မချိုးဘူးခဲ့။ ဂျူးဂျူးကို ချော့မော့ရ မည့်အစား မာနတစ်ခုက သူ့ဆီဖြန်းစားကြီး ရောက်ချလာတာမို့ သူ့ရဲ့ရည်ရွယ်ချက်ကလည်း ပျောက်ထွက်သွားသည်။

"ကို, စားချင်လို့လာတာ မဟုတ်ဘူး၊ မွေးနေ့လက်ဆောင် ပေးရအောင် လာခဲ့တာ၊ ဂျူးဂျူးကာစင်တွေနဲ့ ချိန်းထား တာ အရေးကြီးရင် အခု ပြန်လို့ရတယ်"

"အလိုက်သိတဲ့အတွက် ကျေးဇူးပဲ ကို, … ဂျူးဂျူးသွားပြီ"

တကယ်ပဲ ဂျူးဂျူး ထ,ထွက်သွားသည်။ မေ့ချင် ယောင်ဆောင်တာလား၊ တမင်ထားခဲ့တာလားတော့ မသိ။ သူ ပေးတဲ့ မွေးနေ့လက်ဆောင် ပါဆယ်ထုပ်လေးက စားပွဲပေါ်မှာ နေရာပင်မရွေ့။





"တောက်"

သူ တက်တစ်ချက်ခေါက်ရင်း ပါဆယ်ထုပ်ကိုယူပြီး ထွက်လာခဲ့သည်။ ခွန်းချိုခတို့စားပွဲဘက် ကြည့်တော့ သူမတို့ မရှိတော့။ သူ စိတ်အိုက်အိုက်နဲ့ ပင့်သက်ချမိလိုက်သည်။

"အန်တီလေး … သားသားဖိနပ်ကြိုး ပြုတ်နေတယ်"

"ဩော် … အေး … အန်တီလေး ပြန်တပ်ပေးမယ်နော်"

သားသားလေးရဲ့ walking shoe ဖိနပ်ကြိုးလေးကို ခွန်း ထိုင်ပြီး ချည်ပေးလိုက်သည်။ မနေ့က လခထုတ်၍ သား သားလေးအတွက် လိုအပ်တာလေးတွေကို ခွန်း လိုက်ဝယ်ပေးခဲ့ တာလေ။ ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် ဂျူးဂျူးစံနှင့် တွေ့သည်။ ဂျူးဂျူးစံရှိတဲ့ နေရာမှာ သော်သော်လည်း ရှိနေမှာ ခွန်းသိသည်။ ဒီတော့ မြန်မြန်ဆန်ဆန်ပဲ သားသားလေး မုန့်စားပြီးတာနဲ့ ခွန်း ပြန်ထွက်လာခဲ့သည်။

"ကဲ … ရပြီ၊ နင် ဒီနေ့ တစ်နေ့လုံး ငါ့ကို အလုပ်တော် တော်ပေးတယ်နော် သားသားလေး"



www.burmeseclassic.com

www.burmeseclassic.com



ခွန်း ပြောဆိုပြီး မတ်တတ်ထရပ်လိုက်ချိန်တွင် သောကဖြတ်သွားတဲ့ ဂျူးဂျူးစံကို တွေ့လိုက်တာကြောင့် ဘာရယ် မဟုတ် လိုက်ကြည့်မိလိုက်သည်။

အဖြူရောင်ကြိုးသိုင်း pencil heel လေးကို ဟန်ချက်ညီအောင် ထိန်းသွားနေသော်လည်း ဂျူးဂျူးစံ ပုံစံက နည်းနည်းတော့ ကတိုက်ကရိုက် ဆန်နေ၏။

"ဟင်"

ခွန်း နောက်ကိုလှည့်ကြည့်တော့ ဆိုင်ထဲက ထွက်လာသည့် သော်သော်စစ်နှင့် ပက်ပင်းတိုးသည်။ မျက်မှန်တပ်ထားတဲ့ သူ့မျက်ဝန်းမှာ ဒေါသရောင်လက်လက် ထ,နေ၏။ ခွန်းကိုမြင်တော့ volume က ပိုမြင့်လာသည့်ပုံ။

"ဒီမှာ ခွန်းချိုခ ... နင့်မှာ ဘာ power ရှိရှိ ငါသောက်ဂရုမစိုက်ဘူး၊ နင် သိထားဖို့က ငါချစ်တဲ့သူက ဂျူးဂျူးစံ၊ ငါလက်ထပ်မယ့် သူကလည်း ဂျူးဂျူးစံ၊ ငါ့ကံကြမ္မာကို ငါရအောင် ဖန်တီးပြမယ်၊ နင် စောင့်ကြည့်လိုက်"





ဘလိုင်းကြီး အဟောက်ခံလိုက်ရတဲ့အတွက် ခွန်း တစ်ကိုယ်လုံး ရှက်စိတ်ကြောင့် တဖိုးဖိုး တဖျဉ်းဖျဉ်း ဖြစ်လာသည်။ ထွက်သွားတဲ့ ဒေါသကို ထိန်းချုပ်ရလွန်းလို့ ခွန်း ပါးနှစ်ဖက်က သွေးကြောလေးတွေ တဆတ်ဆတ် တုန်လာ၏။ မျိုချလိုက် ... မျိုချလိုက်ပါ ခွန်းချိုခ။ နင့်စိတ်ကို အချိန်မီ ထိန်းချုပ်လိုက်ပါ။ ဒါပေမဲ့ သူ ဒီလောက် ကြမ်းတမ်းလွန်းတဲ့စကားတွေ ပြောပြီး ခွန်းကို လာပေါက်ကွဲစရာ ဘာအကြောင်းလဲ။ ခွန်းက သူတို့ကို ဘာလုပ်နေလို့လဲ။ မျက်လုံးထောင့်စွန်းက တိုးထွက်လာတဲ့ မျက်ရည်စ,ကို ခွန်း လက်ဖနောင့်လေးနဲ့ မသိမသာ ဖိသုတ်ပစ်လိုက်သည်။ နင် ရက်စက်လွန်းတယ် သော်သော်စစ်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ( ၃၀ )

ကုမ္ပဏီရောက်ရောက်ချင်း ကြားလိုက်ရတာက ဘော့စ်နဲ့ မမေမင်းမြတ်တို့ရဲ့ မင်္ဂလာသတင်း။ တရားရုံးမှာ သူတို့ လက်မှတ်ရေးထိုးလိုက်ပြီး ရွှေအပတ်ထဲမှာ မင်္ဂလာဆွမ်းကျွေးမည်တဲ့။ တစ်ယောက်စကား တစ်ယောက်နားနဲ့ တစ်ရုံးလုံး လူတွေပါးစပ်ဖျားမှာ ဒီအကြောင်းသာ။

"ခွန်း ... နင် တော်တယ်၊ နင်သာ ဘော့စ်ကို သွားမပြောခဲ့ဘူးဆို သူတို့နှစ်ယောက် ဆုံစည်းကြရမှာ မဟုတ်ဘူး။ မမေမင်းမြတ်ကလည်း မာနကြီးတယ်၊ ဘော့စ်ကလည်း အလျှော့ပေးတတ်သူတစ်ယောက် မဟုတ်ဘူး"





"ငါ ဖန်ဆင်းရှင် မဟုတ်ဘူး မေသူ၊ ကံကြမ္မာကအားလုံးကို သတ်မှတ်ပြီးသား၊ Marriage is made by Heaven တဲ့ ... သူတို့ ဖူးစာရှိလို့ပါဟာ"

ကံကောင်းလို့ပေါ့။ ခွန်းက ဒီကိစ္စနဲ့ ဘယ်နေ့မှာ ဘော့စ်ခေါ်ပြီး အလုပ်ထုတ်ပစ်မလဲလို့ တွေးကြောက်နေခဲ့တာ။ ဘာပဲဖြစ်ဖြစ် မမေမင်းမြတ် အတွက် ခွန်း ဝမ်းသာပါသည်။ တကယ်ဆို သူ့အနေအထားနဲ့ ဒီကိစ္စမျိုးကို ဖျောက်ဖျက်ပစ်လို့ရနေတာပဲ။ သတ္တိရှိရှိနဲ့ သူမ ရင်ဆိုင်ရဲခဲ့တာ ရင်သွေးပေါ်မှာထားတဲ့ သူမရဲ့မေတ္တာတရားကြောင့်ပဲ ဖြစ်မည်။

ကုမ္ပဏီထဲ ဘော့စ် ဝင်လာတာတွေ့တော့ ခွန်း မသိမသာ မျက်နှာလွှဲလိုက်သည်။ ဟိုကိစ္စဖြစ်ပြီးကတည်းက ခွန်း ဘော့စ်ကို မျက်နှာချင်း မဆိုင်ခဲ့တာ တော်တော်ကြာပြီ။

"ခွန်းချို"

"ဟုတ်ကဲ့ ... ဘော့စ်"

"ခဏနေရင် ရုံးခန်းထဲ လာခဲ့လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

မတတ်သာလို့ ခွန်း ခေါင်းညိတ်လိုက်ရသည်။ ဘော့စ် ပြောမယ့်စကားအတွက် ခွန်း ရင်တုန်ရတာတော့ အမှန်။ တကယ်ဆိုတော့ ခွန်းကလည်း ခွန်းပါပဲ။ ကိုယ့်အနေအထား ကိုယ်မကြည့်ဘဲ စိတ်လိုက်မာန်ပါ လုပ်ခဲ့တာလေ။

"ကိုယ် မင်းကို တောင်းပန်ပါတယ် ခွန်းချို"

"ရပါတယ် ဘော့စ်"

"မင်းသာ ဒီအကြောင်း မပြောခဲ့ဘူးဆိုရင် ကိုယ် တကယ် မြတ်နဲ့ ကိုယ့်ရင်သွေးလေးကို လက်လွှတ်လိုက်ရတော့မလို့၊ မြတ်ကလည်း မင်းကို ကျေးဇူးတင်နေတယ်၊ မင်းရဲ့သတ္တိ ကိုလည်း သူ အံ့သြနေတယ်"

ဘော့စ်စားပွဲမှာ တင်ထားတဲ့ laptop အသစ်တစ်လုံး ဆီ ခွန်း မျက်လုံးရောက်သွားသည်။ အဲဒီနေ့က ဘော့စ်နဲ့ security တွေ အလုပ်ရှုပ်နေတုန်း မမေမင်းမြတ်ဆီက မရမက တောင်းထားလိုက်တဲ့ လိပ်စာနဲ့ဖုန်းနံပါတ် ရေးထားတဲ့ စာရွက်





လေးကို ဘော့စ်စားပွဲပေါ်မှာ သူမ တင်ထားခဲ့ပါသည်။ သူ့စိတ်ထဲမှာ မမေမင်းမြတ် ရှိနေသေးရင် ဆက်သွယ်လို့ ရအောင်ပေါ့။ ဘော့စ်က ယောကျ်ားကောင်းတစ်ယောက်လို့ ခွန်း ယုံကြည်၍ပါ။

"လာမယ့် တနင်္ဂနွေ ချမ်းမြေ့ရိပ်သာကျောင်းမှာ လုပ်မယ့် မင်္ဂလာဆွမ်းကျွေးကို မင်း လာဖြစ်အောင်လာခဲ့ပါ ခွန်းချို၊ မင်း မလာရင် မင်းအစ်မ စိတ်ဆိုးလိမ့်မယ်"

"ဟုတ်ကဲ့ ... ခွန်းလာခဲ့ပါ့မယ်"

"ပြီးတော့ တစ်ခုရှိသေးတယ်၊ မြတ်က မင်းလို အရည်အသွေးရှိတဲ့ မိန်းကလေးမျိုးကို တစ်နေရာတည်းမှာ အချိန်ကုန်မခံစေချင်ဘူးတဲ့၊ ကိုယ်လည်း ဒီသဘောမျိုးရှိတယ်၊ channel အတွက် မင်း စိတ်ဝင်စားတဲ့ post ရှိရင် ကိုယ့်ကိုပြောပါ၊ training course တွေလည်း ရှိနေတာပဲ"

ခွန်း ခေါင်းကို ဖြည်းညှင်းစွာ ခါလိုက်သည်။ သူတို့ကို ကူညီခဲ့တာ ဒါတွေလိုချင်လို့မှ မဟုတ်ခဲ့တာ။ ရှုးတယ်လို့ ဆိုချင်ဆို ခွန်း ဒီ reception မှာ အလုပ်လုပ်ရတာ သဘောကျ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ သော်သော်ရဲ့အဝင်အထွက်ကို ခွန်း မြင်ခွင့်ရှိသည်လေ။ အခြား section မှာ လုပ်ရင် သော်သော်နဲ့ တစ်နေ့လုံး နေလို့ တစ်ခေါက်တောင် တွေ့ခွင့်ရချင်မှရမှာ။ ပြီးတော့ ခွန်းမှာက လို့အပ်ချက်တွေက အများကြီး။ အခွင့်အရေးပေးတိုင်း ယူလို့မရတဲ့ အခြေအနေပါ။

"ခွန်း ... ဒီနေရာမှာ လုပ်ရတာ သဘောကျပါတယ်"

"အေးလေ ... ဖြည်းဖြည်းချင်း စဉ်းစားပါဦး"

ဘော့စ်ရုံးခန်းထဲက ပြန်ထွက်လာတော့ ဂျူးဂျူးစံနဲ့ မျက်နှာချင်းဆိုင်တိုးသည်။ ခွန်း နှုတ်ခမ်းဖျားက အသိအမှတ်ပြု အပြုံးတစ်ပွင့် ပွင့်ဖူးလာပေမင့် ဂျူးဂျူးကတော့ ဟန်ဆောင်ပြီး တော့တောင် ယောင်ယောင်လေးတောင် ပြုံးမပြတာမို့ ခွန်း စပ်ဖျဉ်းဖျဉ်းလေး ခံစားလိုက်ရသည်။

ကို့နဲ့သူ ဘာမှမပတ်သက်တော့တာ သိထားပေမင့် ကိုယ်ချစ်သူရဲ့ရည်းစားဟောင်းနဲ့ ခင်ခင်မင်မင် နေလိုစိတ် ဂျူးဂျူး ဆီမှာ တစ်စက်လေးတောင် ရှိမနေခဲ့။ ကို့ သူ့ကို အကြာကြီး





ရပ်ကြည့်နေတာ မြင်ရတဲ့အခိုက်မှာ ဂျူးဂျူးမှာ မရှိဘူးလို့ ထင်ထားတဲ့ သဝန်တိုမှုတွေ၊ မနာလိုမှုတွေ အလုအယက် ပြေးဝင်လာလို့ မခံစားနိုင်လွန်းလို့ ရှူးမတတ်ပါပဲ။

ချာခနဲလှည့်ပြီး training ခန်းထဲအဝင် စီးထားတဲ့ ဒေါက်ဖိနပ်က လူကို ဟန်ချက်ညီအောင် မထိန်းနိုင်တော့ဘဲ ခြေသပွတ်တိုင်လည်ပြီး ချော်လဲတော့သည်။

"အိုး"

ဂျူးဂျူး အလျင်အမြန် လက်ထောက်လိုက်သော်လည်း တံခါးနဲ့ ဂျူးဂျူးမေးစေ့ ဆောင့်မိတာကြောင့် မေးစေ့မှာ သွေးဖြာထွက်သွားသည်။

"ဟင် ... ဂျူးဂျူး"

ခွန်းချိုက ဂျူးဂျူးကိုထူဖို့အနားကို အပြေးလေး ရောက်လာသည်။ traning ခန်းထဲက လူတွေလည်း ဂျူးဂျူးစံ အနားသို့ ဝိုင်းလာကြသည်။

"ဂျူးဂျူးစံ ဘယ်နားထိသွားသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထောက်ထားတဲ့လက်က အထိမခံနိုင်အောင် နာနေတာ ဂျူးဂျူး သိသည်။ ပြီးတော့ ခြေကျင်းဝတ် တစ်ဖက်ကလည်း လှုပ်မရတော့။

ခဏနေတော့ သော်သော်စစ် တစ်ယောက် ဂျူးဂျူးဆီ အပြေးအလွှား ရောက်ချလာသည်။

"ဘယ်လိုဖြစ်ရတာလဲ ဂျူးဂျူးရယ်၊ မေးစေ့က သွေးအရမ်းထွက်နေပြီ၊ ဆေးခန်းသွားမှနဲ့ တူတယ်"

ဝန်ထမ်းတစ်ယောက်က ပေးထားသည့် လက်ကိုင်ပဝါမှာ သွေးချင်းချင်း ရဲနေ၏။ အားလုံးက ဆေးခန်းသွားဖို့ တညီတညွတ်တည်း ထောက်ခံကြသည်။ ဒီနေ့ တိုက်တိုက်ဆိုင်ဆိုင် တနင်္လာနေ့။ သူကိုယ်တိုင် ဘာမှမဖြစ်တော့ပေမင့် ဂျူးဂျူးကြောင့်တော့ စိတ်ပင်ပန်းရသည်။ ဂျူးဂျူးနားမှာ ဝိုင်းနေတဲ့လူအုပ်ကို မော့အကြည့် ခွန်းချို မျက်နှာကို အထင်းသား သွားတွေ့လိုက်ရသည်။

"ဒါ သင်းလက်ချက်ပဲနေမှာ"





သံသယ အလုံးအရင်းက သူ့ရင်ထဲ ချီတက်ဝင်ရောက်လာတာမို့ သူ မေးကြောတွေ ထောင်ထ,သွားမတတ် အံကြိတ်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



## ( ၃၁ )

ခွန်း ရှေ့မှာထိုင်နေတဲ့ သူ့ရဲ့မျက်နှာမှာ ဟိုအရင်ဆယ်ကျော်သက်အရွယ်က ပို့မျစ်နုနယ်မှုတွေ လျော့ပါးမသွားသေးပါ။ စိမ်းမှောင်နေတဲ့ မျက်ခုံးထူထူတွေ၊ ရီဝေတဲ့ မျက်ဝန်းတွေနဲ့၊ မထူမပါး နှုတ်ခမ်းတစ်စုံ။ အရင်လိုပဲ ကြည့်ကောင်းနေဆဲပါ။

ပြောင်းလဲသွားတာက အနက်ရောင် GUCCI ကိုင်းတပ် ပါဝါမျက်မှန်တစ်လက် အပိုဆောင်းလာတာ၊ ပြီးတော့ အဲဒီမျက်မှန်အောက်က မျက်ဝန်းရဲ့အရိပ်တွေ၊ အေးစက်ခါးသီးလွန်းသည်လေ။ အချစ်တို့နဲ့ နူးညံ့သိမ်မွေ့လွန်းတဲ့ အရိပ်လေးတွေ ဘယ်ဆီကိုများ ပြေးပုန်းသွားပါလိမ့်နော်။





"ဘာကြောင့် ငါနဲ့ တွေ့ချင်ရတာလဲ သော်သော်စင်"

သူ ခွန်းကိုချိန်းတာ အကြောင်းတစ်ခုရှိမှန်း ခွန်းသဘောပေါက်သည်။ အဲဒီအကြောင်းကလည်း ကောင်းသောအကြောင်းတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်။ သိသိနဲ့ သူနဲ့တွေ့ဖို့ မိုက်မိုက်မဲမဲ ဆုံးဖြတ်ခဲ့တာ ခွန်း သတ္တိရှိလွန်းတော့ မဟုတ်ခဲ့။ သူနဲ့တွေ့ဖို့ ရှားရှားပါးပါး ရလာခဲ့တဲ့ ဒီအခွင့်အရေးကို လက်လွှတ်မခံချင်၍ဖြစ်သည်။

လွမ်းခဲ့ရတာ ကြာပြီလေ။

"ပွင့်ပွင့်လင်းလင်းပဲ ပြောရအောင် ခွန်းရို့၊ ဂျူးဂျူးစံမှာ ဘာအပြစ်မှ မရှိပါဘူး၊ ဂျူးဂျူးစံကို နင် ဒုက္ခမပေးသင့်ဘူး"

"ဟင်"

သူ့ဆီက ထွက်ကျလာတာ ခွန်း ဘယ်လိုမှ မမျှော်လင့်ထားတဲ့စကား။ ဂျူးဂျူးစံ ချော်လဲတဲ့နေ့တုန်းက သူ့ရဲ့အမုန်းမှော်ဝင်နေတဲ့ မျက်ဝန်းအကြည့်တွေ။ ဒါဘာအဓိပ္ပာယ်လဲ။



www.burmeseclassic.com

www.burmeseclassic.com



"တနင်္လာနေ့တိုင်း ကံဆိုးမိုးမှောင်ကျအောင် နင် ငါ့ကို ကျိန်စာတိုက်ခဲ့တယ် ဆိုတာ ငါ သိတယ် ခွန်းချို၊ နင် တိုက်ခဲ့တဲ့ ကျိန်စာပြယ်လွင့်အောင် နင် ညတိုင်း ငါ့ကို မေတ္တာပို့နေတာလည်း ငါသိတယ်"

"ဟင်"

မမျှော်လင့်တဲ့ သူ့စကားတွေကြောင့် ခွန်း ရင်တွေ လှပ်လှပ်ခါလို့ တုန်ယင်လာသည်။

"နင် ... နင် ဘယ်လိုသိခဲ့တာလဲ သော်သော်"

သော်သော်စစ်က မျက်မှန်ကိုင်းကို အသာပင့်တင်ရင်း အတုန်လှုပ်ကြီး တုန်လှုပ်သွားတဲ့ ခွန်းချိုခကို အကဲခတ်မျက်ဝန်းတွေနဲ့ တစ်ချက်ကြည့်ရင်း ဟက်ခနဲ ရယ်လိုက်သည်။

"နင် ငါ့ကို စိတ်ထဲက ကျိန်ခဲ့တာကို ငါကိုယ်တိုင်ကြားခဲ့ရတာ ခွန်းချို"

"ဟင့်အင်း ... မဖြစ်နိုင်ဘူး"

"နင် အကုသိုလ်တွေ ထပ်မလုပ်ပါနဲ့တော့ ခွန်းချို၊ နင် ဘယ်လိုပဲလုပ်လုပ် ဘာပဲလုပ်လုပ် ငါ့ရင်ထဲက ဂျူးဂျူးကို





ဘယ်တော့မှ ထုတ်မရစေရဘူး၊ ပြီးတော့ ဂျူးဂျူးနဲ့ငါ့ကို ခွဲမရစေရဘူး"

ပြင်းထန်လွန်းတဲ့ သူ့စကားလက်နက်ကြောင့် ခွန်းနှလုံးသားက ဆန်ခါပေါက် ဖြစ်သွားသည်။ ချစ်သူရဲ့အထင်လွဲစကားတွေကို ပြန်ပြီးမချေပလိုတော့ပါ။ မချေပနိုင်အောင် မောဝန်းနွမ်းလျှသွားပြီလေ။

မချိတရိအပြုံးတစ်ခုက ခွန်း နှုတ်ခမ်းဖျားမှာ ခပ်ဝါးဝါး နေရာယူလာသည်။ ငိုချင်နေတဲ့စိတ်ကို မနည်း အောင့်နေရလို့ ရင်တစ်ခုလုံး စူးနစ်နာကျင်လာ၏။

"ယုံချင်ယုံ မယုံချင်နေပါ သော်သော်၊ သူ ချော်လဲတာ ငါ လုပ်တာ မဟုတ်ပါဘူး၊ ငါ အဲဒီလောက် စိတ်ဓာတ်အောက်တန်းမကျဘူး"

"ဘော့စ်အခန်းထဲက ကွန်ပျူတာကွဲတာလည်း နင်လုပ်တာပဲ မဟုတ်လား ခွန်းချို၊ ဒီကိစ္စ ဘယ်သူမှ မသိပေမယ့် ငါ သိနေတယ်၊ ဒီမှာ ... နင် သိထားဖို့က ငါ နင့်ကို လုံးဝမကြောက်ဘူး ဆိုတာပဲ ခွန်းချို"



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြမရမယ့်အတူတူ မရှင်းပြဖို့ ခွန်း စိတ်ပိုင်းဖြတ်လိုက်သည်။

သူ့အမုန်းတွေကို မရချင်ပေမယ့်လည်း ကံကြမ္မာက ဖန်လာတော့လည်း ဘယ်တတ်နိုင်ပါတော့မလဲ။

"သိပ်ကြိမ်းမနေပါနဲ့ သော်သော်၊ နင် ငါ့ကို တကယ်မကြောက်ဘူးဆိုတာ ငါတော့ မယုံဘူး"

ရဲရဲနီနေသော lip stick သုံးထားတဲ့ သူမရဲ့နှုတ်ခမ်းနဲ့ မျက်ဝန်းတွေမှာ ထီမထင်ဟန်က အထင်းသား။ နဖူးပေါ်ဝဲကျလာတဲ့ ဆံပင်တွေကိုသပ်ပြီး အနောက်ကို ပြန်ပို့နေတဲ့ သူမဟန်ပန်က မလေးရှားစုန်းမတစ်ယောက်လိုလို။

"တောက်"

တက်တစ်ချက် ပြင်းပြင်းခေါက်ရင်း သူထ,ထွက်သွားပါသည်။ သူ ထွက်သွားသွားချင်းမှာပဲ သူ ကျောခိုင်းထားခဲ့တဲ့ ခွန်းရဲ့မျက်ဝန်းက မျက်ရည်တစ်စက်ရှေ့က lemon juice ထဲ ပေါက်ခနဲ ကျသွားသည်။





ချစ်တဲ့သူတိုင်းမှာ အချစ်ကြောင့်ရတဲ့ ဒဏ်ရာဆိုတာ အနည်းနဲ့အများတော့ ရှိတတ်ကြတာပဲလေ။ နက်နက်ရှိုင်းရှိုင်း ချစ်လေလေ ဒဏ်ရာနက်လေလေပေါ့။ ဒါပေမဲ့ အဲဒီဒဏ်ရာတွေရလို့ ငြူစူတဲ့ လူတွေစာရင်းထဲမှာ ခွန်းချိုခဆိုတဲ့ မိန်းကလေးတစ်ယောက် မပါခဲ့ပါဘူး။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ( ၄၂ )

တိုက်အစိမ်းလေးရှေ့ ခြေချမိတဲ့အချိန်မှာ ဂျူးဂျူးစံရဲ့နှလုံးခုန်သံတွေ သိသိသာသာ မြင့်တက်လာပြီး စိတ်လှုပ်ရှားမှုကြောင့် ခြေတွေလက်တွေ အေးစက်လာ၍ ဘေးနားက ကို့ရဲ့အစ်မ မမကြီးလက်ကို အားကိုးတကြီး ဆုပ်ကိုင်ထားလိုက်မိသည်။

"ဂျူးဂျူး ... ဘာဖြစ်လို့လဲ"

မေးသာမေးရသည် သူမလည်း စိတ်လှုပ်ရှားနေပါ၏။ သူမနဲ့ ဆရာမကြီး သုံးကြိမ်သာ တွေ့ခဲ့ဖူးသည်။ ပထမဆုံး





အကြိမ်က patient တစ်ယောက်ရဲ့အိမ်မှာ။ ဒုတိယအကြိမ်က သော်သော့်ကိစ္စကြောင့် ဆရာမကြီးအိမ်ကို သူမ လာခဲ့ကာ။ တတိယအကြိမ်က ဆရာမကြီးကို အိမ်ပင့်ခဲ့တာ။

အခုက စတုတ္ထအကြိမ်။ ဂျူးဂျူး အပူကပ်လို့သာ လိုက်ပို့ရသည်။ ဆရာမကြီးက လက်ခံဆွေးနွေး၊ မဆွေးနွေးဆိုတာ မသေချာ။ ဆရာမကြီးက လူထူးလူဆန်း မဟုတ်ပါလား။ လာမေးသမျှ လူတိုင်းကို လက်ခံတတ်တာလည်း မဟုတ်။

"သေတော့ မသေချာဘူးနော် ဂျူးဂျူး"

"ဟုတ် ... ဂျူးဂျူး သိပါတယ်။ သူ့ လက်ခံတယ်ဆိုရင်တော့ ဂျူးဂျူးအတွက် အမြတ်ပေါ့"

ခြံတံခါးက ထုံးစံအတိုင်း သော့ပိတ်လျက် ကြိုဆိုနေ၏။ ဆရာမကြီးက တစ်ကိုယ်ဟည်းနေတာ။ သားတစ်ယောက်ရှိတဲ့ မုဆိုးမတစ်ယောက်။ သူ့သားက နိုင်ငံခြားမှာ အလုပ်သွားလုပ်နေပြီး သူကတော့ ဒီအိမ်မှာ ကျူဖော်လောင်ဖက် ကလေးမလေးနဲ့အတူ နေထိုင်နေ၏။



www.burmeseclassic.com

စုန်းတိုက်၊ နတ်တိုက်၊ ပယောဂကု၊ အကြားအမြင်နဲ့ ဟောပြောတယ်ဆိုပေမယ့်လည်း သူ့ အာရုံကျမှ လုပ်တတ်တာ။ အသက်မွေးဝမ်းကျောင်း သဘောမျိုးနဲ့ လုပ်ကိုင်နေတာမျိုး မဟုတ်။ အားရင် အပင်စိုက်။ ပန်းချီဆွဲ၊ တရားထိုင်ပြီး ငြိမ်းငြိမ်းချမ်းချမ်း နေတတ်သူ။

နှစ်ယောက်သား ခြံတံခါးကနေ အိမ်ထဲကိုလှမ်းမျှော်ကြည့်နေမိကြသည်။ ဆရာမကြီး နာမည်အော်ခေါ်ဖို့ နှစ်ယောက်စလုံး ရွံ့တွန့်တွန့် ဖြစ်နေကြ၏။

"မမကြီးကို အားနာလိုက်တာ"

"ရတယ် ဂျူးဂျူး၊ မမကြီးလည်း သော်သော့်ကိစ္စကို ဆရာမကြီးကို မေးချင်နေတာ၊ ပြီးတော့ ဂျူးဂျူးနဲ့သော်သော်တို့ကိစ္စကိုလည်း သိချင်တယ်"

ရုတ်တရက် အိမ်တံခါးပွင့်လာပြီး ဆရာမကြီးပေါ်လာသည်။ ရှားစေးရောင် ရင်ဖုံးအင်္ကျီနဲ့ ပါတိတ်ဆင် ထဘီတစ်ထည်ကို ဝတ်ထားသည်။ နှစ်ပတ်လျှိုဆံထုံး ထုံးထားသော





ဆရာမကြီးမျက်နှာက တော်တော်လေး ကျက်သရေရှိပြီး ကြည်လင်နေ၏။

ဆရာမကြီးက kiss me quick ပန်းအိုးတွေ တစ်ဖက်တစ်ချက် စီတန်းစိုက်ပျိုးထားသော အိမ်အဝင်လမ်းအတိုင်း လျှောက်လာပြီး ခြံတံခါးသော့ ဖွင့်ပေးသည်။

"ဒေါက်တာတို့ ရောက်လာကြပြီကိုး"

ဆရာမကြီးစကားကြောင့် ဂျူးဂျူးနဲ့ မမကြီး ကာစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်၊ ဆရာမကြီးကို ဖုန်းလည်း ကြိုမချိတ်ထားကြ။

"ထိုင်ကြပါ"

ဆရာမကြီးက ဧည့်ခန်းထဲက ထိုင်ခုံတွေကို လက်ညှိုးညွှန် နေရာပေးပြီး အိမ်ဖော်ကောင်မလေးကို ကော်ဖီဖျော်ခိုင်းနေ၏။

"သော်သော့်ကိစ္စနဲ့ ပတ်သက်ပြီး ဆရာမကြီး ကျေးဇူးတင်စကား ပြောချင်တာကြာပါပြီ။ မေမေကလည်း ဘေးမှာ

www.burmeseclassic.com



ပြောမဆုံးဘူး၊ လာမယ် လာမယ်နဲ့ အလုပ်တွေများနေလို့ မလာဖြစ်တာပါ ဆရာမကြီး၊ ဟို ... သူက ဘာဖြစ်တာလဲ ဟင်၊ အိမ်မှာမေးတော့လည်း ဘာမှမပြောဘူး၊ အပြုစားခံရတာလား၊ ဒါမှမဟုတ် ..."

"ဒါတွေ ဘာလို့ ပြောတော့မလဲ ဒေါက်တာရယ်၊ သူ့ကံဆိုးမှုတွေလည်း ပျောက်ကင်းသွားပြီပဲ"

ဆရာမကြီးက မပြောချင်တဲ့ပုံမို့ သူမ နှုတ်ဆိတ်လိုက်ရသော်လည်း ရင်ထဲမှာတော့ သိချင်စိတ်ကြောင့် မရိုးမရွဖြစ်နေသည်။

ဘာမို့လို့ ဆရာမကြီးရော၊ သော်သော်ပါ ဒီကိစ္စ ရေငုံနှုတ်ပိတ် နေကြတာလဲ။

"လာရင်းကိစ္စက အခြားအကြောင်း ဖြစ်မယ်ထင်တယ်"

"သူက သော်သော်စစ်ရဲ့ ချစ်သူပါ ဆရာမကြီး၊ မကြာခင် လက်ထပ်ကြတော့မှာ၊ အဲဒါ သူတို့နှစ်ယောက်ရဲ့ ကံကြမ္မာလေး သိချင်လို့ ဆရာမကြီး လာခဲ့တာပါ"





ဆရာမကြီးက ဂျူးဂျူးစံကိုကြည့်ပြီး ခေါင်းတဆတ်ဆတ် ညိတ်နေသည်။ ပြီးမှ သက်ပြင်းရှည်တစ်ချက် ချလိုက်ရင်း...

"တချို့ကိစ္စတွေက ကြိုမသိတာ ကောင်းတယ်"

ဆရာမကြီး စကားကြောင့် ဂျူးဂျူးစံ မျက်နှာပျက်တက်တက် ဖြစ်သွား၏။ ဒီသဘောက ဘာလဲဆိုတာ ရိပ်စားမိတာမို့ ဝမ်းနည်းမှုက ရင်ထဲကနေ လှိုက်တက်လာသည်။

"လောကကြီးမှာ ဖြစ်ပျက်နေတာတွေဟာ ပစ္စုပ္ပန်အကြောင်းတရားတစ်ခုတည်းကြောင့် မဟုတ်ဘူး သမီး၊ အတိတ်အကြောင်းတရားတွေပါ ဆက်စပ်နေတာ၊ ဒါကို သမီးသဘောပေါက်ရင် ခံစားရသက်သာလိမ့်မယ်"

"ဆရာမကြီး ဆိုလိုတာက ..."

"သူတို့နှစ်ယောက် ကံနည်းသေးတယ်"

တအိအိ ပြိုဆင်းလာတဲ့ ဂျူးဂျူးစံရဲ့မျက်ရည်တွေကို ဒေါ်ယုဇနနဲ့ မမကြီးတို့ စိတ်မကောင်းစွာ ငေးကြည့်နေ၏၊ 'ကို'ဘာကြောင့် ဂျူးဂျူးကို အလောသုံးဆယ် လက်ထပ်ချင်မှန်း



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ဂျူးဂျူး သဘောပေါက်ပြီ။ 'ကို'ဒီဟောပြောချက်ကို ကြိုသိနေ၍ပေါ့။

နှုတ်ဆက် ထွက်ခွာသွားတဲ့ အမျိုးသမီးငယ်နှစ်ယောက်ကို ဒေါ်ယုဇနေ ခြံဝအထိ လိုက်ပို့ပေး၏။ တကယ်တမ်းတော့ သူမ ဒီစကားတွေ မပြောချင်ခဲ့ပါ။ ဒါပေမဲ့ပေါ့ ...

အိပ်ခန်းထဲကို ဒေါ်ယုဇနေ တိုးဖွဖွသာစွာ ဝင်လာရင်း ညက လက်စ,သတ်လိုက်တဲ့ ပန်းချီကားရှေ့မှာ ခြေစုံရပ်လိုက်သည်။

"စိတ်မကောင်းပါဘူး ကောင်မလေးရယ်"

၀ ❦ ၀





## ( ၃၃ )

ညက အိပ်မက်,မက်သည်။ အိပ်မက်ထဲမှာ ခွန်းရှိနေသည်။ ဟိုဆယ်ကျော်သက်အရွယ်က ခွန်းပေါ့။ ကျောင်းတစ်ရက်ပြေးပြီး လျှောက်လည်ခဲ့တုန်းက ကြည်နူးစရာ အမှတ်တရတွေ အိပ်မက်အဖြစ်နဲ့ သူ့ဆီအလည်တစ်ခေါက် ရောက်လာကြသည်လေ။ ဘဝမှာပထမဆုံး နမ်းခဲ့မိတဲ့ ခွန်းရဲ့မွေးညင်းစိမ်းစိမ်းလေးတွေ ယှက်သမ်းနေတဲ့ ပါးပြင်နုနုလေး။ သူမရဲ့ကိုယ်သင်းနံ့နဲ့အတူ တွဲဖက်မွှေးပျံ့ထွက်လာတဲ့ ရှင်မတောင်သနပ်ခါးရနံ့လေးတွေ။ သူမအကြည့်၊ သူမအပြုံး၊ သူမရဲ့စကားသံတွေပါမကျန်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာကနိုးတော့ သူ့မျက်ဝန်းမှာ မျက်ရည်စို့နေသည်။ ဆွတ်ပျံ့လွမ်းမောဖွယ်ရာကောင်းတဲ့ ဝေဒနာတစ်ရပ်ကြောင့်ပါ။

"မင်း ငကြောင်ကောင်ပဲ သော်သော်စစ်၊ မင်း အခု ဘာဖြစ်နေတာလဲ၊ ဘာတွေခံစားနေရတာလဲ"

သူ ငေါက်ခနဲ အိပ်ရာကထ,ထိုင်လိုက်သည်။ ခွန်းနဲ့မျက်နှာချင်းဆိုင် ထိုင်စကားပြောပြီးမှ ဒီအိပ်မက်မျိုးမက်တာ အကြောင်းမဲ့တော့ မဟုတ်လောက်။ သင်းများ သူ့ကိုပြုစားလိုက်တာလား။ သင်းများ သူမဆီကို စိတ်လည်လာအောင် ဆုတောင်းလိုက်တာလား။

မရေမရာ အတွေးတွေနဲ့ သူ ရောက်ချားသွားသည်။ သူမနဲ့တွေ့တုန်းက သူမရဲ့ထီမထင်မျက်နှာထားကို ပြန်မြင်ယောင်မိရင်း သွားတိုက်နေရင်းက သူ ခေါင်းခါလို့ ဒီမြင်ကွင်းကို မောင်းထုတ်ပစ်လိုက်သည်။ ငါ နင့်ကို မကြောက်ဘူး ခွန်းချိုခ။ လုံးဝမကြောက်ဘူး။





အဖြူရောင်ကော်လာကတုံးလက်ရှည်၊ အစိမ်းနဲ့အနက်အကွက်စိပ်စိပ်ပုဆိုး တွဲဖက်ဝတ်ထားတဲ့ သော်သော်စစ်က အသားဖြူ၊ အရပ်ရှည်ပြီး body လည်း ရှိတာမို့ ခန့်ပြီးသန့်နေသည်။ အနက်ရောင်ကတ္တီပါဖိနပ် ဆီးထားတဲ့ သူ့ခြေထောက်က ဖြူဝင်းနေပြီး ခြေသည်းတွေကလည်း ရှေးညှော်ကင်းပြီး ဖြူစင်နေ၏။ တက္ကသိုလ်ပေါ်က သူ ဆင်းလိုက်ပြီး coffee shop ဘက်တစ်ချက်ကြည့်လိုက်သည်။ အလုပ်မဝင်ခင် ကုမ္ပဏီနားက ကော်ဖီဆိုင်မှာတွေ့ဖို့ သူနဲ့ဂျူးဂျူး ချိန်းထား၍ သူအစောရောက်လာခြင်းဖြစ်သည်။

သူ့ရဲ့မျက်နှာချင်းဆိုင် လမ်းမတစ်ဖက်က ခွန်းချိုခရဲ့ပုံရိပ်က သူ့မျက်လုံးထဲ တိုးဝင်လာသည်။ သူကပျာကယာမျက်နှာလွှဲလိုက်တုန်း လွယ်ထားတဲ့ အိတ်အနက်ထဲက ဖုန်းမြည်သံကြောင့် သူ ဖုန်းထုတ်ပြောမည်အပြု လမ်းဘေးပလက်ဖောင်းမှာရပ်နေတဲ့ သူ့ဆီကို အထူးကားတစ်စီး အရှိန်ပြင်းပြင်းနဲ့မောင်းဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

သူ့မျက်လုံးတွေ ပြာဝေသွားပြီး နေရာမှာပဲ ကြက်သေ,သေပြီး ရပ်နေမိသည်။ အကြောက်လွန်သွား၍လားမသိ သူ့ခြေထောက်တွေက တစ်လက်မတောင် ရွေ့မရခဲ့။

"ကျွီ"

ကားက သူနဲ့လက်တစ်ကမ်းအကွာလောက်မှာ ထိုးရပ်သွားသည်။ အံ့သြလွန်းလို့ သူ့မျက်လုံးတောင် သူ မယုံနိုင်။ လမ်းသွားလမ်းလာတွေရဲ့ အော်ဟစ်သံက ဆူဆူညံသွားသည်။ ဒရိုင်ဘာနဲ့ စပယ်ယာက ပျာရိပျာယာနဲ့ ကားပေါ်က ဆင်းလာပြီး သူ့ဆီလျှောက်လာသည်။

"ညီလေး ... ဘာဖြစ်သွားသေးလဲ၊ ကံကောင်းလိုက်တာကွာ အစ်ကိုတို့ကားက ဘရိတ်မကောင်းလို့ ပြင်ဖို့ work shop သွားမလို့ ခရီးသည်တောင် မတင်ခဲ့ဘူး၊ ဘရိတ်ပေါက်သွားတာ၊ ဘယ်လိုမှ ထိန်းလို့မရဘူး၊ ဒီနားရောက်မှ ဘယ်လိုဖြစ်ပြီး ရပ်သွားရတာလဲ မသိဘူး၊ ဘုရားကယ်တာ၊ နတ်ကောင်းမ,တာပဲ"





ဂျူးဂျူးစံက ကော်ဖီဆိုင်ထဲက အပြေးတစ်ပိုင်းထွက်လာသည်။

ခွန်းချိုခက နေးကွေးလေးလံနေသော ခြေလှမ်းတွေနဲ့ သော်သော်စစ်နား ရောက်လာကာ —

"သော်သော် ... နင် ဘာမှမဖြစ်ဝါဘူးနော်၊ နင် ဘာမှ မဖြစ်ဘူး မဟုတ်လား"

သူ့ကို သတင်းမေးတဲ့ ခွန်းချိုခရဲ့မျက်နှာက သွေးမရှိတော့တဲ့ လူတစ်ယောက်လို ဖြူဆုတ်ဆုတ်နှင့် နှုတ်ခမ်းတွေကလည်း ခြောက်သွေ့နေသည်၊ လင်းလက်တောက်ပတဲ့ သူမမျက်ဝန်းလေးတွေကလည်း သိသိသာသာကြီးကို မှုန်မှိုင်းဝေသီနေသည်။

ရုတ်တရက် ပြိုလဲသွားတာမို့ သူ ကမန်းကတန်းထိန်းထားလိုက်ရသည်။

"ခွန်း ... ခွန်း ... နင် ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ ခွန်း"



www.burmeseclassic.com

www.burmeseclassic.com



နင့်ဆီကို အရှိန်ပြင်းပြင်း မောင်းဝင်လာတဲ့ကားကို ရပ်တန့်ပစ်ဖို့ ငါ အားကုန်သုံးလိုက်မိလို့ပေါ့ သော်သော်။ ဒီကမ္ဘာပေါ်မှာ ငါအချစ်ဆုံးယောကျ်ားက နင်ပါ။ ငါချစ်တဲ့ နင်နဲ့အတူနေခွင့်မရတောင် ဒီကမ္ဘာမြေကြီးပေါ်မှာ ငါတို့နှစ်ယောက် အတူတူရပ်ချင်နေမိတယ်။ ဒီမြေကြီးပေါ်မှာ ငါတို့ အတူတူနေကြတယ်ဆိုတဲ့ အသိလေးနဲ့ ငါ ကျေနပ်ချင်လို့ နင့်ကို ထွက်သွားခွင့်မပြုနိုင်တာပေါ့ သော်သော်ရယ်။

ပျော့ခွေသွားတဲ့ ခွန်းကိုကြည့်ပြီး သော်သော်စစ် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရလောက်အောင် ဗျာများသွားသည်။ ဂျူးဂျူးစံကတော့ ခွန်းချိုစအတွက် သောကများနေတဲ့ သော်သော်စစ်ကိုတစ်လှည့်၊ သော်သော်စစ် ရင်ခွင်ထဲမှာ ရှိနေတဲ့ ခွန်းချိုစကိုတစ်လှည့် ကြည့်နေရင်းက မျက်ဝန်းလေးတွေ တစ်စ,စနဲ့ အေးစက်သွားသည်။

ဆေးခန်းခုတင်ထက်မှာ မှိန်းနေတဲ့ ခွန်းကို သူမျက်တောင်မခတ်တမ်း စောင့်ကြည့်နေမိသည်။ သူ လှမ်းတွေ့လိုက်





တုန်းက သူမပုံစံက တောက်တောက်ပပပါ။ အခုချက်ချင်း လက်ငင်းဖြူန်းစားကြီး ဘာလို့ ဒီပုံပေါက်သွားရတာလဲ။ သူမရဲ့ ဆွေးပေါင်ချိန်က အပေါ်ခုနစ်ဆယ်ငါး၊ အောက်ငါးဆယ်၊ ပုလင်းကြီးချိတ်ထားရသည်။

ရုတ်တရက် အတွေးလေးတစ်ခု သူ့အသိထဲတိုးဝင်လာတော့ သူ့တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထသွားသည်။ သူ့ကို သူမ အစွမ်းနဲ့ ကယ်လိုက်လို့များလား။

"တော်လောက်ပြီ'ကို'၊ ဂျူးဂျူးသည်းခံနိုင်စွမ်း ဆောင်ကျော်သွားလိမ့်မယ်"

မခွန်းချိုစ မျက်နှာကို တစိမ့်စိမ့်စိုက်ကြည့်နေတဲ့ ကို့အနား ဂျူးဂျူး ခပ်တိုးတိုးကပ်ပြောလိုက်သည်။ ကိုယ့်ရှေ့မှာ ကိုယ့်ချစ်သူက ရည်းစားဟောင်းကို ဒီလိုမျိုး ကြည့်နေတာ ဘယ်သူ ဘယ်လို နှလုံးသားနဲ့ လက်ပိုက်ကြည့်နေနိုင်မှာလဲ။

သော်သော်စစ် ဂျူးဂျူးလက်ကို ဖျတ်ခနဲဆွဲပြီး ဆေးခန်းအပြင် ခေါ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ 'ကို'တို့နဲ့ ကုမ္ပဏီတစ်ခုတည်းမှာ အတူတူ အလုပ်လုပ်နေတဲ့ ဝန်ထမ်းတစ်ယောက်ဇါ၊ သူ ဒုက္ခရောက်နေတဲ့အချိန်မှာ 'ကို'တို့ ကူညီကြရမယ်၊ ပုဂ္ဂိုလ်ရေးတွေ ဘေးချိတ်ထားပေးပါ"

"ကူညီတယ်ဆိုတာ ဂျူးဂျူး လက်ခံတယ်၊ အခု'ကို'က over action တွေဖြစ်နေလို့ပြောတာ၊ သူ့ကိုကြည့်နေတဲ့ 'ကို့'မျက်လုံးတွေကို ဂျူးဂျူးတစ်စက်မှ မကြိုက်ဘူး"

ဂျူးဂျူးက သူ့လက်ထဲကနေ ဆောင့်ရုန်းပြီး တင်းမာတဲ့ မျက်ဝန်းတစ်စုံနဲ့ သူ့ကို ခပ်ကြာကြာ စိုက်ကြည့်ပြီး လှည့်ထွက်သွားသည်။ သူကလည်း ယောင်လို့တောင်မှ မတားမိခဲ့။

ဆေးခန်းထဲ သူပြန်ဝင်လာသည်။ ခွန်းရဲ့မျက်တောင်လေးတွေ တဖျပ်ဖျပ်ခါပြီး မျက်ဝန်းလေးတွေ ဖြည်းဖြည်းချင်းပွင့်လာသည်။

"နှင် ... နေလို့ကောင်းရဲ့လား ခွန်း၊ မူးနေသေးလား"

"နည်းနည်းပါ သော်သော်၊ ဆေးခန်းပို့ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"





"ငါလည်း နင့်ကို ကျေးဇူးတင်ပါတယ် ခွန်း"

"ဘာအတွက်လဲ"

"နင် ငါ့ကို ကယ်ခဲ့လို့ပါ"

သော်သော်ရဲ့မျက်ဝန်းနဲ့ ခွန်းမျက်ဝန်းတွေ စက္ကန့်ပိုင်းလောက် ဆုံမိစဉ်ခဏမှာ နှစ်ယောက်စလုံး အမှတ်ရလိုက်ကြတာက ပထမဦးဆုံးအကြိမ် အကြည့်ချင်း ဆုံခဲ့တဲ့အဖြစ်ကို။

ခွန်းကအရင် မျက်လုံးလွှဲပြီး ခပ်ယောင်ယောင်လေးပြုံးရင်းက ...

"နင် အထင်းမှားနေတာ သော်သော်၊ ငါ နင့်ကို ကယ်ခဲ့တာ မဟုတ်ဘူး၊ ငါက နင့်ကို ဘာကိစ္စကြောင့် ကယ်ရမှာလဲ၊ ငါ နင့်ကိုမုန်းလို့ ကားတိုက်အောင်လုပ်ခဲ့တာရော မဖြစ်နိုင်ဘူးလား"

နင် ဘာလို့ ညာနေရတာလဲ ခွန်းရယ်။ ငါ တစ်ခုခုဖြစ်မှာစိုးရိမ်နေတဲ့ နင့်မျက်ဝန်းလေးတွေ၊ ချက်ချင်းကြီးပြောင်းလဲသွားတဲ့ နင့်အမူအရာတွေ။ ဒါတွေက နင် ငါ့ကိုကယ်လိုက်တယ်ဆိုတဲ့ သက်သေတွေပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



"နင်ကုမ္ပဏီကို ဖုန်းဆက်အကြောင်းကြားပြီးပြီ မဟုတ်လား၊ ငါ့ကြောင့် အလုပ်ပျက်မခံပါနဲ့၊ နင် သွားပါ၊ နင်ပြန်ပါ သော်သော်"

"ငါ နင့်ကို စိတ်မချဘူး ခွန်း၊ နင့်ကို အိမ်ပြန်ပို့ပေးပြီးမှ ငါ စိတ်ချလက်ချ ပြန်နိုင်မယ်၊ ဘော့စ်ကိုလည်း ငါပြောထားပြီးပြီ"

နင့်ကိုကယ်ခဲ့တာ နင့်ဆီက တစ်ခုခု ပြန်ရကောင်းစေဆိုတဲ့ စေတနာမျိုး မပါခဲ့ပါဘူး သော်သော်။ ဒါပေမဲ့ ကိုယ်ချစ်ခဲ့ဖူးသူရဲ့အမုန်းကို မရှုမလှ ခံခဲ့ရတဲ့ မိန်းမတစ်ယောက်အတွက် သူ့ဆီက အကြင်နာတစ်ခုကို ရလိုက်တဲ့ အချိန်ဟာ သိပ်ကိုချိုမြိန်လွန်းတာမို့ ဒီအချိန်လေးကို ငါ ရပ်တန့်လို့ရရင် ရပ်တန့်ထားချင်မိပါတယ် သော်သော်ရယ်။

○ ❦ ○





## ( ၃၄ )

ချမ်းမြေ့ရိပ်သာကျောင်းမှာ ဥက္ကာမျိုးနဲ့ မေမင်းမြတ်တို့ရဲ့ မင်္ဂလာဆွမ်းကျွေးအလှူက ကားကြီးကားငယ် အသွယ်သွယ်၊ ဧည့်ပရိသတ်များစွာနှင့် စည်ကားသိုက်မြိုက်လို့နေသည်။ မေမင်းမြတ်က ပန်းနုရောင်သတို့သမီးဝတ်စုံ ခပ်ပွပွလေးဝတ်ထားပြီး မျက်နှာလေးကို ပန်းနုရောင်ပြေးနေအောင် ပြင်ထားတာမို့ ကိုယ်ဝန်ရှိနေတယ်လို့တောင် မထင်ရ။

တိုက်တိုက်ဆိုင်ဆိုင် ငါးယောက်ဆံ့ ထမင်းစားပွဲဝိုင်းမှာ မေသူ၊ ခွန်း၊ သော်သော်စစ်နဲ့ ဂျူးဂျူးစံတို့ ဆုံဖြစ်သွားကြသည်။ တခြားဝိုင်းတွေမှာ နေရာလွတ်ရှိငြားလည်း တစ်ဝိုင်းကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်စာသာ လွတ်တာတစ်ကြောင်း၊ ပေါ်တင်ကြီး ရှောင်ထွက်သွားသလို ဖြစ်မှာတစ်ကြောင်းမို့ ဂျူးဂျူးစံ စားပွဲပြောင်းဖို့ အစီအစဉ်ကို လက်လျှော့လိုက်ရသည်။

သော်သော်စစ်ကတော့ ဟန်မဆောင်နိုင်အောင် ပုပ်စပ်နေတဲ့ ဂျူးဂျူးမျက်နှာထားကြောင့် ခွန်းချိုခကို အားတုံ့အားနာ ဖြစ်နေမိသည်။

"ထည့်စားနော် ခွန်းချိုခ၊ မေသူလည်းစား၊ သော်သော်စစ်တို့လည်း စားကြနော်၊ အားမနာမနေကြ၊ နောက်လဆိုရင် run ရတော့မှာ"

"ဟုတ်ကဲ့ ဘော့စ်"

ဘော့စ်တို့စုံတွဲက သူတို့လေးယောက်ထဲမှာ ခွန်းချိုခကို အလေးထား ဆက်ဆံနေတာမို့ သော်သော်စစ် စဉ်းစားသွားသည်။ ကုမ္ပဏီတစ်ခုအနေနဲ့ကြည့်ရင် receptionist ဆိုတာ အရာပေးရလောက်တဲ့နေရာ မဟုတ်။ ပြီးတော့ ဘော့စ်အခန်းထဲမှာ ကွန်ပျူတာပျက်စီးတဲ့ကိစ္စ။ ဘာတွေဆက်စပ်မှုရှိနေတာပါလိမ့်။





"သော်သော်စစ် ... နင် ဘာစဉ်းစားနေလဲ ငါသိတယ်"

မေသူက ထမင်းသာ ဟန်မပျက် စားနေသော်လည်း မျက်လုံးက ဘော့စ်တို့လင်မယားနဲ့ ခွန်းကို လှမ်းလှမ်းကြည့်နေတဲ့ သော်သော်စစ်ရဲ့အတွေးကို ရိပ်စားမိဟန်ဖြင့် စကားစ,လိုက်သည်။ ခွန်းက မေသူ့ကို အောက်ကနေ လက်ကုတ်လိုက်သည်။ ဒါပေမဲ့ မေသူကတော့ အဖြစ်အပျက်ကို ပြောပြဖို့ ဆုံးဖြတ်လိုက်ပြီဖြစ်၏။

"ဘော့စ်တို့လင်မယား ခွန်းကို အရေးတယူဖြစ်နေတဲ့ကိစ္စ မဟုတ်လား"

"ဟုတ်တယ် မေသူ၊ အစ်မလည်း ဒါပဲစဉ်းစားနေတာ"

office staff မသန္တာကလည်း ထမင်းငုံ့စားနေရာက ဝင်ပြော၏။ ဂျူးဂျူးစံကတော့ စကားဝိုင်းထဲ မဝင်ဘဲ ငြိမ်သက်စွာ နားစွင့်နေ၏။

"ဒီလိုဟာ xxx xxx xxx နောက်ဆုံးတော့ ဘော့စ်က မမေမင်းမြတ်ဆီ လိုက်သွားပြီး ပြန်ခေါင်းထုတ်ကြတယ် ဆိုပါတော့၊ ခွန်းသာ ကြားမဝင်ရင် သူတို့ဒီလိုနဲ့ ဝေးသွားကြမှာ"



www.burmeseclassic.com

www.burmeseclassic.com



မေသူ့ရဲ့စကားအဆုံးမှာ သော်သော်စစ်က ခွန်းချိုခကို လှမ်းကြည့်သည်။ ဒါကို ဂျူးဂျူးစံက အခံရခက်တဲ့ မျက်ဝန်းတွေနဲ့ လိုက်ကြည့်နေတာ ထမင်းတောင် ဆက်မစားနိုင်တဲ့အထိ။ မေသူနဲ့ မသန္တာကတော့ တစ်ယောက်နဲ့တစ်ယောက် အသံတိတ်မျက်စ,တွေ ပစ်နေကြသည်။

○ ❦ ○





## ( ၃၅ )

"ဂျူးဂျူးတို့ သက်ထပ်ကြရအောင် 'ကို' "

ဂျူးဂျူးဆီက သူ အမျှော်လင့်ဆုံးစကားကို ကြားရတဲ့အခါမှာ သူ ရာနှုန်းပြည့် မပျော်နိုင်ခဲ့ပါ။ ဘာကြောင့်လဲလို့ သူ့ကိုယ်သူ အကြိမ်ကြိမ် စစ်ကြောနေမိတာမို့ ဂျူးဂျူးကို ချက်ချင်းတုံ့ပြန်တဲ့ အဖြေမပေးနိုင်ခဲ့။

ကော်ဖီအေးတစ်ခွက်ရဲ့ အပြင်မှာ အသီးထနေတဲ့ ရေစက်လေးတွေကို အဓိပ္ပာယ်မဲ့လက်ညှိုးနဲ့ တို့သုတ်နေတဲ့ သော်သော်စစ်ကို ဂျူးဂျူးစံ နာနာကျင်ကျင် ကြည့်ရင်းက ခပ်တိုးတိုး ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း ... ဟင်း ဟင်း ... ယောက်ျားတွေရဲ့စိတ်က တော်တော်အပြောင်းအလဲ မြန်တာပဲ၊ မထင်မှတ်မိဘူး၊ သုံးနှစ်တာသံယောဇဉ်က လေးလတာသံယောဇဉ်ကို မဖြတ်ကျော်နိုင်ခဲ့တာ အံ့ဩစရာပဲ"

"ဂျူးဂျူး ဘာပြောလိုက်တာလဲ"

"ရှင်နဲ့ မခွန်းချိုရဲ့အကြောင်းကို ဂျူးဂျူး စုံစမ်းပြီးသွားပြီ ကိုသော်သော်စစ်ရဲ့၊ ဘာကြောင့်လဲ၊ ဘဝမှာပထမဦးဆုံးချစ်ခဲ့တဲ့ ရည်းစားဦးမို့လို့ ရှင် သူ့ကို မေ့မရတာလား၊ မဖြစ်စလောက် သံယောဇဉ်လေးတစ်ခုအတွက်နဲ့ ဂျူးဂျူးနဲ့ 'ကို'နဲ့ကြားမှာ ရှိခဲ့တဲ့ ခိုင်မြဲတဲ့ သံယောဇဉ်ကို ဖြတ်တောက်ပစ်ဖို့ 'ကို'စဉ်းစားနေတာလား၊ ရှင် လုံးဝပြောင်းလဲသွားတယ်နော်"

"ဂျူးဂျူး ... မင်း ဆက်မပြောရင် ကောင်းလိမ့်မယ်"

"ဘာလို့လဲ၊ ဂျူးဂျူးစကားတွေက မှန်လွန်းလို့ ရှင့်အရှိက်ကို တည့်တည့်ထိသွားလို့လား"





"ငါချစ်ခဲ့တဲ့ ဂျူးဂျူးစံဆိုတာ ဘာအရောင်မှမရှိတဲ့ အဖြူထည်လေးပါ၊ အခု မင်းက ..."

"ဟုတ်တယ်၊ ဂျူးဂျူး အရောင်ပြောင်းသွားတယ်၊ ဘယ်သူအရောင်ဆိုးခဲ့တာလဲ သိလား၊ ရှင်ကိုယ်တိုင်ပဲ ကိုသော်သော်စစ်"

ဂျူးဂျူးရဲ့ ခပ်ဝန်းဝန်းမျက်လုံးလေးတွေမှာ မျက်ရည်ကြည်လေးတွေ သိုင်းခြုံလို့နေသည်။ ဖူးဖူးပြည့်ပြည့် နှုတ်ခမ်းလေးနှစ်မြွာက ဒေါသနဲ့ မခံချင်မှု နှစ်ခုပေါင်းပြီး တဆတ်ဆတ်တုန်နေ၏။

"တော်ပြီ ဂျူးဂျူးရယ်၊ မဟုတ်တာတွေ မပြောပါနဲ့တော့၊ ကို, ဂျူးဂျူးကို ချစ်တယ်၊ ဂျူးဂျူးနဲ့ပဲ ကို, လက်ထပ်မှာပါ"

သူ လေသံပျော့လေးနဲ့ ဂျူးဂျူး စိတ်ပြေအောင် ဂျူးဂျူး လက်ကလေးတစ်ဖက်ကို ထွေးဆုပ်ရင်းဆိုသည်။ ပထမ သူမလေးက ရုန်းသော်လည်း နောက်တော့ ငြိမ်ပြီးမျက်ရည်ကျသည်။ ဂျူးဂျူးမျက်ရည်တွေကိုတွေ့တော့ မျက်ရည်မကျတတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ခွန်းကို သတိရမိပြန်သည်။ သော်သော်စစ် ... မင်း ခွန်းချိုခဆို တဲ့ မိန်းမတစ်ယောက်ကို အတွေးထဲက ထုတ်ဖို့ကောင်းပြီ။

ဆရာမကြီးရဲ့ဟောပြောချက် သူ့ခေါင်းထဲ ပြန်ပေါ် လာတော့ သူ စိတ်တွေလေးသွားသည်။ ခွန်းက သူ့နှလုံးသားထဲ ကို နေပြောက်တစ်ခုလို ဝင်လာခဲ့တာမို့ သူ မတားနိုင်ခဲ့ဘူးလေ။ အကယ်၍များ ဆရာမကြီး ဟောပြောချက်အတိုင်း ဖြစ်ခဲ့မယ်ဆို ရင် ...

"ကို, ဘာတွေးနေတာလဲ ဆိုတာ ဂျူးဂျူး သိတယ်"

"သိပြန်ပြီလား၊ လူတိုင်း လူတိုင်း 'ကို့'အတွေးကို သိနေ ကြတာ အံ့ဩစရာပဲ"

ညည်းညည်းညူညူနဲ့ သော်သော်စစ် ပြောဟန် ကြောင့် ဂျူးဂျူး မအောင့်နိုင်ဘဲ ပြုံးမိသည်။ သိပ်ချစ်ကြတဲ့ ချစ်သူနှစ်ယောက်။ မိဘချင်းကလည်း သဘောတူ ကြည်ဖြူကြတဲ့ ချစ်သူနှစ်ယောက်။ ဘာအကြောင်းကြောင့် မပေါင်းဖက်နိုင်ရမှာ တဲ့လဲ။





"ဆရာမကြီးရဲ့ ဟောပြောချက်ကြောင့် မဟုတ်လား၊ စိတ်ထဲမထားပါနဲ့ ကိုရာ၊ သူလည်း လူသာမန်လူတစ် ယောက်ပဲ၊ လူတွေက ကိုယ့်ကံကြမ္မာကိုတောင် ဘာဖြစ် မယ်မှန်း မသိတာ၊ သူများကံကြမ္မာကို သိတယ်ဆိုတာ ဘယ်မှာလာပြီး ဖြစ်နိုင်မှာလဲ"

"ဟင် ... ဂျူးဂျူး"

"ဟုတ်တယ် 'ကို'၊ ဂျူးဂျူး ဆရာမကြီးဆီကို ရောက်ခဲ့ တယ်၊ မမကြီးကို အတင်းအပူကပ်ပြီးတော့ပေါ့၊ သူက 'ကို'နဲ့ ဂျူးဂျူးက ကံနည်းသေးတယ်တဲ့၊ ဟာ ... ဟာ၊ ရယ်စရာပဲနော်၊ အိမ်က မိဘတွေကိုပြောပြီး 'ကို'နဲ့ဂျူးဂျူး လက်တွဲလိုက်ကြရင် သူ့ဟောပြောချက် တက်တက်စင် အောင် မှားသွားမှာပဲ ...

'ကို'လည်း ခေတ်လူငယ်တစ်ယောက် ပဲ ဒါတွေကို အယုံအကြည် မရှိသင့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မင်း မသိသေးလို့ပါ ဂျူးဂျူးရယ်။ သူက သာမန် အမျိုးသမီးတစ်ယောက် မဟုတ်ခဲ့ဘူး။ မဟုတ်လို့သာ ခွန်းနဲ့ကိစ္စကို သူ တိတိကျကျ ပြောပြနိုင်ခဲ့တာပေါ့။

"သူ့အိမ်မှာ ပန်းချီကားတွေ ဂျူးဂျူး တွေ့ခဲ့မှာပေါ့"

"အင်း ... တွေ့ခဲ့တယ်၊ potrait တွေ များတယ်၊ ဆွဲထားတဲ့ post တွေကလည်း တစ်မျိုးပဲ"

"အဲဒါ သူ့အာရုံမှာ ပေါ်လာတာတွေကို ဆွဲထားတာပဲ ဂျူးဂျူး၊ ဆွဲပြီးရင် အဲဒီပန်းချီကားနဲ့ ပတ်သက်သူ တစ်ယောက်က သူ့ဆီကို ရောက်ရောက်လာတတ်တယ်တဲ့"

"အထင်ကြီးအောင် ပြောတာနေမှာပါ ၊ 'ကို'ယုံလို့လား ပထမတော့ ဂျူးဂျူးလည်း ယုံမိပြီး အကြီးအကျယ် စိတ်ထိခိုက်မိတယ်၊ အခုတော့ လုံးဝမယုံတော့ဘူး၊ ကိုနဲ့ဂျူးဂျူး လက်တွဲပြီး သူ့ဆီ နောက်တစ်ခေါက် သွားနိုင်အောင် ကြိုးစားကြမယ် ... ဟုတ်လား ကို"





ဂျူးဂျူးက ပြန်ပြီး သူ့လက်တစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်လာသည်။ သူမမျက်ဝန်းတွေမှာ ယုံကြည်ချက် အလင်းတန်းက တောက်ပစွာရှိနေ၏။ သူ ခေါင်းညိတ်သဘောတူရုံအပြင် ရွေးစရာလမ်းမရှိ။

○❦○



www.burmeseclassic.com

www.burmeseclassic.com



# (၄၃)

ထုံးစံအတိုင်း ရုံးဆင်းတော့ သော်သော်စစ်နဲ့ ဂျူ
ဂျူးစံ နှစ်ယောက်တွဲပြီး ထွက်လာကြသည်။ reception နာ
ရောက်တော့ ခွန်းကို မတွေ့ရတာ နှစ်ရက်လောက်ရှိနေတာ သ
သတိပြုမိလိုက်သည်။

"သော်သော်စစ် ... ငါတို့ ဆေးရုံသွားမလို့ လိုက်ဦးမလား

"ဆေးရုံ ... ဟုတ်လား၊ ဘယ်သူ ဘာဖြစ်လို့လဲ"

ထိတ်ထိတ်ပျာပျာ ဖြစ်သွားတဲ့ သော်သော်စစ် ယ
ပ ့်က ခွန်းကို စိုးရိမ်သွားလို့မှန်း မေသူ အတပ်သိလိုက်၏။
ကောင်လေး ခွန်း အပေါ်မှာ သံယောဇဉ်တော့ ရှိရှာသေးသည်





"ခွန်းရဲ့တူလေးလေ၊ သွေးလွန်တုပ်ကွေးဖြစ်လို့ ဆေးရုံ
တင်ထားရတယ်"

"ဟုတ်လား"

" 'ကို' ဒီနေ့ အိမ်မှာ ညစာစားဖို့ ချိန်းထားတာနော်၊
နောက်နေ့မှ 'ကို'နဲ့ ဂျူးဂျူး သွားကြည့်ကြမယ်လေ"

ဂျူးဂျူးပုံစံက သိပ်ကိုသိသာလွန်းနေသည်။ အရင်
တုန်းက ဒီဖိုင်းမျိုး လုံးဝမဟုတ်။ သူ့ပုံစံက ခွန်းက သော်သော်
စစ်ကို သူ့လက်ထဲက လုယူသွားမှာ ကြောင့်ကြနေတဲ့ပုံ။ ခွန်းက
စိတ်သဘောထား ပြည့်ဝတာ အနီးကပ်နေသူမို့ သူမကပိုသိသည်။
ခွန်းမှာ power တစ်ခု ရှိနေတာလည်း သော်သော်စစ် ကားတိုက်
တော့မလိုဖြစ်တုန်း ခွန်း ဝင်ကယ်လို့ ဆေးခန်းရောက်ခဲ့ရတဲ့
အိစ္စကနေ သူမ အတည်ပြုခဲ့ပြီးပြီ။ ခွန်းသာ သူတို့နှစ်ယောက်ကို
ကူပေးချင်ရင် အလွယ်လေး။

"မအားဘူးဆိုလည်း ရပါတယ် သော်သော်စစ်ရယ်၊ မသွား
လည်း ရနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မမေသူ့ရဲ့နောက်စကားမှာ ရွဲ့သံပါနေတာ ဂျူးဂျူးစံ မိန်းမချောင်းမို့ သိလိုက်သည်။ ဟုတ်တာပဲ။ မသွားလည်းရနေ တာပဲ။

ရန်ကင်းစင်တာမှာတုန်းက ခွန်းနဲ့တွဲတွေ့ခဲ့သည့် ကလေးငယ်ကို သော်သော်စစ် မြင်ယောင်သွားသည်။ တူဆိုတော့ မမသွန်း သားလေးပေါ့။ မမသွန်းက သူတို့ထက် နှစ်,နှစ်ပဲကြီး တာ။ ကလေးက ငါးနှစ်၊ ခြောက်နှစ်အရွယ်ဆိုတော့ သူစောစော စီးစီး အိမ်ထောင်ကျသွားလို့ပဲ ဖြစ်မည်။

ဘာပဲဖြစ်ဖြစ် ခွန်းမှာ သောကလေး ရှိနေတဲ့အချိန် မှာ သူ သွားသင့်ပါသည်။ ခွန်းပေါ်မှာ သူ မတရားသဖြင့်စွပ်ခဲ့ ထားခဲ့တာတွေအတွက်လည်း တောင်းပန်ချင်သည်။ ပြီးတော့ သူမက သူ့အသက်ကို ကယ်ခဲ့တဲ့သူ။

နောက်တစ်နေ့ မနက်စောစောမှာ သူ တစ်ယောက် တည်း ခွန်းတူလေး တင်ထားသည့်ဆေးရုံကို ရောက်လာခဲ့သည်။

"ဟာင်"





အခန်းထဲဝင်လာတဲ့ လူရိပ်ကြောင့် ခွန်း ကြည့်လိုက် တော့ ခွန်း လုံးဝမထင်မှတ်ထားတဲ့လူ ဖြစ်နေခဲ့သည်။ သူ ... သော်သော်စစ်။ သူ့ဘေးမှာ ဘာအဖော်မှမပါ။

"ကလေးသက်သာရဲ့လား ခွန်း"

"သက်သာပါတယ် သော်သော်"

"အလုပ်မသွားခင် ဝင်လာခဲ့တာ"

"ကျေးဇူးတင်ပါတယ် သော်သော်"

"သူ ... မမသွန်း သားလား"

"ဟုတ်တယ်"

သော်သော်နဲ့ ခွန်း စကားပြောနေတုန်း ဦးသက် အခန်းထဲဝင်လာတာတွေ့တော့ ခွန်းတို့ စကားစ,ပြတ်သွားကြ သည်။ ဦးသက်က သူ့သားနားမှာထိုင်ပြီး စကားတွေ တတွတ် တွတ် ပြောနေ၏။ တကယ့်အဖေရင်းတစ်ယောက်လိုမို့ ခွန်းစိတ် ကြည်နူးသွားသည်။ မကြာခင် ဆရာဝန်ကြီး round လှည့်တော့ မှာမို့ ခွန်းနဲ့သော်သော် အခန်းပြင်ကော်ရစ်ဒါဘက် ထွက်ခဲ့ကြ သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူက မမသွန်း ယောက်ျားလား၊ အသက်တော်တော်ကြွ တယ်နော်"

"ဟုတ်တယ် သော်သော်၊ သူ မမသွန်း ဒုက္ခဖြစ်တဲ့အချိန် မှာ ကယ်တင်ခဲ့တာလေ၊ တကယ်တော့ သူက သားသား လေးရဲ့အဖေအရင်း မဟုတ်ခဲ့ဘူး"

"ဩော်"

"အဲဒီအချိန်တုန်းက မမသွန်းကိစ္စနဲ့ ငါ စာလည်းမကျက် နိုင်ခဲ့ဘူး၊ ဘာကိုမှလဲ စိတ်မဝင်စားနိုင်ခဲ့ဘူး၊ ငါတို့မိသားစု သောကတွေ ပင်လယ်ဝေနေတဲ့ အချိန်ပေါ့ သော်သော်၊ နင် မှတ်မိဦးမှာပေါ့၊ ငါ နင့်ဆီကိုတောင် စာဖြောင့်ဖြောင့် မရေးနိုင်ခဲ့ဘူးလေ"

အတိတ်ကို ပြန်အမှတ်ရ မြင်ယောင်ဟန် ခွန်းရဲ့ ခပ်ဆွေးဆွေး မျက်ဝန်းလေးတွေကြောင့် သူ့ရင်ထဲ လှုပ်ခါသွား သည်။





"ဩော် … ဒါကြောင့်လား၊ နင် ဘာလို့ ငါ့ကို ပြောမပြခဲ့ တာလဲ ခွန်း"

ခွန်းချိုခက ခပ်ဝါးဝါး ပြုံးလိုက်ရင်း …

"ငါ့အပူတွေ နင်ကို ကူးစက်သွားမှာစိုးလို့ပေါ့ သော်သော်။ ပြီးတော့ ဒီကိစ္စက ပြောလို့ကောင်းတဲ့ကိစ္စမှ မဟုတ်တာ"

အဲဒီတုန်းက ခွန်း ဘယ်လောက် စိတ်အားငယ်ပြီး စိတ်ဆင်းရဲခဲ့ရမလဲ။ အစ်မကြောင့် အပူကတစ်မျိုး၊ ရည်းစားက စွန့်ပစ်လို့ ခံစားရတဲ့ ဝေဒနာကတစ်သွယ်။ သနားလိုက်တာ ခွန်းရယ်။

"ရတ်တရက်မို့ ငါ ဒေါသကို မထိန်းနိုင်လို့ နင့်ကိုကျိန် ခဲ့မိတာ တောင်းပန်ပါတယ် သော်သော်၊ တကယ်ထိသွား ခဲ့မယ်လို့ မထင်ထားမိလို့ပါ"

"ငါ နားလည်ပါတယ် ခွန်း၊ ငါလည်း နင့်ကိုတောင်းပန် ပါတယ်၊ မဟုတ်ဘဲနဲ့ စွပ်စွဲခဲ့မိတဲ့အတွက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အပြုံးစင်ဆုံး ပြုံးကြည့်လိုက်ကြသည်။ လမ်းခွဲရမယ်ဆိုရင်တောင် နားလည်မှုကိုယ်စီနဲ့ လမ်းခွဲကြတာ အကောင်းဆုံးပေါ့။ ချစ်တဲ့သူအကြောင်း ပြန်တွေးမိတိုင်း အနည်းဆုံးတော့ ရင်မနာရဘူးပေါ့နော်။

○ ❦ ○





( ၃၇ )

"ဂျူးဂျူး ဘာကြောင့် မခွန်းချိုခနဲ့ လာတွေ့လဲဆိုတာ မခွန်းချိုခ ခန့်မှန်းမိမှာပေါ့နော်"

သူမရှေ့မှာ ထိုင်နေသည့် ခွန်းချိုခဆိုတဲ့ မိန်းမပုံစံက သက်သောင့်သက်သာ တော်တော်ရှိနေသည်။ ရွှေညိုရောင် လက်ပြတ်ဂါဝန်ရှည်တစ်ထည် ဝတ်ဆင်ထားပြီး ရွှေအိုရောင်နှုတ်ခမ်းဆိုးဆေး ညီညာအောင်ဆိုးထားတဲ့ ခွန်းချိုခရဲ့နှုတ်ခမ်းနှစ်မွှာမှာ နားလည်ရခက်သော အပြုံးတစ်ခုက တွဲခိုနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သော်သော့်ကိစ္စနဲ့ ပတ်သက်လို့ မဟုတ်လား၊ သူနဲ့တို့ ဟိုးငယ်ငယ်လေးတုန်းက ရည်းစားဖြစ်ခဲ့ဖူးတယ်၊ တော်တော့်ကို ကြာခဲ့ပါပြီ"

"ဒါပေမဲ့ သံယောဇဉ်တော့ မပြတ်ကြသေးဘူး မဟုတ်လား"

"ဂျူးဂျူးစံ ပြောချင်တာရှိရင် ပွင့်ပွင့်လင်းလင်း ပြောလို့ရတယ်"

"ကောင်းပြီလေ၊ ပွင့်ပွင့်လင်းလင်းပဲ ပြောကြတာပေါ့၊ ဂျူးဂျူးနဲ့ 'ကို' မကြာခင် လက်ထပ်ကြတော့မှာ၊ ဒီအလုပ်ကနေလည်း နှစ်ယောက်စလုံး ထွက်လိုက်ကြတော့မှာ၊ ဒီတော့ မခွန်းချိုခ 'ကို့'ကို တိတ်တခိုး မျှော်လင့်နေတယ်ဆိုရင်လည်း လက်လျှော့လိုက်ပါတော့လို့ ပြောချင်လို့ပါ"

"နှင့်စကားတွေက တော်တော်ရိုင်းနေတာ နင်သိရဲ့လား ဂျူးဂျူးစံ၊ ဒါ တို့ဂုဏ်သိက္ခာကိုရော တို့ရဲ့ကိုယ်ပိုင်အခွင့်အရေးကိုရော ထိပါးစော်ကားလိုက်တာပဲ"





နှုတ်ခမ်းလေးတွေ ဆတ်ဆတ်တုန်နေတဲ့ မခွန်းချိုခကို ဂျူးဂျူးစံ ကြည့်ကောင်းကောင်းနှင့် ကြည့်နေလိုက်သည်။

"ရိုင်းသွားရင် တောင်းပန်ပါတယ် မခွန်းချိုခ၊ ဂျူးဂျူးရဲ့ ကွယ်ရာမှာ မခွန်းချိုခတို့နှစ်ယောက် တွေ့တွေ့နေကြတာ ဂျူးဂျူး သိတယ်၊ 'ကို့'စိတ်တွေ ပြန်လည်အောင် မခွန်းချိုခ ကြိုးစားနေတာတွေ ရပ်တန်းက ရပ်လိုက်ပါ"

"ဂျူးဂျူးစံ"

အလုံးအရင်း ထ,ကြွလာတဲ့ ဒေါသတို့ကို ခွန်းချိုခ အတင်းဖိနှိပ်ချိုးနှိမ်ပစ်နေရသည်။ ဒေါသကို လွှတ်ပေးမိလိုက်ရင် တစ်ခုခု ဖြစ်မှာစိုး၍ပါ။ ဒီလိုအခြေအနေမျိုးမှာ ဂျူးဂျူးစံကို ခွန်း ဘာမှအဖြစ်မခံလိုပါ။ ခွန်းဆီကနေ ရုပ်သိမ်းသွားတဲ့ သော်သော့်ရဲ့အမုန်းတွေကို တစ်ဖန်ထပ်မရချင်၍ပေါ့။

ရှေ့မှာရှိတဲ့ အအေးခွက်ကို ခွန်း ကောက်ယူမော့သောက်ချပစ်လိုက်သည်။ ဒေါသမုန်တိုင်း အသွင်ကူးပြောင်းခွင့် မပြုနိုင်၍ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဂျူးဂျူး စကားကုန်သွားပြီး မခွန်းချို၊ ဂျူးဂျူးကို သွားခွင့်ပြုပါဦး"

ကိုယ့်ကို ဘာလိုင်းကြီး လာစော်ကားသွားတာကို အခုလို ငြိမ်ခံနေခဲ့တာ သူဟာ ခွန်းချစ်ရတဲ့ သော်သော်စစ်ရဲ့ ချစ်သူဖြစ်နေလို့ပါ။ နားလည်ပေးလိုက်ပါ ခွန်း။ ချစ်တဲ့သူတိုင်းဟာ ကိုယ်ချစ်တဲ့သူကို ရယူပိုင်ဆိုင်လိုတတ်ကြတာချည်းပဲ။ ဘယ်သူ့ကိုမှ မျှဝေမပေးချင်တတ်ကြတာပဲလေ။ ဒါဆို နင့်ကျတော့ရော ခွန်းချို။

ဂျူးဂျူးစံက ခွန်းချိုကို ကျောခိုင်းလိုက်သည်။ ရုတ်တရက် မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် ဂျူးဂျူးစံ အသံထွက် အာမေဋိတ် ပြုမိလိုက်သည်။

ခွန်းချိုရဲ့ အာမေဋိတ်အသံကလည်း ဂျူးဂျူးစံနဲ့ ရှေးမနှောင်းမီ ထွက်ပေါ်လာ၏။

"ဟင်"

"အို"





သူမတို့ ထိုင်နေသည့် ကော်ဖီဆိုင် အပေါ်ထပ် ဝိုင်းတစ်ဝိုင်းမှ မိသားစုတစ်ခု၊ အမျိုးသားက ခြောက်နှစ်သားအရွယ် ကလေးတစ်ယောက်ကို လက်ဆွဲလို့၊ အမျိုးသမီးက တစ်နှစ်သားအရွယ် ကလေးတစ်ယောက်ကိုချီပြီးအထ, ထဘီစ,က လျှော့ကျသွားတာမို့ ရုတ်တရက်ယောင်ပြီး ထဘီကိုလှမ်းအထိန်း သူမချီထားတဲ့ကလေးက ဟန်ချက်ပျက်ပြီး သူမလက်ကနေ နောက်ကိုလန်ကျသွားသည်။

"သေပါပြီ"

ဂျူးဂျူးစံ အော်ပြီး မျက်လုံးတွေကို လက်နှစ်ဖက်နဲ့ အုပ်ထားလိုက်သည်။ ဝရန်တာပုံစံမျိုး ဆောက်ထားတာမို့ အောက်ထပ်ကိုကျရင် ဒီကလေး သေရင်သေ မသေရင် ခြေကျိုးလက်ကျိုး ဖြစ်ဖို့က သေချာသလောက်ပင်။

"ကလေးကျလာတယ် ... ကလေးကျလာတယ်"

အောက်ထပ်ကလူတွေ ဝရုန်းကား ဖြစ်သွားကြပြီး လူတစ်ယောက်က ကလေးကို အမိအရ ဖမ်းနိုင်ခဲ့သည်။ လင်မ



www.burmeseclassic.com

www.burmeseclassic.com



ယားနှစ်ယောက်စလုံး ဒရောသောပါးနှင့် အောက်ထပ်ကို ပြေးဆင်းသွားကြသည်။

"ဟင် ... ဟိုအစ်မ ဘာဖြစ်တာလဲ မသိဘူး"

တခြားဝိုင်းက လူတွေက ရှန်းရှန်း ရှန်းရှန်း ဖြစ်နေရာက စားပွဲထိုင်ခုံပေါ်ကနေ ပျော့ခွေပြုတ်ကျသွားတဲ့ အမျိုးသမီးကိုကြည့်ပြီး အော်ဟစ်ကြပြန်သည်။

"ဟင် ... မခွန်းချိုခ"

ဂျူးဂျူးစံက ခွန်းချိုခအနား အပြေးသွားသည်။ ခွန်းချိုခရဲ့မျက်နှာက သွေးဆုတ်နေတဲ့ ဖြူရော်ရော်မျက်နှာ၊ တစ်ကိုယ်လုံးလည်း အေးစက်နေ၏။ ရုတ်တရက် ခွန်းချိုခ တစ်ခါတုန်းက အဖြစ်အပျက်ကို ပြေးသတိရလိုက်မိသည်။ 'ကို'ကားတိုက်မိတော့မလို ဖြစ်တုန်းက သူ ဒီလိုပဲ ဖြစ်ခဲ့တာပဲ မဟုတ်လား။

"အံ့ဩစရာ ကောင်းလိုက်တာဗျာ၊ ကလေးက တစ်ရှိန်ထိုးကျလာရင်းက အရှိန်နှေးသွားတယ်၊ ဒါကြောင့် ကျွန်တော်ဖမ်းနိုင်ခဲ့တာပေါ့"





"ဟုတ်တယ် ... ဟုတ်တယ်၊ ကျွန်မတို့လည်းမြင်တယ်"

ကလေးမိဘတွေ အောက်ထပ်ကို ရောက်သွားတော့ အောက်ထပ်က ပြောတဲ့စကားသံတွေကို ဂျူးဂျူးစံ ကြားနေရသည်။ ထူးဆန်းလိုက်တာ။

ဂျူးဂျူးစံ ခွန်းချိုခရဲ့ မျက်နှာကို စေ့စေ့ကြည့်မိသည်။ အရှိန်မထိန်းနိုင်တဲ့ကားဟာ 'ကို'နားရောက်မှ ဘာဖြစ်လို့ ရပ်တန့်သွားရတာလဲ။ ပြီးတော့ ဒီကလေးကရော ဘာကြောင့် ဒီလိုပုံစံမျိုးနဲ့ ကျသွားရတာလဲ။ ပြီးတော့ ဒီအဖြစ်အပျက်တွေ ဖြစ်ပြီးတိုင်း သူ ဘာလို့ ဒီပုံစံဖြစ်သွားရတာလဲ။ သူများ ...

"အစ်မ ... ဒီအစ်မကို ဆေးခန်းပို့ရင် ကောင်းမယ်ထင်တယ်"

"ဟင် ... ဪ ... ဟုတ်တယ် ... ဟုတ်တယ်၊ အစ်မကို ကူပါဦးနော်"

waiter ကောင်လေးတစ်ယောက်ကို အကူအညီတောင်းပြီး ဂျူးဂျူးစံ ဆေးခန်းပြေးရပြန်ပါသည်။ ထုံးစံအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ခွန်းချိုခရဲ့သွေးပေါင်ချိန်က တော်တော်ထိုးကျနေ၏။ မျက်လုံး မှိတ်ပြီး မှိန်းနေတဲ့ ခွန်းချိုခကိုကြည့်ရင်း ဂျူးဂျူး အတွေးတွေ ဖြာနေ၏။ ခွန်းချိုခဆိုတဲ့ မိန်းမက ထူးဆန်းတာတော့ အမှန်။

ကလေးကို ကယ်ဖို့အတွက် ခွန်းရဲ့ power မှန်သမျှ ကို လျှပ်တစ်ပြက် စုစည်းပြီး ကလေးဆီပို့လိုက်မိသည်။ ကလေး အေးကင်းပြီဆိုတဲ့အသိ သိတဲ့အချိန်မှာပဲ ခွန်း စိတ်လျှော့ပစ်လိုက် သည်။ 'တစ်ပြိုင်နက်တည်းမှာပဲ အမှောင်ထုက ခွန်းကို လွှမ်းခြုံ သွားတော့သည်။

အမှောင်ထဲမှာ ခွန်း တစ်ယောက်တည်း လျှောက်နေ မိသည်။ ရောက်တည့်ရာရာ လျှောက်နေတာမို့ ခွန်းမှာ ပန်းတိုင် မရှိ ယောင်ချာချာ ဖြစ်နေ၏။ ရုတ်တရက် အလင်းဖျော့ဖျော့ တစ်ခုကို တွေ့လိုက်တာမို့ ဖျော့တော့တဲ့ အလင်းရောင်နောက် ခွန်း လျှောက်လာခဲ့သည်။ တဖြည်းဖြည်းနဲ့ ထိုအလင်းတန်းက တောက်ပလာပြီး ခွန်းရှေ့တည့်တည့်မှ အမျိုးသမီးတစ်ယောက် လျှောက်လာတာ ထင်ထင်ရှားရှား တွေ့လိုက်ရသည်။ သူနဲ့ခွန်း



မျက်နှာချင်းဆိုင် ဆုံမိစဉ်မှာ တစ်လောကလုံး လင်းချင်းသွား တော့သည်။

"သမီးက ခွန်းချိုခနော်"

တည်ကြည်အေးချမ်းတဲ့ အမျိုးသမီးကြီးကို ခွန်း ကြောင်ကြည့်နေမိသည်။ သူမကို ခွန်းတစ်ခါဖူးမှ မတွေ့ဘူးပေ မင့် သူမကတော့ ခွန်းကို ရင်းရင်းနှီးနှီး သိနေသည့်ပုံ။

"ဆရာမကြီးကို သမီး သိမှာမဟုတ်ဘူး။ ဆရာမကြီးက သော်သော်စစ်ရဲ့ တနင်္လာကံဆိုးမှုရောဂါရဲ့ ဇာစ်မြစ်ကို ရှာဖွေပေးခဲ့တဲ့ အကြားအမြင်ဆရာမ ဒေါ်ယုဇနပါ"

"ရှင်"

"ဆရာမကြီးကို သမီး မသိပေမယ့် ဆရာမကြီးက သမီး ကို သိခဲ့တာ ကြာခဲ့ပြီ၊ ဆရာမကြီးအာရုံထဲမှာ သမီးလက် နှစ်ဖက်ယှက် ဆုတောင်းတဲ့ပုံ ပေါ်လာလို့ ပန်းချီတောင် ဆွဲခဲ့သေးတယ်"

"ဩော်"

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩလွန်းလို့ ခွန်းချိုခ အာမေဋိတ်အပြင် ဘာစကားမှ ထွက်မကျလာနိုင်ခဲ့။

"ဆရာမကြီးတို့ မကြာခင် အပြင်မှာ ဆုံကြရမှာပါ။ တကယ်တော့ သမီးမှာ သူများနဲ့မတူတဲ့ power တစ်ခု ရှိနေတာပါ၊ တခြားမတွေးပါနဲ့ မစဉ်းစားပါနဲ့၊ သမီးရဲ့ power တွေကို ပျောက်ဖျက်ပစ်ဖို့လည်း မကြိုးစားပါနဲ့၊ ဒီ power နဲ့ ဒုက္ခရောက်နေတဲ့ သူတွေကို သမီးတတ်နိုင်သရွေ့ ကယ်တင်ရမယ်၊ သူ့ကိုကောင်းတဲ့ဘက်မှာ အသုံးချဖို့ပဲ သမီး ကြိုးစားပါ"

"ကယ်ဖို့ ကြိုးစားတိုင်း သမီး ဒီလိုဖြစ်ရတာ ဘာကြောင့်လဲ ဆရာမကြီး"

"သူတို့ကို ဘယ်လိုအသုံးချရမှန်း၊ ဘယ်လိုထိန်းချုပ်ရမှန်း သမီး ကောင်းကောင်း သဘောမပေါက်သေးလို့ပါ၊ အော တစ်ခုနဲ့ အားကုန်သုံးလိုက်လို့ ဖြစ်ရတာ၊ စိတ်မပူပါနဲ့။ ဆရာမကြီးတို့ တွေ့ကြရင် သမီးကို ဆရာကြီး လမ်းညွှန်ပေးပါ့မယ်"





ကြည့်နေရင်းနဲ့ အမျိုးသမီးကြီးရဲ့ပုံရိပ်က ဝေဝါးပျောက်ကွယ်သွားသည်။ ခွန်းချိုခရဲ့အကြား အာရုံက ပြန်လည်အသက်ဝင်လာသည်။

"သတိရပြီလား မခွန်းချိုခ"

"အင်း ... ကျေးဇူးပဲနော် ဂျူးဂျူးစံ"

ဂျူးဂျူးစံရဲ့ မျက်လုံးထဲမှာ မေးခွန်းများစွာ ရှိနေသည်။ အခုအချိန်လောက်ဆို သူ အကြောင်းအရာတစ်ခုကို ဆက်စပ်ပြီး တွေးမိနေလောက်ပြီ။ ခွန်းလည်း ထူးဆန်းတဲ့ အမျိုးသမီးတစ်ယောက်အကြောင်း တွေးနေမိပါသည်။ ဒေါ်ယုဇနေ ... သူ့ကို ဘယ်လိုရှာရမလဲ။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ( ၃၀ )

ပုလဲဖြူရောင်ပိုးသားနဲ့ ဇာတွဲဖက်ချုပ်ထားတဲ့ သတို့သမီးဂါဝန်လှလှလေးကို ဂျူးဂျူးက ဝတ်ပြရင်း သော်သော်စစ်ရဲ့အမြင်ကို မေးသည်။

"ကို ... ဂျူးဂျူး လှတယ် မဟုတ်လားဟင်"

"အင်း ... လှတယ်"

ခရမ်းနုရောင် lip golss ပြောင်ပြောင်လေး ဆိုးထားတဲ့ ဂျူးဂျူးရဲ့နှုတ်ခမ်းလှလှလေးမှာ အပြုံးဆိုတာ ပြတ်တယ်ရယ်လို့မရှိ။ သူမ သိပ်ပျော်နေတာပဲ။ အင်းလေ ... ဂျူးဂျူးဆိုတာ





လည်း သူ ချစ်ရတဲ့ ကောင်မလေးပဲ မဟုတ်လား၊ သူ့ရင်ခွင်ထဲကို အကြိမ်ကြိမ်ဝင်ဖူးပြီး အနမ်းချင်းလည်း အထပ်ထပ်ဖလှယ်ခဲ့ကြဖူးသည်ပဲ။

ဒါပေမဲ့ပေါ့ သူ့ရင်ထဲ ပျော်ရွှင်မှုတွေ ဝင်ခွင့်မရအောင် ပိတ်ဆို့နေသော အရာတစ်ခု ရှိနေပါသည်။ အဲဒါက အကြောက်တရားတစ်ခု။ ဒီအခြေအနေအထိ သူနဲ့ ဂျူးဂျူး ဘာအတားအဆီး၊ ဘာအနှောင့်အယှက်မှ မရှိဘဲ လျှောက်လှမ်းလာခဲ့တာ မုန်တိုင်းမလာခင် သေငြိမ်သွားတတ်တဲ့သံသောမျှားလား။

"ကို, ဖိတ်စာကို အရင်ဦးဆုံး ဂျူးဂျူး ဖိတ်ချင်တဲ့လူတစ်ယောက် ရှိတယ်"

ကားမောင်းရင်းက သူ ဂျူးဂျူးဘက် လှည့်ကြည့်မိသည်။ ခွန်းများ ဖြစ်နေမလား။

"ဘယ်သူလဲ ဂျူးဂျူး"

ဂျူးဂျူးက သူမဆံသား ပျော့နွယ်နွယ်လေးတွေကို လက်ညှိုးလေးနဲ့ဆွဲလိမ်ရင်းက နာမည်တစ်ခု တီးတိုးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ယုဇန"

"ဟင်"

"ဟုတ်တယ်၊ ကို့ရော ... သူ့ကို မဖိတ်ချင်ဘူးလား၊ နောက်ဆို မမှန်ကန်တဲ့ ပြောပြောချက်တွေနဲ့ လူတွေကို မခြောက်လှန့်မိဖို့ သူ သတိထားသွားလိမ့်မယ်"

"ထားလိုက်ပါ ဂျူးဂျူးရာ"

"ပြီးတော့ နောက်တစ်ယောက် ရှိသေးတယ်၊ မခွန်းချိုခ... ဒေါ်ယုဇန ပြီးရင် သူ့ကိုဖိတ်ရမယ်"

"ဂျူးဂျူး ... ကို့နဲ့ ဂျူးဂျူးက တစ်ဘဝလုံး လက်တွဲဖို့ လက်ထပ်ကြတာ၊ မခံချင်မှုတွေနဲ့ ဒီစကားမျိုးတွေ ဒီလုပ်ရပ်မျိုးတွေ လုပ်နေတာ အဓိပ္ပာယ်မရှိဘူးလို့ 'ကို'ထင်တယ်၊ ဂျူးဂျူးက အနိုင်ရပြီးသားပဲ၊ ဘာကြောင့် လူတစ်ဖက်သားကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ချင်ရတာလဲ"

"ကို့ရင်ထဲမှာ အခုအချိန်အထိ မခွန်းချိုခ ရှိနေသေးတုန်းပဲလားဟင်"





"မမေးသင့်တဲ့မေးခွန်း မမေးရင်ကောင်းမယ် ဂျူးဂျူး"

"ဘာ့လို့ သူ မရှိပါဘူးဆိုတဲ့ အဖြေကို ချက်ချင်းမပေးနိုင်ရတာလဲ ကို့"

"ပါးစပ်လေးပိတ်ပြီး ငြိမ်ငြိမ်နေလိုက်တော့ ဂျူးဂျူး၊ ကို့ ကားမောင်းနေတာ စိတ်အနှောင့်အယှက် မဖြစ်ချင်ဘူး"

ဒီရက်ပိုင်းအတွင်းထဲ သူ မမကြီးရဲ့ကားကို သုံးဖြစ်ခဲ့သည်။ တစ်နေရာဝင်၊ တစ်နေရာထွက်တွေ များလွန်းတော့ taxi နဲ့ အဆင်မပြေလေ။

"ဘာလဲ ... 'ကို့'ကို အသက်စွန့်ပြီး ကယ်ခဲ့လို့လား"

"ဂျူးဂျူး"

မီးပွိုင့်မီးနီသွားတာမို့ သူ လီဗာဖော့အရှိန်လျှော့ရင်း ကားစက်သတ်လိုက်သည်။

"မင်း ဘာပြောလိုက်တာလဲ ဂျူးဂျူး"

"ဂျူးဂျူးလည်း ခပ်ညံ့ညံ့မိန်းမတစ်ယောက် မဟုတ်ပါဘူး ကို့၊ ကို့ရဲ့တနလ်ာကံဆိုးမှုကလည်း သူနဲ့ပတ်သက်နေတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဂျူးဂျူး ဘယ်လိုသိလဲ"

"တကယ်ရင်နာမိတယ်၊ မကြာခင် လက်ထပ်တော့မယ့် ချစ်သူတစ်ယောက်ပေါ်မှာ လျှို့ဝှက်ချက်တွေ ထားခဲ့တာကို တွေးမိတိုင်း စိတ်မကောင်း ဖြစ်ရတယ်"

"စကားနာမထိုးနဲ့တော့ ဂျူးဂျူးရာ၊ ဂျူးဂျူး သိတယ်ဆိုရင်လည်း ပြီးတာပဲ"

ပွိုင့်က စိမ်းသွားပြီမို့ သူ ကားစက်ပြန်နှိုးလိုက်သည်။ လိပ်သွားလို သွားနေရင်းက cross road မှာ ပွိုင့်ထပ်မိသည်။

"ဒုန်း"

ရုတ်တရက် နောက်ကား သူတို့ကားကို ဝင်အဆောင့် ကားကခါပြီး ရှေ့ကိုရွေ့အသွား ဘယ်ဘက်ယာဉ်ကြောကနေ မောင်းနှင်လာတဲ့ကားတစ်စီးက အရှိန်မထိန်းနိုင်ဘဲ သူ့လမ်းကြောင်းပေါ်ရောက်လာတဲ့ သူတို့ကားကို ဝင်တိုက်မိလျက်သား ဖြစ်သွားသည်။





"အား"

"အမယ်လေး"

သော်သော်စစ် မောင်းလာတဲ့ Mark II ကားရဲ့ ဘယ်ဘက်ခြမ်း စုတ်ပြတ်ပိန်ရှုံ့ပြီး တစ်ဖက်ကားအရှိန်ကြောင့် တစ်ခြမ်းစောင်း တိမ်းမှောက်သွားသည်။ အဆုံးစွန်ဆုံး နာကျင်မှု၊ ကြောက်ရွံ့မှုတို့ကြောင့် အသံဗလံတွေ ထွက်ပေါ်လာပြီးနောက်မှာ သူတို့ကမ္ဘာက အမှောင်အတိ ကျသွားတော့သည်။



www.burmeseclassic.com

# ( ၃၆ )

သော်သော်စစ်တို့ ကားမှောက်လို့ဆိုတဲ့ သတင်းက ခွန်း နားထဲကို ဗုံးတစ်လုံး လာခွဲလိုက်သလို ပြင်းထန်စွာ လာရိုက်ခတ်၏။ ခွန်း ရပ်နေတဲ့ မြေပြင်တစ်ခုလုံး ခွန်းရဲ့ကောင်းကင်တစ်ခုလုံး ပြိုကျသွားသလို ခံစားလိုက်ရသည်။

"သော်သော်စစ် ... သူ ... သူ ... အခြေအနေကောင်းရဲ့လားဟင်"

အရေးပေါ်ခန်းဆောင်က ခုံပေါ်မှာ ထိုင်နေကြတဲ့ သော်သော်စစ်ရဲ့မိသားစုဝင်တွေ ဖြစ်ဟန်တူသူတွေကို ခွန်းအမောတကော မေးမိပါသည်။ မျက်ရည်လည်ရွဲနှင့် သောကမီး တောက်





လောင်မှုကြောင့် ညှိုးနေတဲ့ မျက်နှာတွေကိုအတွေ့ ခွန်း ရင်နင့်ပြီး အသက်ဝဝတောင် မရှူနိုင်တော့။

"အခြေအနေ သိပ်မကောင်းဘူး ညီမလေး၊ အခြေအနေက fifty ... fifty ပဲရှိတယ် ပြောတယ်၊ operation လုပ်နေတုန်းမို့ ဝင်ကြည့်လို့ မရဘူး၊ သတင်းပဲ စောင့်နားထောင်ရမှာ"

"ဂျူးဂျူး ... ဂျူးဂျူးစံရောဟင်"

"သူ ဆုံးသွားရှာပြီ"

"ရှင်"

သော်သော့်အမေ ဖြစ်ဟန်တူသော အမျိုးသမီးကြီးက မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျနေသည်။ ဖြစ်မှဖြစ်ရလေ ဂျူးဂျူးရယ်၊ ဂျူးဂျူးရဲ့ပုံရိပ်တွေ ခွန်း မျက်ဝန်းမှာ မြင်ယောင်ရင်း ခွန်းလည်း မျက်ရည်ကျမိသည်။

ရုတ်တရက် ခွန်း တစ်စုံတစ်ယောက်ကို သတိရသွားသည်။ ဒေါ်ယုဇနေ ... ဟုတ်တယ်၊ သူ့ကို ခွန်း ရှာရမည်၊ သူ



www.burmeseclassic.com

www.burmeseclassic.com



နဲ့တွေ့ရင် သော်သော့်ကို ခွန်း ကယ်နိုင်မကယ်နိုင် သိရမည်။ သော်သော့်ကို ကုပေးခဲ့တယ်ဆိုတော့ ဒေါ်ယုဇနကို သူတို့မိသာစုဝင်တွေ သိကိုသိရမည်။

"မမ ... ဒေါ်ယုဇနကို သိလားဟင်"

"ဟင် ... ညီမလေးက ဒေါ်ယုဇနကို သိလို့လား"

"ဟုတ်ကဲ့ ... အခုအချိန်မှာ ခွန်းအတွက် အရမ်းအရေးကြီးနေလို့ပါ၊ မမ သိရင် သူ့လိပ်စာလေး ခွန်းကိုပြောပြပါ"

"ခွန်း ... ဟုတ်လား၊ ညီမလေး နာမည်က ..."

"ခွန်းချိုခပါ၊ သော်သော်နဲ့ ကုမ္ပဏီတစ်ခုတည်းမှာ အလုပ်လုပ်ပါတယ်၊ အရမ်းအရေးကြီးလို့ပါ၊ ခွန်းကို ပြောပြပေးပါနော်"

ဒေါ်နီလာတို့ သားအမိသုံးယောက်စလုံး ရူးမတတ်ခံစားနေရဟန်ရှိတဲ့ ခွန်းချိုခဆိုတဲ့ ကောင်မလေးကို ငေးကြည့်နေကြ၏။ "ခွန်းချိုခ"ဆိုတဲ့ ခ,သုံးလုံးနာမည်နဲ့ ကောင်မလေးကို





အခုအချိန်အထိ သူတို့ မှတ်မှတ်ရရ ရှိနေကြပါသည်။ သော်သော့်ရဲ့ရည်းစားဦး ကောင်မလေး အဖြစ်နဲ့ပေါ့။

"ဟုတ်တယ် မေမေ၊ သမီးလည်း အခုမှ သတိရတယ်၊ ဆရာမကြီးဆီသွားရင် ကောင်းလိမ့်မယ်၊ မငယ် ... နင် မေမေနဲ့နေခဲ့၊ လိုက်ခဲ့ ညီမလေး၊ အခုပဲ မမတို့သွားကြရအောင်"

ခွန်းနဲ့ မမကြီးတို့ ဆရာမကြီးအိမ်သို့ ရောက်လာကြသည်။ လမ်းတစ်လျှောက်လုံး မမကြီးက ဆရာမကြီးရဲ့ဟောပြောချက်ကိုပြောပြီး သူ့ မတားမိလို့ ဒီလိုတွေ ဖြစ်ရတာဆိုပြီး မျက်ရည်ကျတာမို့ ခွန်း မနည်းနှစ်သိမ့်လာခဲ့ရပါသည်။ အိပ်မက်တစ်ခုလို ခွန်းဆီ ရောက်လာခဲ့တဲ့ ဆရာမကြီးက အပြင်မှာ တကယ်ရှိနေခဲ့တာ၊ စဉ်းစားကြည့်ရင် အံ့သြစရာကြီးပါ။

အိမ်ဝမှာ ဆရာမကြီးကိုအတွေ့ ခွန်းရင်ထဲ ဒိတ်ခနဲ မြည်သွားသည်။ တကယ်ကိုပဲ ခွန်း အိပ်မက်မှာ မြင်တွေ့ခဲ့တဲ့ အမျိုးသမီးကြီးပဲ။



www.burmeseclassic.com

www.burmeseclassic.com



"လာကြ ... လာကြ"

ဆရာမကြီးအိမ်ထဲ ဝင်လိုက်တော့ အခန်းတွင်း အရောင်နဲ့ ရှင်းလင်းတဲ့ အထားအသိုကြောင့် ရင်ထဲ နည်းနည်း လင်းသွားသလိုပင်။ နံရံပေါ်က ပန်းချီကားချပ်တွေကို ခွန်းစိတ် ဝင်တစားနဲ့ လှမ်းအငေး ပန်းချီကားတစ်ချပ်မှာ ခွန်းအကြည့်တို့ ရပ်တန့်သွားသည်။

"ဒါ ... ဒါ"

"ဟုတ်တယ် ... ဒါ သမီးပုံလေ၊ ဆရာမကြီး ပြောခဲ့ပါ တယ်"

မမကြီးကတော့ ဘာမှမသိတာမို့ နဝေတိမ်တောင် နှင့် လိုက်ကြည့်နေသည်။ ပြီးမှ ...

"သော်သော် car accident ဖြစ်လို့ ဆေးရုံမှာပါ ဆရာမ ကြီး၊ ဟိုတစ်ခါ ကျွန်မနဲ့လိုက်လာတဲ့ ကောင်မလေးက တော့ ဆုံးရှာပြီ၊ ကျွန်မမောင်လေး ပြန်ကောင်းနိုင်ပါ့မ လား၊ ကူညီပါဦး ဆရာမကြီးရယ်"





ဒေါ်ယုဇနက သော်သော်စစ်အစ်မနဲ့ ခွန်းချိုခတို့ရဲ့ ပရိဒေဝတောက်လောင်ထားတဲ့ မျက်နှာတွေကို ကရုဏာသက်ဟန် ကြည့်ရင်း လေသံအေးနှင့် စကားဆိုသည်။

"သူ အသက်ရှင်မှာပါ၊ အဲဒီလောက် မစိုးရိမ်ကြပါနဲ့၊ ဆရာမကြီး သူ့ကို မေတ္တာပို့ပေးပါ့မယ်၊ သူ့ကံကလည်း ရှိသေးတယ်၊ ပြီးတော့ နှစ်ယောက်အင်အားနဲ့ မေတ္တာပို့ လွှတ်မှာဆိုတော့ သူ ပြန်ကောင်းလာမှာပါ"

"နှစ်ယောက်အင်အား ... ဟုတ်လား၊ နောက်တစ်ယောက် က ဘယ်သူလဲ"

မမကြီးရဲ့အမေးကို ဆရာမကြီးက မေးငေါ့ပြီး အဖြေပေးသည်။

"သူပဲ ဒေါက်တာ၊ ဒေါက်တာနားလည်အောင် ဆရာမကြီး အတိုချုံးပြီးတော့ပဲ ရှင်းပြပါ့မယ်"

ဆရာမကြီး ပြောစကားတွေကို ခေါင်းတဆတ်ဆတ် ညိတ်ပြီး နားထောင်နေတဲ့ မမကြီးမျက်နှာမှာ ခံစားချက်ရောင်



www.burmeseclassic.com

www.burmeseclassic.com



နဲ့တို့ ကွန့်မြူးနေ၏။ တစ်ချက် တစ်ချက်လည်း ခွန်းချိုခဆိုတဲ့ ကောင်မလေးကို လှမ်းလှမ်းကြည့်မိသည်။

ဒေါ်ယုဇနက စကားအဆုံးမှာ မမကြီးက အရာအားလုံးကို လုံးစေ့ပတ်စေ့ နားလည်သွားသည်။ ဒေါ်ယုဇနက ထိုင်ရာကထ,ပြီး ဝိတ်ဖြူအုပ်ထားတဲ့ အခန်းထောင့်က ပန်းချီကားတစ်ချပ်ကို လှပ်ပြလိုက်သည်။

"ဒီပန်းချီကားကို ကြည့်ပါ"

"ဟင်"

"အို"

ပန်းချီကားထဲမှာကောင်မလေးတစ်ယောက်။အတိုက်ခံထားရတဲ့ ကားပြတင်းပေါက်ကနေ ကိုယ်တစ်ပိုင်း အပြင်ကို ထွက်ကျလို့ သွေးချင်းချင်းရဲနေ၏။

"ဒေါက်တာနဲ့ သော်သော်စစ်ရဲ့ ကောင်မလေး ဒီကိုရောက်မလာခင်ညမှာ ဆရာမကြီး ဆွဲခဲ့တဲ့ပုံပေါ့။ သူ့မှာ ဥပဓေ္ဒကံပါလာတော့လည်း မတတ်နိုင်ဘူးပေါ့လေ။ သူရော သော်





သော်စစ်ပါ သူတို့နှစ်ယောက် ပေါင်းဖက်ဖို့ ကံမပါဘူးဆိုတဲ့ ဆရာမကြီးရဲ့ ဟောပြောချက်ကို မယုံခဲ့ကြဘူး"

ဒေါ်ယုဇနက ခွန်းချိုကို ဘယ်နည်းဘယ်ပုံ မေတ္တာပို့လွှတ်ဖို့အကြောင်း လမ်းညွှန်နေ၏။ မမကြီးကတော့ ဆရာမကြီးအိမ်ရဲ့ ပြတင်းပေါက်ကနေ ဝင်လာတဲ့ လေနုအေးထဲက ပန်းရနံ့တို့ကို ရှူရှိုက်ရင်း သော်သော်စစ် အတွက် ပူလောင်နေသော စိတ်အစဉ်တို့ တဖြည်းဖြည်းနဲ့ အရှိန်လျော့သွားသလို ခံစားလိုက်ရသည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၄၀

နှစ်ပတ်တိတိ ကြာမြင့်ပြီးနောက် သော်သော်စစ် သတိပြန်လည်လာခဲ့သည်။ အခု သူ စိုးရိမ်ရတဲ့ အခြေအနေ တစ်ခုကို အောင်မြင်စွာ လွန်မြောက်လာခဲ့ပါပြီ။

"သော်သော်"

ခပ်တိုးတိုး ခေါ်သံကြောင့် သော်သော်စစ် မျက်တောင်တွေကို အားယူပင့်ပြီး ကြည့်မိသည်။ အချိုမြိန်ဆုံး အပြုံးတွေနဲ့ ခွန်းကို သူ ခပ်ဝါးဝါး တွေ့လိုက်ရသည်။

"နေကောင်းတယ်နော်"

"အင်း ... ခွန်း၊ ခွန်းလာတာနဲ့ အတော်ပဲ၊ ဂျူးဂျူး ... သူ ရှိနေပါသေးတယ်နော်၊ သူ အခြေအနေ ကောင်းတယ် မဟုတ်လား"





လေသံယဲ့ယဲ့နဲ့ သူ့မေးသံကြောင့် ခွန်း မငိုမိအောင် မနည်းအားတင်းလိုက်ရသည်။ ဆရာဝန်ကြီးက သူ စိတ်ထိခိုက်မည်စိုး၍ ဂျူးဂျူးစံ ဆုံးသွားသည့်အကြောင်း လုံးဝမပြောရလို့ ပိတ်ပင်တားဆီးထား၏။

"အိမ်ကလူတွေ ပြောတာ မယုံလို့ပါ"

"သူရှိပါတယ် သော်သော်၊ ဟိုဘက်အခန်းထဲမှာ သူလည်း သော်သော့်လိုပဲ ဒဏ်ရာတွေရထားလို့ မထ,နိုင်ဘူးလေ"

"ဪ ... ဒါဆို တို့ စိတ်ချပါပြီ၊ တို့ မေ့နေတုန်းက ခွန်းကိုတွေ့တယ်၊ ခွန်း ဆုတောင်းနေတာ တို့တွေ့တယ်၊ တို့ မြင်နေရတယ်"

"ဟင် ... ဒါ တကယ်ပဲလား"

"ဟုတ်တယ်၊ တို့ကားမှောက်တော့ အရင်ဆုံး သတိရလိုက်တာက ခွန်းကို၊ ခွန်းသာရှိရင် ငါ့ကို ကယ်မှာပဲဆိုပြီး သတိရလိုက်တာ"

"သော်သော်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ပတ်တီးအဖွေးသားနဲ့ သော်သော့်ကိုကြည့်ရင်း ခွန်းထိန်းထားတဲ့ကြားထဲက မျက်ရည်ကျချင်လာသည်။

"ခွန်းသာ ရှိခဲ့ရင် သော်သော့်ကို ဒီလိုအဖြစ်မျိုး ဘယ်အရောက်ခံပါ့မလဲ သော်သော်ရယ်၊ နေရာချင်းလဲလို့ ရမယ်ဆိုတောင် ခွန်း လဲပါတယ်"

မျိုသိပ်တတ်တဲ့ ကောင်မလေးဆီက ဒီစကားတွေကြားရတော့ သော်သော်စစ် ကြေကြေကွဲကွဲ ခံစားလိုက်ရသည်။ တို့ကို အဲဒီလောက်ထိတောင်ပဲ ချစ်တာလား ခွန်းရယ်၊ မင်းရဲ့လေးနက်တဲ့အချစ်ကို တို့ သိခွင့်ရလိုက်တဲ့အချိန်မှာ အရာရာအားလုံး နောက်ကျသွားခဲ့ပြီလေ။ အဲဒီလိုပဲ တို့ရင်ထဲမှာ မင်းရှိနေသေးတာ သိလိုက်ရတဲ့အချိန်မှာ မင်းနဲ့ ဘယ်တော့မှ မဆုံစည်းနိုင်တော့မယ့် ဘဝတစ်ခုကို တို့မသွားမဖြစ် သွားရတော့မယ့်အခြေအနေ ရောက်နေခဲ့တယ်။

"နောက်ဘဝကျရင် ခွန်းနဲ့ ပြန်ဆုံချင်ပါသေးတယ်၊ တကယ်ဆုံချင်တာပါ ခွန်းရယ်၊ အဲဒီအခါကျမှ ခွန်း တို့အပေါ်မှာထားခဲ့တဲ့ မေတ္တာကြွေးတွေ တို့ပြန်ဆပ်ပါ့မယ်နော်"





"သော်သော်ရယ်"

ထိန်းချုပ်နိုင်စွမ်းအား မဲ့သွားပြီမို့ ခွန်း မျက်ရည်တွေက တာတမံကျိုးပေါက်သလို ထဝေါဝေါနဲ့ ပြိုကျလာခဲ့သည်။ ချစ်တဲ့ သော်သော်ရဲ့ ရင်ထဲမှာ သူမ ရှိနေသေးတာ သိခွင့်ရလိုက်ရှာပါ။

နောက်ဆုံးတော့ ကံကြမ္မာက သော်သော်စစ်ကို ခွန်းချိုခထံပါး အရောက်ပြန်ပို့ပေးခဲ့ပါသည်။

အကယ်၍များ သင်သာ တစ်စုံတစ်ယောက်နဲ့ ဖူးစာပါခဲ့မယ်ဆိုရင် ပင်လယ်ကြီးပဲခြားခြား တံတိုင်းကြီးပဲ ကာထားထား၊ ဘယ်လိုအထားအဆီးတွေပဲ ရှိနေပါစေ။ တစ်နေ့တော့ ပေါင်းဆုံရမှာပဲလေ။ အဲဒီတစ်ယောက်က သင်တကယ်ချစ်ရတဲ့သူ ဖြစ်ခဲ့မယ်ဆိုရင်တော့ ကံကောင်းသူစာရင်းထဲမှာ သင်က မှတ်တမ်းဝင်သွားမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တဲ့သူတိုင်း

ပေါင်းဖက်နိုင်ကြပါစေ

**အသင်**

(၁၇–၉–၁၃)

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ်–၅၉၊ ၁၉–လမ်း၊ လသာမြို့နယ်သို့
ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com